www.burmeseclassic.com

ယဥ်ကျေးမှုစာစဥ်

BURMESE CLASSIC .com



# ယဥ်ကျေးလိမ္မာစကားဝိုင်း

ထွန်းလွင်

(မှာလို့ပေးပါရစေ)

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော်တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအားဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့်အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်တည်ရှိရေး။

လူမှုရေးဦးတည်ချက် ၄ ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

မြတ်သူစံ (ဖါးခယ်မ)စီစဉ်သည်။



# ယဉ်ကျေးလိမ္မာစကားဝိုင်း

ထွန်းလွင်
(မဟာစရိယဘွဲ့အေ)

ပုတူတူးလေးစာအုပ်တိုက်
အာရုပလာဏ(ပထမထပ်) ၊ အခန်းအမှတ်(၁၅)၊ဥဂလမ်း(အထက်)
ကျောက်တံတားမြို့နယ်ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၀ ၁၂၃၂၅

www.burmeseclassic.com

www.burmeseclassic.com

တာဝန်ခံအယ်ဒီတာ
မြတ်သူစံ(ဝါးခယ်မ)
အယ်ဒီတာအဖွဲ့
စိုးစိုးနိုင် ထုတ်ဝေသူ
ဇော်ဝင်းနိုင် ဦးသန်းနိုင်(မြ-၀၃၉၄၄)
မှုဗိုဝ် ပုံနှိပ်သူ
ဦးသန်းနိုင် ဒေါ်အေးအေးခိုင်(မြ-၀၃၈၈၅)
ဥပဒေအကြံပေး စိန်ကြယ်ပုံနှိပ်တိုက်
ဒေါ်ဝင်းဝင်းခိုင် အမှတ်(၇၂)လမ်း၃၀၊
LL.B,D.C.S,C.B.L ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော် စာမူခွင့်ပြုချက်အမှတ်
ပန်းချီ-လင်းဝဏ္ဏ ၄၀၀၃၇၉၀၃၁၁
သရုပ်ဖော်ပညာရှင်များ မျက်နှာဖုံးခွင့်ပြုချက်အမှတ်
ပန်းချီ-လင်းဝဏ္ဏ ၄၀၀၅၄၄၀၅၁၁
အတွင်းဖလင်
ကိုမျိုးညွန့်(A7Group)
စာအုပ်ချုပ်
ပန်းဝေဝေ
ပုံနှိပ်ခြင်း
ဇွန်လိုင်လ ၊ ၂၀၁၁ ခုနှစ်
အုပ်ရေ-၅၀၀
တန်ဖိုး-၁၅၀၀ ကျပ်

၂၉၄-၃
ဦးထွန်းလွင်(မဟာစရိယ၊ဘီအေ)
မှတ်တွားလေး ယဉ်ကျေးလိမ္မာစကားဝိုင်း/ ဦးထွန်းလွင်(မဟာစရိယ၊ဘီအေ)။-ရန်ကုန်။
မှုတ္တတွားလေးစာပေ၊ ၂၀၁၁။
၁၉၈-စာ၊ ၁၀.၅ × ၁၆.၅ စင်တီ။
(၁) မှတ်တွားလေး၊ ယဉ်ကျေးလိမ္မာစကားဝိုင်း

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ဝဲတွားဦးချ ရှိခိုးတတ်ပါစေ | ၃ |
| ၂။ | ရဟန်းသံဃာနှင့် စကားပြောခြင်း | ၇ |
| ၃။ | လူကြီးသူမနှင့် စကားပြောခြင်း | ၁၁ |
| ၄။ | မိဘစကား နားထောင်ခြင်း | ၁၇ |
| ၅။ | အိမ်ရာဝင်ယဉ်ကျေးမှု | ၂၃ |
| ၆။ | စားသောက်မှုဆိုင်ရာ ယဉ်ကျေးမှု | ၃၁ |
| ၇။ | ကြမ်းနှင်းယဉ်ကျေးမှု | ၃၉ |
| ၈။ | မှသားရှောင်ခြင်း ယဉ်ကျေးမှု (၁) | ၄၇ |
| ၉။ | မှသားရှောင်ခြင်း ယဉ်ကျေးမှု (၂) | ၅၅ |
| ၁၀။ | မှသားရှောင်ခြင်း ယဉ်ကျေးမှု (၃) | ၆၁ |
| ၁၁။ | မှသားရှောင်ခြင်း ယဉ်ကျေးမှု (၄) | ၆၉ |
| ၁၂။ | မှသားရှောင်ခြင်း ယဉ်ကျေးမှု (၅) | ၇၇ |
| ၁၃။ | မှသားရှောင်ခြင်း ယဉ်ကျေးမှု (၆) | ၈၇ |
| ၁၄။ | လုံ့လရှိမှ ဗညာရ | ၉၁ |
| ၁၅။ | စိတ်ထားမှုယာ ယဉ်ကျေးပါ | ၉၇ |


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | ကိုယ့်ထက်သာက ကြည်ဖြူကြ | ၁၀၃ |
| ၁၇။ | အခွင့်ရှိမှ စားပါကြ | ၁၀၉ |
| ၁၈။ | အားနည်းတဲ့သူ ကူညီကြင်နာ | ၁၁၅ |
| ၁၉။ | စကားတုံ့ဆက် ဖက်၍မဆိုရာ | ၁၂၁ |
| ၂၀။ | အိမ်တွင်းအလုပ် ဝိုင်းကူလုပ်မည် | ၁၂၉ |
| ၂၁။ | သင်္ကြန်ရေစင် အေးပါစေ | ၁၃၅ |
| ၂၂။ | အချိုးမွမ်းခံ လူ့အဖိုးတန် | ၁၄၁ |
| ၂၃။ | အကျိုးလို၍ဆုံးမလျှင် ဦးထိပ်မှာပန်ဆင် | ၁၄၇ |
| ၂၄။ | သန့်ကောင်းကို ငယ်စဉ်ကမွေးမြူ | ၁၅၃ |
| ၂၅။ | မိတ်ဆွေချင်းချင်း မေတ္တာသွင်း | ၁၅၉ |
| ၂၆။ | မိုက်သောသူအား မပေါင်းသင်းရာ | ၁၆၇ |
| ၂၇။ | အချင်းချင်းလေးစား အချင်းချင်းနားလည် | ၁၇၅ |
| ၂၈။ | ကိုးကွယ်ဆည်းကပ်သင့်သော ပညာရှိဟူသည် | ၁၈၁ |
| ၂၉။ | မေတ္တာနှင့် နှိုင်းယှဉ်သည့် အတာရေသဘင်ပွဲ | ၁၈၇ |
| | ကုသိုလ်အလုပ်ဖြင့် မွေ့လျော်ပါစေ | ၁၉၃ |


## အမှာစကား

ကျွန်တော့် စာအုပ်နှင့် ပတ်သက်၍ စကားပြောရန် ကျွန်တော့်မှာ ဘာဝန်ရှိလာသည်။ သို့အတွက် ကျွန်တော်စကားအနည်းငယ်ပြောချင်ပါသည်။ အများကြီးပြောဖို့လည်း ကျွန်တော်မရည်ရွယ်ပါ။

ဤစာအုပ်ပါ အချက်အလက်များနှင့် စပ်၍စာအုပ်တစ်အုပ်ရေးဖို့ ကျွန်တော်ကြံရွယ် ထားသည်မှာအတော်ကြာပါပြီ။ ရေးဖြစ်တဲ့ အဆင့်ထိ ရောက်ကိုမရောက်နိုင်ခဲ့ပါ။မှန်ပါသည်။ တမင်လာကြီး ထိုင်ချပြီး ရေးဖို့ဆိုတာ တလည်း ကျွန်တော့်မှာ အချိန်မလုံလောက်ပါ။ ဟိုအရေးဒီအရေး၊ ဟိုကိစ္စ ဒီကိစ္စတွေနှင့် နေ့စဉ် ဝန်ပိနေသည်။

ကျွန်တော့ ကလေးငယ်များ အပါအဝင် ကျွန်တော် လက်လှမ်းမီ သိရှိသမျှ ကလေးငယ်တို့နှင့် မိဘစသူတို့ ဆက်ဆံသည့်အခါတိုင်း မချေမငံနှင့် အဆီအငေါ်မတဲ့ ပုံများ တွေ့ရသည့်အခါ လိုလိုမှာပင်-"ဒီအကြောင်းတွေ ငါ စာအုပ်တစ်အုပ် ရေးရရင် ကောင်းမှာပဲ"

ဟူသော အတွေးပေါက်လာခဲ့သည်။ အဆီအငေါ်မတဲ့ပုံတွေ တွေ့တိုင်းလည်း . . .

ဒါက . . ကလေးအမှားပဲ . . .။

ဒါက . . လူကြီးအမှားပဲ . . .။

စသည်ဖြင့် ကျွန်တော်ဆင်ခြင်သုံးသပ်လေ့ရှိပြီး စာအုပ်ရေးဖို့ဆီသာ အာရုံရောက်သည်၊ အထမမြောက်ခဲ့။သည်လိုနှင့်လုံးချာလိုက်နေစဉ် တစ်နေ့မှာ ဆရာမြတ်သူစံ ဆိုင်းခဆင့်ဘုံမဆင့်ဘဲ ကျွန်တော့ဆီပေါက်ချလာသည်။ သူ့မျက်နှာလေးကအမြဲလိုလို ပြုံးယောင်လေးယှက်သန်းနေတတ်သည်။ အခုလည်းပင်ကိုယ်ဟန်လေးမပျက် အပြုံးလက်လက်လေးနှင့် ကျွန်တော့် စားပွဲရှေ့မှာဝင်ထိုင်လိုက်သည်။

"ဘယ်လိုလည်းတိုယ့်လူ၊ လမ်းကြုံလို့လား။တမင်အလည်လာတာလား" ဟု ကျွန်တော်ကဆိုသည်။ထိုအခါသူက "အဲလိုလဲ မဟုတ်ရပါဘူးဆရာ. . . ဆရာ့ဆီကိုတမင်လာတာပါ" ဟုဆိုသဖြင့် " နို့ကိစ္စကကျွန်တော် ကလေးမရှင်း

ပုတူတူးလေး စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

စာအုပ် လစဉ်ထုတ်မလို့ပါ အားလုံးပြင်ဆင်ပြီးပါပြီ၊ အဲဒါဆရာ့ဆီကလဲ လစဉ်စာမူတစ်ပုဒ်တစ်ပုဒ်လိုချင်လို့ပါဟုဆိုသည်။

အဲဗျာ ကလေးမဂ္ဂဇင်း ဆိုတော့ သိတ်ကောင်းပဲ ဆရာ့အနေနဲ့ ကလေးနဲ့စပ်ရင် အထာညက်ပြီးသားပဲ။

"ကလေးငယ်တို့ရဲ့ အသိညာဏ်ကို ရင့်ကျက်လာအောင် ဆရာ ကောင်းကောင်း နိုင်ပါတယ်"

ဟု ကျွန်တော်က စကားရှည်ရှည်လေးပြောမိသည်။

"နို့ဆရာကကော စာမူရေးပေး မှာလား . . ."

"ဟာ . . ရေးရမှာပေါ့၊ ရေးကို ရေးချင်နေတာ . . ."

ဟု ကျွန်တော့်မှာ ဟန်ဆောင်လို့ပင် မနေနိုင်တော့ဘဲ ဝန်ခံ ကတိပြုလိုက်မိသည်။ မှန်ပါသည်နှစ်အတော်ကြာကြာလောက်ဆီကပင် 'ငါဒီအကြောင်းတွေ ရေးမယ်ရေးမယ် နဲ့သန္နိတည်နေတဲ့ အကြောင်း တ ကျွန်တော့မှာရှိနေပြီမဟုတ်လား။ ထို့နောက်ကျွန်တော်တို့ နှစ်ယောက် မျက်မှောက်ကလေးငယ်တို့နှင့် စပ်၍ ရိုးရာယဉ်ကျေးမှု ကွာဟလာပုံ သွန်သင်ဆုံးမရမည့် အပိုင်းကလည်း အားနည်းချက် အချိုးမျိုးရှိလာပုံ စသည်စသည်တို့ကို ဆွေးနွေးရင်း ဤစာအုပ်၏ အမည်ဖြစ်သော 'ယဉ်ကျေးလိမ္မာစကားဝိုင်း' ဆီသို့ ဦးတည်ရောက်ရှိခဲ့ပေသည်။

သို့ဖြင့် ကျွန်တော့်စာအုပ်သည် ရိုးရာယဉ်ကျေးမှုများ မပပျောက် သွားအောင် အဖက်ဖက်မှ ဆောက်ရွက်ပေးနေသော အခုလို အချိန်အခါ မျိုးတွင် တစ်ထောင့်တစ်နေရာမှ ဝင်ရောက်အားဖြည့်ပေး၍ သက်သတ် မျှသာ ဖြစ်ပါကြောင်း ကို ကျွန်တော် နှိုးသားစွာ ဝန်ခံလိုက်ပါသည်။

အားလုံးအပေါ် မေတ္တာထားလျက်

ဦးထွန်းလွင် (ဓမ္မာစရိယ-ဘီအေ)
အယ်ဒီတာချုပ်
ရတနာမွန်မဂ္ဂဇင်း ၊ ရတနာတံခွန်မဂ္ဂဇင်း

ပူတူတူးလေး စာအုပ်တိုက်




ကျေးဇူးမှတ်တမ်း

ဤစာအုပ်အား ပိုမိုပြန့်ပွားစေရန် ဖြန့်ချိပေးသော ကိုအောင်ကျော်ထူး (မြတ်ပန်းရဂုံစာပေ)၊ ကိုယ်ရေးစိတ်ပါဝိုင်းဝန်း ကူညီအကြံပေးသော သူငယ်ချင်းကိုမိုးညွန့် (စိတ်ကြိုက်စာပေ)နှင့် စာပေမိတ်ဆွေ သူငယ်ချင်းများ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြလိုက်ပါ သည်။ ■

မြတ်သုစံ(ပါးယံမ)

www.burmeseclassic.com

www.burmeseclassic.com



ဝတ်တွားဦးချ ရှိခိုးတတ်ပါစေ



# ဝတ်တွားဦးချ ရှိခိုးတတ်ပါစေ

ကျွန်တော် စာကြည့်နေခိုက် ကလေး လေး၊ ငါး၊ ခြောက်ယောက် ရောက်လာသည်။ သူတို့လာခြင်းမှာ ဗုဒ္ဓယဉ်ကျေးမှုသင်ရန်ဖြစ်သည်။ သို့နှင့် -

"ဟေး . . . မောင်သီလ၊ မင်းတို့က အများကြီးပဲကိုး"

ဟု မေးမိသည်။

"ဟုတ်တယ်ဘဘ၊ အမေက ထည့်ပေးလိုက်တာ။ အိမ်နီးပါးချင်းတွေပါ"



www.burmeseclassic.com

www.burmeseclassic.com



မောင်သီလက သွက်လက်စွာ ပြန်ဖြေသည်။

"အေး . . . ကောင်းတယ်။ ကောင်းတယ်။ တို့က ဗုဒ္ဓယဉ်ကျေးမှု ဆိုပေမယ့် စာအုပ်တွေဘာတွေ မလိုဘူးကွ။ ဒီအတိုင်း စကားပြောရင်း သင်မှာ။ ဗုဒ္ဓယဉ်ကျေးမှုစကားဝိုင်းပေါ့ကွာ"

"ဒါမျိုးဆို အကြိုက်ပဲ ဘဘ. . ."

"ဟုတ်တယ်နော်"

"ဟုတ်တယ် ဘဘ . . . သမီးတို့လည်း ကြိုက်တယ်"

"ကဲ. . . ကြိုက်ရင် အားလုံးလက်အုပ်ချီပြီး နမောတဿကို သုံးကြိမ်ရွတ်ကြ"

သူတို့အားလုံး နမောတဿ ဘုရားရှိခိုးကို သုံးကြိမ်ပြိုင်တူ ဆိုကြသည်။

"အဲဒါ . . . မင်းတို့ မှတ်ထား။ အလုပ်တစ်ခုခုလုပ်တော့မယ်ဆိုရင် အဲလို သုံးကြိမ်ဆို ရှိခိုး၊ အကျိုးက ဘေးကင်းမယ်၊ အလုပ်အောင်မြင်မယ်"

"ဟုတ်ကဲ့ပါဘဘ. . ."

"ကဲ. . . ဘဘကို ဦးသုံးကြိမ်ချဦး"

သူတို့အားလုံး ဦးသုံးကြိမ်ချကြပြန်သည်။ သို့သော် ဦးချပုံ ဦးချနည်း အဆီအငေါ်မတည့်သဖြင့် ကျွန်ုပ်တော်မှာ-





"ဟဲ့ . . . ဟဲ့. . ."

ဟု ဆိုမိသည်။ ထိုအခါ မောင်သီလက -

"ဘာမို့လဲ ဘဘ. . ."

"ဘာရမလဲ။ မင်းတို့ ဦးချပုံက ကိုးရိုးကားရားကြီးပဲ။ ဟို ကဏန်း (ပုစွန်) ခြေကျိုးပုံမျိုးကွ"

"ကဏန်းခြေကျိုးပုံက ဘယ်လိုလဲ ဘဘ"

"ဘယ်လိုရမလဲ။ မညီမညွတ်ရှိလို့ပေါ့။ ကဲ. . လိုက်ဆိုကြဦး"

"နဖူးဒူးလက်"

(နဖူးဒူးလက်)

"မြေပြင်ထက်ကျငြား"

(မြေပြင်ထက်ကျငြား)

"တည်ခြင်းငါး"

(တည်ခြင်းငါး)

"ဝပ်တွားချရမည်"

(ဝပ်တွားချရမည်)

"နောက်ထပ်ဆိုဦးမယ်"

သို့နှင့်ကျွန်တော်ကအခေါက်ခေါက်အခါခါရအောင်တိုင်သည်။ သူတို့က အသံကျယ်ကျယ်လိုက်ဆိုကြသည်။ အားလုံးရသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ မောင်သီလက ရှေ့တိုးပြီး ဆောင့်ကြောင့်ထိုင်၊ လက် အုပ်ချီစမ်း"

သူက ခိုင်းသလိုလုပ်သည်။ လက်အုပ်က မညီသေး။

"အေး . . . လက်အုပ်လေးက ညီအောင် ပူးကပ်မှပေါ့ ကြာဖူးလေးလိုလေ။ အဲ . . . ယုတ်ပြီ"

"မင့်ရဲ့ဒူးကို ကြမ်းပေါ်ချလိုက်ပြီး ခါးကို ရှေ့ထွက်ဆန့်ပြီး တံတောင်ဆစ်ကနေ လက်ဖဝါးအထိ ကြမ်းမှာထိထား"

မောင်သီလက ကျွန်တော်ပြောသည့်အတိုင်း လိုက်လုပ် သည်။ ပြားပြားဝပ်ဝပ် ရှိနေသည်။

"ကဲ . . . လက်ဖဝါးနှစ်ဖက်ကို နည်းနည်းခွဲလိုက်၊ အဲ လက်ဖဝါးနှစ်ဖက်ကြားထဲ မင့်နဖူးကို ကြမ်းနဲ့ထိအောင် ထားလိုက်"

"ဟုတ်ပြီကွ၊ အားလုံးမြင်လား"

"မြင်တယ် . . . ဘဘ"

"အေး မြင်ရင် အဲလိုပဲ လုပ်ကြမယ်။ မိန်းကလေးတွေ ပုဆစ်တုပ်လေး ထိုင်ပြီးလုပ်"

သူတို့ လိုက်လုပ်ကြသည်။ အားလုံးပဲ ပီပီပြင်ပြင် ရှိကြ သည်။

"ကဲ . . . ထိုင်တော့။ အဲဒီမှာ ဒူးနှစ်ဖက်ရော၊ လက်နှစ် ဖက်ရော၊ နဖူးရော ကြမ်းမှာ ထိနေတယ်။ ဒီပါးမျိုးထိအောင် ရှိခိုး ဦးချတာကို 'ပဉ္စပတိဋ္ဌိတ' ထိခြင်းငါးပါးနှင့်အညီ ရှိခိုးတယ်လို့ ခေါ်တယ်။ တည်ခြင်းငါးပါးလို့လည်း ခေါ်တယ်"

"အဲလို ရှိခိုးတာဟာ အမြတ်ဆုံး ရှိခိုးမှုပဲ။ ဒီပုံစံအတိုင်း ဇာစ်သက်လုံး ရှိခိုးသွားကြပေတော့။ ဒါဟာ ရှိခိုးပုံ ဗုဒ္ဓယဉ်ကျေးမှုပဲ"

"ဟုတ်ကဲ့ပါ ဘဘ . . . "

"ဒီလို ဦးချတတ်ရင်ပဲ မင်းတို့လေးတွေ တကယ့်ပညာရှိ သူတော်ကောင်းတွေရှေ့ကျရင် လက်ဖျားခါသွားလိမ့်မယ်။ တကယ့် သူတော်စင်လေးတွေလို့"

ကျွန်တော့်စကား ဆုံးသည့်အခါ ထိခြင်းငါးပါးနှင့် ကျွန်တော့်ကို ဦးချပြီး ပြန်သွားကြလေသည်။

အမှတ် (၁)၊ ဩဂုတ်လ၊ ၂၀၀၆ ခုနှစ်


□



ပူတူတူးလေး စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းသံဃာနှင့် စကားပြောခြင်း



# ရဟန်းသံဃာနှင့် စကားပြောခြင်း

ကျွန်တော်တို့ ဗုဒ္ဓယဉ်ကျေးမှုစကားဝိုင်း လှုံ့လောက်ပြီ ရှိသောအခါ မောင်သိလက . . .

“ဘဘ ကျွန်တော်တို့ ဒီကိုလာတော့ လမ်းမှာ ရွာလယ်ကျောင်း ဆရာတော်ကြီးနဲ့ တွေ့တယ်”

“ဟေ . . . တွေ့တော့ မင်းတို့က လက်အုပ်ချီ ရပ်မနေကြဘူးလား”

“ရပ်နေတာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ဒီလိုမှပေါ့။ နေရာက ထိုင်သင့်တဲ့နေရာဆိုရင် ထိုင်ပြီး လက်အုပ်ချီနေ၊ ရပ်နေရမယ့် နေရာမျိုးဆိုရင်လည်း မတ်ရပ်ကနေ လက်အုပ်ချီထားပေါ့။ ရဟန်းသံဃာ ကိုယ့်ကိုကျော်သွားမှ ကိုယ်က သွားရမှာ"

"ဟုတ်ကဲ့ . . . ဘဘ၊ အဲဒါ ဆရာတော်ကြီးက ယဉ်မေကို ကြည့်ပြီး . . ."

"နင် တောင်ပိုင်းက စံဘသမီးမဟုတ်လား"လို့ မေးတော့ ယဉ်မေက . . ."

"ဟုတ်တယ်ရှင့်လို့ ဖြေတယ်။ နောက်ပြီး ဆရာတော်က

"နင့်အဖေ ရှိလား"

လို့မေးတော့ "မရှိဘူး။ ခရီးသွားနေတယ်"လို့ ဖြေတယ်။

"ဟေ . . . ဒီခါတော့ ဆရာတော်ကြီးက ဘာပြောလဲ"

"ဘာမှမပြောဘူး။ ပြုံးပြီး . . . ကဲသွားကြတော့၊ သွားကြ တော့ဆိုပြီး . . . သူလည်း ဆက်သွားတယ်"

"ဒါ သူ့စိတ်ထဲ ဒီကလေးမ ရဟန်းသံဃာနဲ့ စကားမပြော တတ်သေးဘူးလို့ ထင်သွားမှာ"

"ဒီတော့ ရဟန်းသံဃာက 'စံဘ သမီးလား'လို့ မေးရ (ဟုတ်ပါဘုရား၊ မှန်ပါဘုရား၊ တင်ပါဘုရား) လို့ ပြောရတယ်ကွ



စကားပြောတိုင်း (ပါ)ဆိုတဲ့ စကားလုံးလေးကို အမြဲထည့်ပြော ရတာ။ မင်းတို့ လိုက်ဆိုကြစမ်း"

"တင်ပါ၊ မှန်ပါ၊ ဦးတင်ပါ၊ ပါတစ်လုံးကို သုံးပါတဲ့"

ကလေးများ လိုက်ဆိုကြသည်။

"တင်ပါ၊ မှန်ပါ၊ ဦးတင်ပါ၊ ပါတစ်လုံးကို သုံးပါ"တဲ့။

"အေး ဒါမှတ်ပြီး တစ်သက်လုံး သုံးကြပေတော့။ နောက် တစ်ခါ ရှိသေးတယ်။ မရှိရင်၊ မဟုတ်ရင်လည်း 'မရှိပါဘုရား၊ မဟုတ်ပါဘုရား'လို့ ပြောရတာ။ မရှိဘူးဆိုတာနဲ့ မရှိပါဘုရားလို့ ဆိုတာ ယဉ်ကျေးမှုမှာ ဘယ်လောက်ကွာသွားလဲ။ မရှိဘူး၊ မဟုတ်ဘူးလို့ ဖြေတာက နွားဆောင်သူရဲ့ နွားထဲမှာ ဆောင့်ဆောင့် အောင့်အောင့်ကြီးကို နေတာ။ ဟော မရှိပါဘုရား၊ မဟုတ်ပါ ဘုရား ဆိုတာက နွားထဲမှာ စိမ့်ခနဲ အေးခနဲကိုနေတာ"

"ကဲ . . . လိုက်ဆိုကြဦး"

"ဘူးတယ်ကိုဖျောက်၊ပါကို လျှောက်၊ လျှောက်တတ်စေ ကွယ့် တပည့်ရဲ့"

ကလေးများ လိုက်ဆိုကြပြန်သည်။

"ဘူးတယ်ကိုဖျောက်၊ ပါကိုလျှောက်၊ လျှောက်တတ်စေကွယ့် တပည့်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲ ဟုတ်ပြီ။ ဘုန်းကြီးနဲ့ပဲ ပြောပြော၊ လူကြီးမိဘတွေနဲ့ပဲ ပြောပြော။ မဟုတ်ဘူး၊ ဘာဘူးလို့ မသုံးရဘူး။ ဘူးကိုဖျောက်ပြီး မဟုတ်ပါ၊ မမှန်ပါ၊ မရှိပါနဲ့ စသဖြင့် ပါဆိုတဲ့စကားလုံးလေးကို လိမ္မာပါးနပ်စွာ သုံးပေတော့။ ဒီလိုပဲ (တယ်)ကိုလည်း ဟုတ်တယ်၊ ရှိတယ်နဲ့ စသဖြင့် မသုံးရဘူး။ ဟုတ်ပါတယ်၊ ရှိပါတယ်နဲ့ ပါလေးနဲ့ တွဲသုံး"

"ဟုတ်ကဲ့ . . . ဘဘ"

"ဒီလို ယဉ်ကျေးသိမ်မွေ့စွာနဲ့ လူ့အသိုင်းအဝိုင်းထဲမှာ နေတတ် ထိုင်တတ်၊ ပြောတတ် ဆိုတတ်ပါမှ မောင်တို့ မယ်တို့ကြီးပွားချမ်းသာကြမှာ။ လူရည်မွန်လေးတွေ ဖြစ်ကြမှာ။ စကားပြောတာ ရိုင်းစိုင်းရင် ကိုယ့်ဩဇာအာဏာလည်း မတည်ဘူး။ ယဉ်ယဉ်လေး ချိုချိုလေး ပြောတတ်မှ ကိုယ့်ပြောစကား အောင်မြင်မှာ။ အကျိုးရှိမှာ။ မှတ်ထားနော်"

"ဟုတ်ပဲ့ပါ ဘဘ"

အမှတ် (၂)၊ စက်တင်ဘာလ၊ ၂၀၀၆ ခုနှစ်

❑



## လူကြီးသူမနှင့် စကားပြောခြင်း

ကျွန်တော်နှင့် အိမ်နားက ကလေးငယ်များ ပျော်ပျော်ပါးပါးဖြင့် ယဉ်ကျေးမှုစကားဝိုင်းလေး လုပ်လာတာ အခုဆို သုံးပတ်မြောက်ပင် ရှိနေပြီ။

ကျွန်တော်တို့ဝိုင်းက ပိုက်ဆံပေးဖို့ မလို၊ လာချင်လာ၊ မလာချင်ရသည်၊ စိတ်မဆိုးစတမ်း ပြောချင်တာပြောလို့လည်း ရသည်။ အခုလည်း မောင်သီလတို့ လူသိုက် စီစီညံညံ ပျော်ပျော်ပါးပါးနှင့် အိမ်ပေါ် တက်လာကြသည်မို့ ကျွန်တော်က စာကြည့်နေရာမှ သူတို့



www.burmeseclassic.com

www.burmeseclassic.com



စကားဝိုင်းဆီကို ထွက်လာခဲ့သည်။

"အားလုံး . . . မင်္ဂလာပါကွာ"

"ဟုတ်ကဲ့ . . . မင်္ဂလာပါ . . . ဘဘ"

"ဟော့ . . . မယဉ်မေ မတွေ့ပါလား။ မောင်သီလ မင်းညီမ ကော . . ."

"ညီမလေး . . . ဒီနေ့မလာဘူးခင်ဗျာ"

"နေမကောင်းလို့လား"

"မဟုတ်ဘူး . . . ဘဘ၊ မနက်က မေမေက သူ့ကို ထမင်းအိုး တည်ခိုင်းတယ်လေ။ အဲဒါ သူက အပျင်းထူပြီး ပေကတ်ကတ် လုပ်နေတယ်။ ဒါနဲ့ အမေက ရိုက်မယ်လုပ်တော့၊ ဆောင့်ဆောင့် အောင့်အောင့်နဲ့ မီးဖိုထဲဝင်သွားပြီး ထမင်းအိုးကို ဂလုန် ဂလောင်နဲ့ လုပ်ရော၊ ဒီတွင် မေမေက . . ."

"အံမာ၊ နင်က ငါ့ မထီလေးစားလုပ်ရလား"ဆိုပြီး နောက် ကနေ သူ့ဇက်ပိုးကို နှစ်ချက်သုံးချက် အုပ်ထည့်လိုက်တယ်။ အဲဒါ စိတ်ကောက်ပြီး ထမင်းမစားဘဲ အခန်းထဲအောင်းနေတယ်။ ကျွန်တော်ခေါ်တာ ထူးတောင် မထူးဘူး"

"အေးကွာ။ ဒီကလေးမက သူကြည့်တော့ လိမ္မာပုံလေးနဲ့ ဟာ။ မိဘကို မထီလေးစား လုပ်ရတယ်လို့၊ မိဘခိုင်းတာကို ကြည်





ကြည်ဖြူဖြူနဲ့ လုပ်မှပေါ့။ ကိုယ့်မယ် ကူညီခွင့်ရတယ်ဆိုပြီး ဝမ်း တောင်သာရမှာ"

"ဟော့ . . . ဒါမင်းညီမက သူ့အမေကို ကာယကံမြောက် စော်ကားတာပဲကွ"

"အံမယ် ညီကြီးရယ်။ မင်းဟာက ပုဒ်မ မကြီးလွန်းဘူးလား"

"ဟုတ်တယ်လေ။ အမေကို မလုပ်ရဲလို့ အိုးခွက်သက်မဲ့ကို ဆောင့်ကြီးအောင့်ကြီး လုပ်ပြတဲ့ဟာ စော်ကားတာနဲ့ အတူတူပဲ ပေါ့။ ဒါ အမေကို အရွဲ့တိုက်တာ၊ မလေးမစား လုပ်တာပဲ"

"မင်းနှမက ငါရေ့ထားတဲ့ စာနဲ့ဆို ပြောင်းပြန်ပဲဟေ့"

"နို့ မင်းစာက . . ."

"ငါ့ စာကလား၊ အဟမ်း . . . အဟမ်း"

***"မထီမဲ့မြင်၊ ဖမီခင်၊ မင်းလျှင်မပြုနှင့်။ လူကြီးသူမ၊ ဆိုသမျှ မင်းက မလွန်နှင့်"*** တဲ့ကွ။

"ဒါ မင်းညီမက မအေကို တော်လှန် အန်တုပုံမျိုးပဲ"

"နို့ နေစမ်းပါဦး . . . ညီကြီးရ၊ ဒီစာကို မင်းဘယ်က ရထားတာလဲ"

"ကျွန်တော့်ဦးလေး ဘုန်းကြီး သင်ပေးထားတာ"

"ကောင်းလိုက်တာကွာ။ နောက် ရှိသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ် . . . ဘဘ'

"ခေါ်လျှင် မကြာ၊ ရှင်၊ ခင်ဗျား၊ ထိုက်ရာ ထူးဝါတွယ်"

"အင်း, ဗျို့, ဝူး, ဝေ, ဘာတုန်းဟေ, အေးဟေဟူ၍ မထူး နဲ့တဲ့"

"ရဟန်းသံဃာ ခေါ်တဲ့အခါ ထူးပါ အရှင်ဘုရား"

"ဟား . . . ဟား၊ ညီကြီး . . . ညီကြီး ဒီအပိုဒ်ကတော့ မင်းနဲ့အံကိုက်ပဲ"

"ဘာ အံကိုက်တာလဲ မောင်သီလရ"

"ဒီလိုပါဘဘ၊ တစ်နေ့က ကျွန်တော်တို့ ကစားနေကြတယ်။ ညီကြီးလည်း ပါတယ်။ အဲဒါ သူ့အမေ ဒေါ်ကြီးအေးက . . ."

"ညီကြီးရေ . . . ညီကြီးရေ"လို့ ခေါ်တော့ ညီကြီးက "ဘာတုန်း၊ ဒီမယ် ကစားနေတယ်"တဲ့ဟ။ အဲဒါ "ဘာတုန်းဟေ" နဲ့ မကိုက်ဘူးလား"

"အေး . . . အေး၊ ဘွာတေးကွာ၊ ဒီတုန်းက ငါမှားသွားတယ်။ ကစားရင်း တန်းလန်းဆိုတော့ စာမေ့သွားလို့ကွ"

"အံ့ပါ့ . . . ညီကြီးရယ်။ စာများ မေ့ရတယ်လို့၊ နို့ . . . ဒါမျိုးက မင်းကို စာပြန်ခိုင်းတာမှ မဟုတ်တာ။ ဒီစာထဲကဆိုထားသလို ကျင့်ရမှာကွ"





"မင်းစာတွေကလည်း ကောင်းလိုက်တာ၊ ထိလိုက်တာကွာ။ မိဘကဖြစ်ဖြစ်၊ ဆရာသမားတို့၊ ကိုယ့်ထက်ကြီးသူတို့က ဖြစ်ဖြစ် ကိုယ့်ကိုခေါ်တဲ့အခါ ရိုင်းရိုင်းစိုင်းစိုင်း ပြန်မထူးရဘူးတဲ့"

"အဲ . . . မင်းတို့ပြောစမ်း 'ဝူး'လို့ ထူးရမလား"

"မထူးရပါ"

"ဝေ . . . လို့ကောကွာ"

"မထူးရပါ"

"ဟေ . . . လို့ရောကွာ"

"မထူးရပါ"

"ဗျို့တို့၊ ဘာတုန်းတို့ရော . . ."

"မထူးရပါ"

"အေး . . . ရှင်တို့၊ ဗျာတို့ ထူးရမျာ။ ရဟန်းသံဃာက ခေါ်ရင်လည်း 'အရှင်ဘုရား'လို့ ထူးရမှာနော်"

"ဟုတ်ကဲ့ပါ . . . ဘဘ"

"အေး . . . လူကြီးသူမနဲ့ ဆက်ဆံရင် ကိုယ်အမူအရာလည်း ယဉ်ရမယ်။ နှုတ်ထွက်စကားလည်း ယဉ်ရမယ်။ ဒါမှ လူကြီးသူမရဲ့ မေတ္တာစာတ်ကို မင်းတို့ ရကြမှာ။ ဒါကြောင့်မို့ အပြောအဆိုရော၊ အနေအထိုင်ရော ယဉ်ကျေးသိမ်မွေ့စွာနဲ့ ဆက်ဆံကြပါလို့ ဘဘ



www.burmeseclassic.com

www.burmeseclassic.com



မှာချင်တယ်"

'ဟုတ်ကဲ့ပါ . . . ဘဘ"

ကလေးများအသံက ရင်ကို အေးမြသွားစေတော့သည်။

အမှတ် (၃)၊ အောက်တိုဘာလ၊ ၂၀၀၆ ခုနှစ်

❑



## မိဘစကား နားထောင်ခြင်း

မောင်သီလတို့ မရောက်လာသေးခင် ကျွန်တော်က သူတို့ထိုင်နေကျနေရာက ထွက်စောင့်နေသည်။ မကြာပါ၊ သူတို့ရောက်လာကြသည်။ သို့သော် ချိုမာမည်သော မိန်းကလေး၏ မျက်နှာက မကြည်သာ သုန်သုန်မှုန်မှုန်နှင့် ရှိနေသည်။ သို့ဖြင့်မောင်သီလအား မေးကြည့်ရသည်။

"မောင်သီလ ချိုမာ ဘာဖြစ်လာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါ ဘဘ၊ မေးလို့လဲ မပြောဘူး"

"ငါသိတယ်ကွ၊ 'သူ့မျက်လုံးမှာ မျက်ရည်စတွေနဲ့'ဆိုတာကို ပြောတာလား"

"အေး . . ဟုတ်တယ်"

"ဒါ . . . သူ့အမေ အကြီးစော ယောက်မနဲ့ နှက်ထည့်လိုက်တာ"

"ဟေ . . . ဘာမို့လဲ"

"ဒီလိုကွ၊ ငါ သူ့ကို ဒီလာဖို့ သွားခေါ်တော့ အကြီးစောက ညည့်သည်အမျိုးသမီးတစ်ဦးနဲ့ စကားပြောနေတယ်။ ဒီတွင် ထမင်းအိုးကြီးက ဝေကျပြီး ရှဲရှဲ၊ ရှဲရှဲနဲ့ မြည်ရော။ အကြီးစောက . . .

"ဟောတော့ . . . ချိုမာ ဘယ်သွားလဲ၊ ထမင်းအိုးကြည့်လိုက်ပါဆိုမှ တယ်ခက်ကိုး"ဆိုပြီး ကမန်းကတန်းကြီး ထမင်းအိုးကို သွားလုပ်ရှာတယ်။ ဒီတွင် ချိုမာကလဲ ဝိုင်းစိန်နဲ့ ဖန်ခုန်တမ်းကစားနေရာမှ ရေသောက်မလို့ ပြန်တက်အလာနဲ့ ဆုံတော့ အကြီးစောက . . .

"ဟဲ့ . . . ထမင်းအိုးကြည့်ပါဆိုမှ နင် ဘာလုပ်နေလဲ"လို့ ပြောတော့ ချိုမာက . . .

"ကြားမှမကြားတာ"လို့ ပြန်ပက်တယ်။



ဒီတွင် ဟိုက ဒေါသထွက်ပြီး ယောက်မနဲ့ ဒေါက် ဒေါက် . . . ဆို နှက်ထည့်လိုက်တာ၊ အဲဒါ သူမျက်ရည်ကျလာတာပဲ"

"ဒါဆို ချိုမာရဲ့အမှားပဲ။ တို့မေမေက တို့မောင်နှမကို ပြောထားတယ်။ အိမ်ကိုညည့်သည်လာရင် သူတို့မရှိက ယဉ်ယဉ်ကျေးကျေးနဲ့ ညည့်ခံထားတဲ့။ သူတို့ရှိရင် မလိုဘူး။ နို့ပေမယ့် အနားမှာနေ၊ ခိုင်းစရာရှိရင် ခိုင်းရမှာ၊ ငြိမ်ငြိမ်ထိုင်ပြီး ဣန္ဒြေရရနေ၊ လက်ဆော့ခြေဆော့မလုပ်နဲ့တဲ့။ ဟိုဟာစားမယ်၊ ဒီဟာစားမယ် မပူဆာရဘူးတဲ့။ ညည့်သည်က ကျွေးလည်း မစားရဘူးတဲ့။ လုပ်စရာမရှိလို့ 'သွား'ဆိုတာတောင် အဝေးကြီးမသွားရဘူး။ ခေါ်ရင် ရအောင် အနီးအနားမှာတင် ကစားနေတဲ့ကွ။ အဝေးသွားကစားမယ်ဆိုရင် ပြောသွားတဲ့လေ"

"ဒါဆိုရင် ချိုမာ စည်းလွတ်သွားတာကိုး"

"ဟော့ . . . မောင်ညိုကြီးရဲ့ မင်းဦးလေး ဘုန်းကြီးစာကောဒါမျိုး ပါသေးလား"

"ပါ ပါတယ် ဘဘ"

"ညည့်ပရိသတ်များ ရှိခဲ့ငြား၊
တခြားမှာကွယ် မနေနဲ့"တဲ့။



www.burmeseclassic.com

www.burmeseclassic.com



*"တို့ဆိတ်ကာကွယ် ဆော့ကျီစယ်၊*

*မြေဝယ်ခြစ်ကုတ် မနေနဲ့"တဲ့။*

"ကောင်းကွာ ထိကွာ၊ ဘဘတို့ငယ်ငယ်ကလည်း ဒါမျိုးရတယ်။ စာအတိုင်း လိုက်နာတာပဲ။ ဆုံးမစာက ရှင်မဟာသီလဝံသဆုံးမစာကွယ့်။ ဟော . . ."

*"အမှုနည်းများ ခန့်ထားရှိသော်၊*

*တစ်ခွန်းခေါ်က၊ ကြားသော်ခဏ၊*

*ချဉ်းကပ်ကြ"*တဲ့လေ။ ဘယ်လောက်ကောင်းလဲ"

"အေး . . . မိဘတွေကို ရိုသေကြ၊ ပြောစကား ဆိုစကား နားထောင်ကြ။ ဒါမှ တစ်နေ့ ကြီးပွားကြမှာ။ ရှင်ရာဟုလာကြည့်၊ ဘယ်လောက် လိမ္မာလဲလို့"

"တို့ဘုရားရှင် ဘုရားဖြစ်ပြီးတော့ ကပိလဝတ်နန်းကို ပထမဦးဆုံးအခေါက် ကြွလာတုန်းကပေါ့ . . . ရာဟုလာရဲ့မယ်တော် မိဖုရားခေါင်ကြီး ယသောဓရာဒေဝီက ရတဲ့အခွင့်အရေးကို လက်မလွှတ်ရှာဘူး။ ဒါက သူ့အတွက် မဟုတ်ဘူး၊ သားလေးအတွက် အမွေတောင်းခိုင်းတာလေ"

"သား . . . ဟိုမှာ သံဃာ့အခြံအရံကြီးနဲ့ ထိုင်နေတဲ့ ဗုဒ္ဓမြတ်စွာဟာ မောင့်ခမည်းတော်ပဲ။ သူ့မှာ ရွှေအိုးကြီးလေးလုံးရှိ





တယ်။ အဲဒါ သား သွားတောင်း"လို့ ခိုင်းတော့ . . .

"ဟာ . . . မယ်တော်ကလည်း သား သွားမတောင်းရဲပါဘူး လို့"လဲ မငြင်းဘူး။ သွားတောင်းရှာတယ်။ အဲဒါ ဗုဒ္ဓက ရွှေအိုးမပေးဘဲ ကိုရင်ဝတ်ပေးဖို့ ပြောတော့လည်း . . .

"ခမည်းတော်ရယ် သား မဝတ်ပါရစေနဲ့။ မယ်မယ်နဲ့ သား မခွဲနိုင်ပါဘူး။ မယ်မယ် တစ်ယောက်တည်း နန်းတော်မှာ ချန်မထားရက်ပါဘူး"လို့လည်း မပြောရှာဘူး။ အဲလို အမိစကားလည်းနားထောင်၊ အဖစကားလည်း နားထောင်တာ။ ဒါကြောင့်မို့လဲ တစ်နေ့ကျတော့ ရဟန္တာဆိုတဲ့ အထွတ်အထိပ်ကို ရောက်သွားတာ"

"အေး . . ရှင်ရာဟုလာက သူ့မယ်တော်ကြီးကို ဘယ်အထိ ဂရုစိုက်တယ်ဆိုတာကို နောက်အပတ်ကျမှ ပြောပြမယ်။ အခုတော့ တော်ကြဦးစို့ကွယ်"

"သားတို့ အစောကြီးလာမယ်၊ မင်္ဂလာနော် ဘဘ . . ."

"အေး . . . အေး . . ."

အမှတ် (၄)၊ နိုဝင်ဘာလ၊ ၂၀၀၆ ခုနှစ်

□



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာဝင် ယဉ်ကျေးမှု



# အိပ်ရာဝင်ယဉ်ကျေးမှု

ယနေ့ စကားဝိုင်းရှိသဖြင့် ကျွန်တော်ဘယ်ကိုမှ မသွား၊ အပေါ်ထပ်တွင် စာကြည့်နေရင်းမှ ကလေးတွေကို မျှော်နေမိသည်။ မကြာပါချေ။ အောက်ထပ်၌ ကျွက်စီကျွက်စီနှင့် စကားပြောသံကြားစပြုလာသည်။

"ဟဲ့ . . . သီလ၊ နင့်ညီမ ယဉ်မေကော . . ."

"မလာဘူး . . . မမခင်စိန်၊ ညက မေမေ ချွေးအားနည်း



www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုလား၊ အဲဒါ မူးလဲသွားလို့ ညီမလေး စောင့်နေတယ် . . ."

"အင်း . . . ယဉ်မမတော့ ဒီနေ့ ကုသိုလ်တွေ သိပ်ရပေါ့ အနားကနေ ထွေးခံပေးလိုက်၊ ဆေးပေးလိုက်၊ ဆီးခွက်လေး သွန် လိုက်၊ ဆေးတိုက်လိုက်နဲ့ဟာ။ နောက်ပြီးညောင်းမယ်ညာမယ်ဆိုရင် ခြေသလုံးသားလေးတွေ နင်းပေးနှိပ်ပေးနဲ့ဟာ ကုသိုလ်ချည်းပေါ့ ပျင်းတောင် မပျင်းအားဘူး သိလား . . ."

"အံမာ . . . ခင်စိန်မက ပြောတတ်လိုက်တာ တွတ်တွတ် ထိုးပဲ။ ဒါ နင့်ဘယ်သူ သင်လို့တုန်း . . ."

"ဟဲ့ . . . ဘယ်သူရှိမတုန်း၊ ငါ့အဘွားပေါ့၊ ညဆို တတွတ် တွတ်နဲ့ သိလား၊ တို့က ညအိပ်တာတောင် မိဘဘိုးဘွားတွေ ဦးချရှိခိုးပြီးမှ အိပ်တာ သိလား၊ နင့်လိုမှတ်လို့လား ငအောင်ဘ ရဲ့ . . ."

"မမခင်စိန် အဲဒါ ကျွန်တော်တို့ လူမျိုးတွေရဲ့ အိပ်ရာဝ ယဉ်ကျေးမှုပဲ၊ လုပ်ရမယ်လေ၊ လုပ်ကို လုပ်ကြရမှာ။ ဒါ မပျော စေရဘူး။ နို့ . . . အစ်ကို အောင်ဘုကကော"

"ဟဲ . . . ဟဲ ငါလား၊ ဒီအတိုင်း ထိုးအိပ်တာပဲ။ ဘယ်သ မှ ရှိမခိုးပေါင်၊ တော်ကြာ 'ခေါခေါ'နဲ့ သမွန်ခတ်နေရော . . ."

"ကြိုက်ပြီ . . . မောင်အောင်ဘု၊ဘဘကဒါမျိုးမှကြိုက် တာ





"ဟင် . . . ဘဘကလည်း ရှိမခိုးတဲ့ ဟာကိုများ"

"ငါဆိုလိုတာက သူ ရှိမခိုးတာကို မဟုတ်ဘူး။ သူ ရှိမခိုး တာကို ရှိမခိုးပါဘူးလို့ အမှန်အတိုင်း ဝန်ခံရတဲ့ သတ္တိကိုပြောတာ၊ ဟော့ဒီမှာ ကိုယ့်အမှားကို မှားပါတယ်လို့ ဝန်ခံရဲသူကိုမှ သတ္တိရှိသူ ရယ်လို့ ခေါ်ရတာ၊ ဒါဟာ သူတော်ကောင်းလမ်းစဉ်ပဲ၊ အောင်ဘု ကြည့်လေ မလိမ်ဘူး၊ မညာဘူး၊မုသားမပြောဘူး။ အဲလိုမှပေါ့၊ ဒါ . . . သူ မသိသေးလို့၊ အခု သိပြီ။ သူ ရှိခိုးတော့မှာပေါ့"

"ဟုတ်ပါတယ် ဘဘ၊ သား ဒီညက စပြီး ရှိခိုးအိပ်တော့ မှာ . . .'

"သာဓုကွာ၊ သာဓု . . . သာဓု"

"ဒါနဲ့ ဘဘ ဟိုအပတ်က ကိုရင်ရာဟု လာတို့အကြောင်း ပြောမယ်ဆို . . ."

"အေး . . . ဟုတ်သားပဲ။ ဒီလိုကွ ဖိဖူရားခေါင်ကြီး ယသော ဓရာဒေဝီက ဘိက္ခုနီမ အဝတ်နဲ့ ဘိက္ခုနီမကျောင်းမှာ နေတယ်။ ကိုရင်ရာဟုလာက ဇေတဝန်မှာ ဦးဇင်းတွေနဲ့နေတာ၊ အဲဒါ ကိုရင်က သူ့မယ်တော်ကျောင်းကို သွားသွားပြီး သူ့မယ်တော်နဲ့ တွေ့လေ့ရှိတယ်"

"သူတို့သားအမိက ကွဲကွာနေတာ ကြာပြီ။ ရာဟုလာ ခုနစ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်သား ကတည်းက ကိုရင်ဝတ်သွားတာဆိုတော့ ဘယ်တွေ့ရမလဲ။ ယသောဓရာဒေဝီမှာ တလွမ်းလွမ်း၊ တဆွေးဆွေးနဲ့ နေရရှာတာ၊ အခုတော့ ဗုဒ္ဓလည်း ဖူးရ၊ သားလည်း တွေ့ရဆိုပြီး ဝတ်နေတာ"

"အဲ . . . ဆိုပါတော့ တစ်နေ့မှာတော့ ကိုရင်က သူ့မယ်တော်ကို သွားတွေ့တော့ ညောင်ခန်းမှာ သူ့မယ်တော်ကို ခါတိုင်းလို မတွေ့တာနဲ့ မေးရှာတယ်"

"မယ်တော်ကြီးကော"လို့ပေါ့။ ဒီတော့ ဘိက္ခုနီမတွေက 'ကိုရင်ရာဟုလာ၊ ကိုရင့်မယ်တော် အခန်းထဲမှာ ရှိပါတယ်။ နေထိုင်မကောင်းလို့ပါ"လို့ ပြောကြတယ်။ ဒီတော့ ကိုရင်လေး ထူပူသွားတာပေါ့။ သူတို့မှာက အပြေးအလွှားရေမှ ဒီသားအမိနှစ်ယောက်တည်း ရှိတာ။

"နို့ . . . သူ့ဖခင် ဗုဒ္ဓကော"

"ဗုဒ္ဓ ရှိပါတယ်။ မောင်အောင်ဘု၊ ဇေတဝန်က ဂန္ဓကုဋိကျောင်းမှာပါ"

"ဒါဆို ကိုရင်က ပြေးမခေါ်ဘူးလား။ ကျွန်တော်သာဆိုရင် 'အဖေရေ . . . အမေ နေမကောင်းလို့တဲ့"လို့ ပြေးခေါ်မှာ"

"ကိုရင်ရာဟုလာက မခေါ်ဘူး၊ အလွန်အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ပဲဟာ ခေါ်လို့ သင့်မသင့်ဆိုတာ သူ နားလည်တယ်လေ



ဒီတော့ သူ့မယ်တော်အခန်းထဲကို ဝင်သွားတာပေါ့။ မယ်တော်ကြီးခမျာ တအင့်အင့်နဲ့ကို ဝေဒနာခံနေရရှာတယ်။ ဒီတော့ . . .

"ဟင် . . . မယ်ဖုရား . . . ဘယ်လိုဖြစ်တာလဲ"လို့ စိုးရိမ်သံလေးနဲ့ မေးတယ်။ "သားတော်ရယ် မယ်ဖုရား လေနာထနေလို့ပါ"လို့ အသံယဲ့ယဲ့နဲ့ ဖြေရှာတယ်။

အရင်က မယ်မယ့်ရောဂါ ဘာနဲ့သက်သာသလဲ မယ်တော်လို့ ထပ်မေးတော့ "သားတော်ရယ် အရင်ကတော့ ကပိလဝတ်နန်းတော်မှာ မဟုတ်လား။ ဒီထုန်းကဖြင့် သကြားသကာတို့နဲ့ ဖျော်တဲ့ သရက်သီးမှည့်ဖျော်ရည်လေး သောက်ရတာနဲ့ မယ်မယ့်ရောဂါငြိမ်းသွားရော၊ အခုတော့ သားတော်လည်း အသိပဲဟာ ဆွမ်းခံစားနေရတော့ ဘယ်လို ရနိုင်မှာလဲ"လို့ သူ့ မယ်တော်ကြီးက ပြောရှာတယ်။ ဒီတော့ ကိုရင်ရာဟုလာ တွေသွားတာပေါ့။ သူ့မှာလည်း ဆွမ်းခံစားနေရတဲ့ဘဝ မဟုတ်လား . . .

"ဒီတော့ သူ့မယ်တော်ကို ဘာပြောလဲ သိလား။ ကိုရင်မှာလို့ရရင် လာပို့မယ်နော်"လို့ နှစ်သိမ့်ခဲ့ပြီး အခန်းထဲက ထွက်ခဲ့တယ်"

"ဒီမှာကြည့် အမေကလည်း ဘဝအခြေအနေအရ သားကို ခိုင်းသင့်လို့ မခိုင်းဘူး။ သားကလည်း မခိုင်းပေမယ့် သူ့ရဲ့ တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ နားလည်ပြီးသား ဖြစ်နေတယ်။ ဒါဟာ မိဘနဲ့ သားသမီး ဆက်သွယ်ရေးရဲ့ ပြေလည်မှု သော့ချက်ပဲ။ အချင်းချင်း အရာရာကို နားလည်နေရမယ်လေ"

"ဘဘ . . . ကိုရင်ရာဟုလာ ဗုဒ္ဓဆီသွားတာလား"

"မသွားဘူး၊ တောင်းလည်း မတောင်းဘူး။ တောင်းရင် တိတ္ထိတွေ ကြားသိသွားပြီး ဗုဒ္ဓရဲ့ ဂုဏ်တော်ကို စော်ကားကြမှာ။ ကြည့် . . . ဒါ ဘုရားတဲ့လားကွ၊ မယားလေး နေထိုင်မကောင်းတော့ ပျာလောင်ကို ခတ်ရော ဘာရောနဲ့ လုပ်မှာ၊ ကိုရင်ရာဟုလာက သူကြောင့် သူ့ဖခင် ဂုဏ်သိက္ခာကို ဘယ်အထိခံမလဲ"

"ဒါကို မင်းတို့ စံယူထားကြ။ ကိုယ့်အတွက်နဲ့ ကိုယ့်မိဘ ဂုဏ်သိက္ခာ မထိခိုက်စေနဲ့။ လုပ်လည်း မလုပ်နဲ့"

"ဟုတ်ကဲ့ပါ . . . ဘဘ"

"ကိုရင်မှာ သွားစရာဆိုလို့ သူ့ဘထွေးတော် အရှင်အာနန္ဒာလည်း ရှိတယ်။ သရဏဂုံဆရာ အရှင်မောဂ္ဂလာန်လည်း ရှိတာပဲ။ နို့ပေမယ့် သူမသွားဘူး။ သူသွားတာက သူ့ ဥပဇ္ဈာယ်ဆရာဖြစ်တဲ့ အရှင်သာရိပုတ္တရာဆီကို။ အရှင်မြတ်ကြီးက ကိုရင်ရာဟုလာကိုလည်း မြင်ရော . . .

"ဟင် . . . ရာဟုလာ မျက်စိမလှ၊ မျက်နှာမလှနဲ့ဟာ ဘာ





ဖြစ်လို့လာတာတုန်း"လို့ မေးရော၊ မေးတော့ ကိုရင်ရာဟုလာက "အရှင်ဘုရား မယ်တော်ကြီး လေနာထနေရှာပါတယ်"လို့ ဖြေတယ်။ "ဒါဆိုရင် ဘာနဲ့ သက်သာမလဲ"လို့ မေးပြန်ရော၊ ဒီတော့ ကိုရင်က "သကြားသကာတို့နဲ့ ဖျော်တဲ့ သရက်သီးမှည့်ဖျော်ရည်ပါတဲ့ဘုရား" လို့ လျှောက်ထားတယ်။

ဒီတော့ အရှင်မြတ်ကြီးက ဒါဆိုရင် ကိုရင် စိတ်အေးအေး နေလို့ အမိန့်ရှိပြီး နောက်မနက်မှာ ကိုရင်ကိုခေါ်ပြီး သာဝတ္ထိမြို့တွင်းဝင်၊ ကိုရင်ကို ဆွမ်းစားဇရပ်ပေါ်မှာ စောင့်ခိုင်းပြီး သူက ကောသလမင်းကြီးနန်းတော်ကို ကြွတော်မူတယ်။

"တံတရေးများ အလွန်ဆန်း၊ အလွန်အံ့စရာကွာ၊ အရှင်မြတ် မင်းကြီးအိမ်ရောက်လို့ ထိုင်ခါရှိသေး ဥယျာဉ်စောင့်က မင်းကြီးအား သရက်သီးမှည့်တောင်းတစ်တောင်း ဆက်သလာတယ်။ ဒီတွင် မင်းကြီးမှာ ဝမ်းသာလွန်းလို့ သရက်သီးတွေကို ကိုယ်တော်တိုင် အခွံနွှာပြီး သကြားသကာတို့နဲ့ ဖျော်ရည်ဖျော်ကာ အရှင်မြတ်အား သပိတ်နဲ့အပြည့် ကပ်လှူလိုက်တယ်"

"အရှင်မြတ်ကလည်း သပိတ်လည်း အကပ်ခံပြီးရော ချက်ချင်းပြန်ကြွကာ ကိုရင်ရာဟုလာအား ပေးတယ်။ ကိုရင်က သူ့မယ်တော်ကြီးကို သွားပေးတော့ သူ့မယ်တော်ကြီးမှာ သရက်သီး



www.burmeseclassic.com

www.burmeseclassic.com



ဖျော်ရည်လေး သောက်လိုက်ရရင်ပဲ သူမရဲ့ လေနာရောဂါငြိမ်းသွားရှာသတဲ့"

"ဒါဟာ သား လိမ္မာတော့ မိခင်ကြီး ချမ်းသာမသွားပေးဘူးလား"

"ချမ်းသာသွားပါတယ် . . . ဘဘ"

"အေ . . . အေး မင်းတို့လည်း မိဘတွေအပေါ် လိမ္မာကြစမ်းပါကွာ . . ."

"ဟုတ်ကဲ့ . . . ဘဘ . . ."

စကားအဆုံးမှာ ကျွန်တော့်ကို နှုတ်ဆက်ပြီး ပြန်သွားကြသော ကလေးများကိုကြည့်ရင်း ပေါ့ပါးလန်းဆန်းကာ နေသာထိုင်သာ ရှိလာပါတော့သည်။

အမှတ် (၅)၊ ဒီဇင်ဘာလ၊ ၂၀၀၆ ခုနှစ်

□



## စားသောက်မှုဆိုင်ရာ ယဉ်ကျေးမှု

ယနေ့ စကားဝိုင်း၌ ကျွန်တော်က သူတို့မလာခင်ကတည်းက ဝိုင်းထဲရောက်နေနှင့်သည်။ ဟိုသည်တွေးရင်းဖြင့် သူတို့ကို ကျွန်တော် မျှော်နေမိသည်။

သိပ် မစောင့်ရပါ။ သူတို့လေးတွေ ရောက်စပြုလာသည်။ ရှေ့ဦးရောက်လာသူက မောင်အောင်ဘု။

"ဘဘ မင်္ဂလာနော် . . ."

"အေးဗျာ . . . မင်္ဂလာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ . . . ဘဘက အရင်ရောက်နေမှကိုး"

"ဟုတ်တယ် မောင်ညိုကြီး၊ ဟိုအပတ်က မင်း ပျောက်နေတယ် . . ."

"အိမ်က အလုပ်ခိုင်းနေလို့ပါ ဘဘ . . ."

"အေး . . . အေး"

ထို့နောက် မောင်သီလတို့ မောင်နုမ၊ မခင်စိန်၊ မဂွက်ထော်တို့အပြင် အခြားလူသစ်နှစ်ယောက်လောက်လည်း ပါလာသေးသည်။

"မောင်သီလ . . . လူစုံလောက်ရောမယ်"

"စုံလောက်ပြီ ဘဘ . . ."

"မစုံလည်း စကားဝိုင်း စတာပေါ့"

"ဟုတ်ပါ့ မောင်အောင်ဘု"

"နေဦး . . . မင်းက မခင်စိန်ကို 'ခင်စိန်မ' 'ခင်စိန်မ'နဲ့ ခေါ်နေတာ မရိုင်းဘူးလား"

"မရိုင်းဘူး ဘဘ၊ ကျွန်တော်ကတောင် သူ့ထက် အသက်ကြီးသေးတယ်။ အိမ်နီးချင်း ငယ်သူငယ်ချင်းတွေမို့ နှုတ်ကျိုးနေတာ"

"အံမာ . . . သူက နာရီပိုင်းလောက် ကြီးတာ၊ အမေ





ပြောတယ်။ အောင်ဘုက မနက်မွေး၊ သမီးက ညနေမွေးတဲ့ . ."

"အဲဒါ နင် ငါ့ကို 'ကိုကိုအောင်ဘု'လို့တောင် ခေါ်ရမှာ။ ကိုယ့်ထက် တစ်ရက်၊ တစ်မနက်ကြီးရင် ရှိသေရမယ်လေ . . ."

"အံမာ ကြီးကျယ်လိုက်တာ။ အောင်ဘုဟာ . . အောင်ဘုပဲပေါ့"

"ဟေ့ . . . လုပ်ပါဦး ညိုကြီးရ"

"ဟုတ်ကဲ့ ဘဘ"

"ကိုယ့်အောက်ငယ်သော် 'မောင်'ထည့်ခေါ်၊ ကြီးသော် 'ကို' ထည့် တပည့်ရဲ့ . . ."

"ဟား . . . ဟား . . . ခင်စိန်၊ ခင်စိန်၊ ဒီစာအတိုင်းဆို ကိုအောင်ဘုလို့ ကို ထည့်ခေါ်ရမှာ . . ."

"စာ . . . စာ . . . ဘာဖြစ်လဲ နင့်တော့ မခေါ်ဘူး၊ တခြားလူပဲ ခေါ်မယ်"

"ကဲ . . . ကဲ . . . အားလုံးနားထောင်၊ ဒီနေ့ပေါ့နော်၊ ဒီ စကားဝိုင်းမရောက်ခင် အိမ်မှာ အမေကဖြစ်ဖြစ်၊ အဖေကဖြစ်ဖြစ်၊ နောက် အဘိုးအဘွားတို့၊ အစ်ကိုအစ်မတို့ကဖြစ်ဖြစ် အရိုက်ခံရတဲ့ သူ မင်းတို့ထဲမှာ ရှိနေလား"

သူတို့ ဘာမျှမပြော၊ တစ်ယောက်နှင့်တစ်ယောက် ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ပြုံးစိစိ ဖြစ်နေကြသည်။

"ဘယ်လိုလဲကွ . . . ဘယ်သူမှ အရိုက်မခံရလို့လား၊ မလိမ်မညာရဘူးလေ၊ ရှိရင် ပြောမှပေါ့ . . ."

"ကျွန်မ အရိုက်ခံရတယ် . . . ဘဘ"

"ဟေ. . . ဂွက်ထော်ကိုး၊ အမှန်အတိုင်းပြောရရင် ဒါမှ သတ္တိပြောင်သူ၊ ရိုးဖြောင့်သူဖြစ်မှာ။ ဒါဆို ဂွက်ထော် မတ်တပ်ထနေ၊ ဟို အောင်ဘုကော"

"သားက အရိုက်မခံရဘူး။ ဗိုက်ခေါက်အလိမ်ခံရတာ၊ အခုတောင် ညိုနေသေးတယ် . . . ဘဘ"

"ဟ . . . ဒါဆို မင်းလည်း ထနေပေါ့"

"ဘဘက အရိုက်ခံရသူဆို ကျွန်တော်က ဗိုက်ခေါက်အလိမ်ခံရတာမို့ ငြိမ်နေတာပါ"

"ဒါလဲ အရိုက်ခံရတာပဲ၊ ကဲ . . . မင်းလည်း ထရပ်နေ"

"ဟို . . . ညိုကြီးကော"

"အင်း . . . အင်း . . ."

"ညိုကြီး . . . နင် မအင်းနေနဲ့၊ နင့်အမေ ဝါးခြမ်းပြားနဲ့ဆော်တာ ငါ မြင်တယ်။ နင်ပဲ ကြောက်ပါပြီဗျ . . . နောက် မလိမ်တော့ပါဘူးလို့ အာပြဲကြီးနဲ့ ငိုနေတာလေ"





"ဟော . . . ဒါဆို မောင်ညိုကြီးလည်း ထနေပေါ့၊ နောက်ကော ဘယ်သူရှိသေးလဲ"

"မရှိတော့ပါ ဘဘ"

"မရှိရင် မင်းတို့သုံးယောက် ထိုင်နိုင်ပြီ။ ကဲ . . . ဂွက်ထော်ပြောစမ်း၊ ဘာလို့ အရိုက်ခံရတာလဲ"

"သမီး ထမင်းစားတာ ပန်းကန်တစ်ချပ်လုံး ပေရေနေလို့ မေမေ နှုံပြားတံမြက်စည်းလှည်းရာကနေ ပြောတာ မမှတ်ဘူးဟဲ့ ဆိုပြီး နှစ်ချက်တောင် ရိုက်တာပါ"

"နို . . . အရင်က နင့်အမေက သေသေသပ်သပ်စားဖို့ ပြောထားသေးလား"

"ပြောထားတယ် ဘဘ"

"ဒါနဲ့တောင်ဟယ် . . . နင်ကလည်း နင်ပဲ၊ အရိုက်ခံရတာ နည်းတောင် နည်းသေးတယ်။ မှတ်လောက်အောင် ဆော်ရမှာ"

"အေး . . . တို့လူမျိုးတွေက ထမင်းစားရာမှာလည်း ယဉ်ကျေးရတယ်လေ။ သူများ အမြင်မကပ်စေရဘူး၊ မကဲ့ရဲ့စေရဘူး"

"ထမင်းပန်းကန်ရဲ့ နှုတ်ခမ်းပါးနားတွေကို လက်နဲ့သိမ်းပြီး စားရတာ။ ထမင်းလုံးတွေ ပြန့်ကြဲမနေစေရဘူး။ အံမယ် . . . ထမင်းနှိုက်စားရင်တောင် အစဉ်အတိုင်း နှိုက်စားရတာ၊ ဟိုနှိုက်



www.burmeseclassic.com

www.burmeseclassic.com



စား၊ ဒိန်ချိုက်စား မလုပ်ရဘူး"

"နို့ . . . ဖွန်းနဲ့ ခက်ရင်းနဲ့ ဆိုရင်ကော"

"ဒါလဲ . . . ပန်းကန်နှုတ်ခမ်းတွေ ပေမနေအောင် ဇွန်းနဲ့ သပ်ချပေါ့။ အသံတော့ မြည်အောင် မသပ်နဲ့"

"ရှိသေးတယ်၊ ပါးစပ်ထဲ ထမင်းလုတ် ပလုတ်ပလောင်းနဲ့ စကားမပီကလာနဲ့ ဝူးဝူးဝါးဝါးလည်း စကားမပြောရဘူး။ နှုတ်ခမ်းမှာ ဟင်းတွေဘာတွေ ပေနေရင်လည်း လျှာကြီးထုတ်ပြီး မလျက်ရဘူး။ သူများမြင်ရင် ရွံစရာကြီးကွ"

"အေး . . . ထမင်းကို ဝါးစားနေတာတောင် ပြွတ်ပြွတ် စပ်စပ်နဲ့ အသံမထွက်စေရဘူး၊ ဟင်းချိုသောက်လည်း ရှူးရှူး၊ ရှူးရှူး လို့၊ ရှုတ်ရှုတ်လို့ အသံမထွက်ရဘူးတဲ့"

"အဲဒါ . . . ဘုရားလက်ထက်က ဦးဇင်းတစ်ပါးက နို့ရည် သောက်တော့ ရှူးရှူး၊ ရှူးရှူးနဲ့မြည်အောင် သောက်နေတယ်။ ဒီတွင် ကချေသည်ဘဝကလာတဲ့ ဦးဇင်းတစ်ပါးက - 'ဟေ . . . ဟိုကိုယ် တော် အချမ်းနှိပ်စက်နေတယ်နဲ့ တူတယ်၊ ဒါမှမဟုတ် မြွေတွန်သံ ပေးနေတာလား'လို့ အနောက်ခံရသတဲ့လေ"

"နောက် . . . ရှိသေးတယ်။ ပါးစပ်ကြီးဟပြီး၊ လျှာကြီးထုတ် ပြီး၊ ထမင်းလုတ်သွင်းတာတို့၊ လက်ချောင်းတွေ ပါးစပ်ထဲရောက်





အောင် သွင်းတာတို့၊ လက်ချောင်းမှာ ပေကျံနေတာတွေကို ပါးစပ် နဲ့စုပ်တာ၊ လျှာနဲ့လျက်တာတို့လည်း မလုပ်ရဘူး၊ ရွံစရာကြီးကွ"

"နောက် . . . ရှိသေးတယ်။ ဟင်း၊ ထမင်းတွေ ပေနေတဲ့ လက်နဲ့ သောက်ရေခွက်ကိုင်တာတို့၊ ဇွန်း၊ ပန်းကန် ကိုင်တာ၊ ဟင်း ကို လက်နဲ့နှိုက်တာ၊ ခွဲသလိပ်ဟပ်တာတို့လည်း မလုပ်ရဘူး။ ရွံစရာ အလွန်ကောင်းတာ။ ဒါဟာ အစားသောက်မှာ မယဉ်ကျေးတာ နော်။ ဒါကြောင့်မို့ မင်းတို့အားလုံး စားရာသောက်ရာမှာလည်း သူတစ်ပါး အကဲ့ရဲ့မခံရအောင် ယဉ်ကျေးသိမ်မွေ့စွာ စားတတ် သောက်တတ်အောင် သတိနဲ့စားသောက်ကြနော် . . ."

"ဟုတ်ကဲ့ပါ . . . ဘဘ"

"ဒါဆိုရင် ဟိုဂွက်ယော် ပြောစမ်း . . . နင့်အမေ နင့်ကို ရိုက်တာ ရိုက်သင့်၊ မသင့်"

"ရိုက်သင့်တာမှ တဖြန်းဖြန်းနဲ့ကို ရိုက်သင့်တာ"

"အံမာ . . . နင့် မေးလို့လား"

"ရိုက်သင့်ပါတယ် ဘဘ၊ သမီး နောင်မဖြစ်အောင် သတိနဲ့ စားပါ့မယ်"

"မောင်ညိုကြီး စာ၊ မင်းဦးလေး ဘုန်းဘုန်းစာလေ"

"အဟမ်း . . . အဟမ်း . . .



www.burmeseclassic.com

*ပရမ်းပတာ၊ သူ့ထက်ငါ၊ လုယက်ခါကွယ် မစားနဲ့၊*

*ထမင်းစားရာ တစာစာ၊ များစွာ စကား မပြောနဲ့၊*

*ငြိမ်သက်သားနား၊ သတိထား၊*

*ကောင်းကောင်းစား ကွယ်၊ မဖိတ်စေနဲ့ ...တဲ့*

မဂွက်ထော် ခင်ဗျား"

"နေဦး ...နေဦး ရှိသေးတယ် ...

*စားပြီးသောအခါ၊ စင်ကြယ်စွာ၊ ဆေးကြပါကွယ်*

*ကောင်းကောင်း* တဲ့ ဗျား ...ဟား ဟား ... ဗျား

ဟား ... ဟား"

"ဒီကောင် အတော်နောက်တယ်။ သိပ်ကောင်းတာပဲ လောဘတကြီးနဲ့ ဟင်းလုခပ်တာတို့၊ စားပြီးရင် ပန်းကန်ခွက် ယောက်တွေကို ထိုးကြိတ်မထားဘဲ ဆေးကြရမှာတို့လဲ ပါရဲ့။ ဒါတွေ မောင်တို့၊ မယ်တို့ ရာသက်ပန် လိုက်နာကြစေလိုတယ်"

"ဟုတ်ကဲ့ ... လူ့ယဉ်ကျေးတွေဖြစ်အောင် ကျွန်တော်တို့ လိုက်နာပါ့မယ်"

"သာဓုကွာ ... သာဓု ... သာဓု၊ အောင်ဘုနဲ့ ညီကြီး အကြောင်းက နောက်အပတ်မှ ပြောကြတာပေါ့ ..."

အမှတ် (၆)၊ ဇန်နဝါရီလ၊ ၂၀၀၇ ခုနှစ်

❑



# ကြမ်းနင်းယဉ်ကျေးမှု

"ဘဘ၊ မင်္ဂလာပါနော်"

"မင်္ဂလာပါ မောင်အောင်ဘု၊ နို ... မင်းလူတွေကော"

"နောက်က လာနေကြပါပြီ ... ဘဘ"

"ဟော ... မောင်ညီကြီး မင်းမှ လာပါ့မလားလို့ကွ"

"လာရမှာပေါ့ ဘဘရယ်၊ မလာလို့ ဘယ်ဖြစ်မလဲ အလုပ် အားရင်သာ"



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . ခင်စိန်မ၊ ရှေ့တိုးထိုင်လေ"

"အံမာ . . . ငါ့ဘာသာငါ တိုးတိုးမတိုးတိုး နင့်အပူလား"

"ငါက ကိုယ့်နှမလေးမို့ အကောင်းပြောတာ"

"ဟေ . . . မင်းတို့က မောင်နှမလား"

"ဟုတ်တယ် ဘဘ၊ နှစ်ဝမ်းပဲ ကွဲသေးတယ်"

"အံမလေးဟဲ့ ဒီစကားဝိုင်းလာပြီး အမျိုးစပ်နေရတယ်လို့ အောင်ဘုရယ်"

"ဘဘ သိအောင်လို့ပါ၊ ညီကြီးရာ ဒါနဲ့ ဒီလာခါနီးမှာတော ခေါင်းခေါက်ခံရသေးတယ်"

"ဟေ . . . မင်းဟာက ဘယ်လိုမို့လဲ"

"မမနဲ့အတူ ထမင်းစားနေတာ၊ နှုတ်ခမ်းပေနေတာကို လျှ နဲ့လျက်ရင် ရိုင်းရာကျမှာစိုးလို့ ပုဆိုးစနဲ့ ကောက်သုတ်လိုက်တ 'ဒေါက်'ဆို မမက ခေါက်ပါရော၊ အတော်ညစ်ပတ်တဲ့ ကောင် လေ'

"အေး . . . ဟုတ်တာပေါ့၊ ပုဆိုးတို့၊ လက်သုတ်ပဝါတို့ မသုတ်ရဘူး။ လက်သုတ်ပဝါဆိုရင်လဲ သူများက ယူသုတ်ရေ ကိုယ့်အညစ်အကြေးတွေ ပေမှာပေါ့"

"ဒါဆို ဘယ်လိုလုပ်ရမလဲ . . . ဘဘ"





"ဟ . . . နှုတ်ခမ်းချင်းဖိပြီး သွင်းယူပေါ့၊ အပေါ်နှုတ်ခမ်း ဆိုရင် အောက်နှုတ်ခမ်းလေးနဲ့ သိမ်း၊ အောက်နှုတ်ခမ်းဆိုရင် အပေါ်နှုတ်ခမ်းလေးနဲ့ သိမ်းပေါ့၊ အောင်ဘု သိမ်းကြည့်စမ်း"

"ဟား . . . ဟား . . . ဖား . . . ဟား . . ."

"ဟော့ . . . ဘာမို့လို့ ရယ်ကြတာလဲ"

"သူ . . . သိမ်းပုံက ကျိန်ဆဲနေသလိုလို ပြောင်ပြ မဲ့ပြနေ သလိုလို ပုံစံမျိုးမို့ပါ"

"ညီကြီးကလဲ ဒါက အစမ်းရှိသေးတာ ဟုတ်ဖူးလား ဘဘ"

"အေး . . . ဟုတ်တယ်၊ နောက်ဆို ယဉ်ယဉ်လေးနဲ့ သိမ်း တတ်သွားမှာ"

"ဟော့ ဒီမယ်၊ တို့လူမျိုးက ရယ်တာတောင် ယဉ်ကျေးမှုလေး နဲ့ ရယ်ရတာ"

"ဟာ . . . ဘဘကလဲ၊ အရမ်းကို ရယ်ရမှ ရယ်တဲ့ အရသာ မှာပေါ့'

"ဘယ် . . . ဒီလိုရယ် ဟုတ်မလဲ၊ ယဉ်ယဉ်လေး ရယ်လဲ ယ်တာမို့ အရသာရှိတာပဲ၊ ကဲကွာ အပျိုအရွယ်လေးဆိုပါတော့ ဝင်းဝါးနဲ့ ဟားတိုက်ရယ်နေလို့ ကောင်းမတဲ့လား၊ ဣန္ဒြေမဲ့ လိုက် ာ ရယ်တာကလဲ"လို့ ကဲ့ရဲ့ကြမှာပေါ့၊ ဒီတော့ အလက်ာကျမ်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ဆိုထားတာရှိတယ်၊ သူမြတ်ရယ်၊ သူလတ်ရယ်၊ သူယုတ်ရယ်

တဲ့၊ ဒီသုံးမျိုးမှာ သူတော်သူမြတ်များကျတော့ . . .”

“တစ် (သိတ) - ပြုံးရုံလေး ပြုံးတာကွ၊ ဒါမှမဟုတ်လဲ

(ဟသိတ)စဉ်းငယ် (အနည်းငယ်) သွားပေါ်ရုံလေးရယ်တာတဲ့

ဘယ်လောက် ကျက်သရေရှိလဲ၊ ညီကြီး . . . ဒီနှစ်ချက်အနက်

ကြိုက်တာနဲ့ ရယ်ပြစမ်း . . .”

“ဘာနဲ့ ရယ်ရမလဲ . . . ဘဘ”

“ကြိုက်တာနဲ့ ရယ်ပြပါဆိုမှပဲ . . .”

“ဟီး . . . ဟီး . . . ဒီမှာကြည့်”

“အံမယ် . . . ကိုညီကြီး ပြုံးပုံလေးက အာရွဲနေသလိုပဲ

“ဒီလိုကော . . . အောင်ဘ”

“အဲဒါကျမှ သွားမတိုက်မှန်း ပိုသိတာ”

“ဟား . . . . ဟား . . . . ဟား . . . . ဟား . . .”

“ရှူး . . . ပြုံးရုံလေး ရယ်မှပေါ့”

“အံမယ် . . . ကြီးကျယ်လိုက်တာ၊ ဒီ . . ငအောင်ဘုက

“ကဲ . . . နောက်တစ်မျိုး၊ ‘သူလတ်’ ရယ်ပုံက တ

(ဝိဟသိတ)တဲ့၊ အသံညင်းညင်းလေးနဲ့ ရယ်တာ၊ နှစ် (ဉပဟသိ

တဲ့၊ ဦးခေါင်းလေး လှုပ်ရုံလောက်ရယ်တာ၊ ဒါက အလယ်အလ





ရယ်တာနော်”

“နောက် . . . သူယုတ်ရယ်တာကလဲ တစ် (အပဟ သိတ)

တဲ့၊ မျက်ရည်ထွက်အောင်ကို တဟားဟား . . . တဝါးဝါးနဲ့ရယ်

တာ၊ နှစ်က (အတိဟသိတ)တဲ့၊ လက်တွေခြေတွေကို လှုပ်ရမ်းပြီး

ရယ်ပစ်လိုက်တာ၊ ဒါဟာ သူယုတ်ရယ်ပုံ နှစ်မျိုးကွ”

“အင်း . . . ဒါဆို ဟို . . . ဝွက်သော်ကြီး ရယ်သလိုနေ

မှာ”

“ဝွက်ထော်က ဘယ်လိုရယ်လို့လဲ”

“ဟာ . . . ဘဘနှယ်၊ တဝါးဝါး၊ တဟားဟားနဲ့ဟာ ကျွမ်း

ပဲထိုးတော့ မတတ်ဘဲ”

“အံမာ . . . ညီကြီးက ငါ့များ၊ နင့်လိုမှတ်လို့လား”

“တို့က ပြုံးတယ်ဆိုရုံလေး သိလား၊ ဒီမှာကြည့်လေ၊ မြင်ဘူး

လား . . .”

“ကဲ . . . ကဲ၊ အဲဒါထား မောင်အောင်ဘု

ကြီးက ဘာလို့ အလိမ်ခံရတာလဲ”

“ခြေနင်းကြမ်းလို့တဲ့ . . . ဘဘ”

“နို့ . . . မင်းအမေက မဆုံးမ ထားဘူးလား”

“ဆုံးမလိုက်တာမှ ခဏ . . . ခဏရယ်၊ ကျွန်တော်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပါပဲ၊ မေ့မေ့သွားတယ်ဗျ။ အဲဒီနေ့က ခြင်းခတ်ချင်လို့ အိမ်ပေါ်ပြေးတက်တာ၊ အိပ်နေတဲ့ ဘွားဘွားက လန့်နိုးတော့" ဟဲ့ . . . ခြေနင်း ကြမ်းလှချည်လား"လို့ ပြောတာကို မေမေကြားတော့ လာစမ်း . . . အောင်ဘု"လို့ခေါ်ပြီး ဆွဲလိမ်တာပါပဲ"

"ဒါဆို လိမ်တာနည်းသေး၊ မင်းခြေထောက်တွေကို ရိုက်ကို ရိုက်ပစ်ရမှာ၊ မင်းတို့ မှတ်ထား၊ အိမ်ပေါ် ဘာပေါ်သွားတဲ့အခါ ခပ်ဖွဖွလေး နင်းမှပေါ့၊ တဒုန်းဒုန်းနဲ့ အိမ်ကြီးခါယမ်းနေအောင် ကိုယ်ကို ယိမ်းထိုးပြီး မနင်းရဘူး၊ ကိုယ့်အိမ်ဆိုတော်သေး၊ သူများ အိမ်ဆို အတော်ခြေနင်းကြမ်းတဲ့ ကလေးဆိုပြီး ကဲ့ရဲ့မှာ၊ တစ်ခါ ဘုန်းကြီးကျောင်းဆို . . ."

"ဒါ . . . သူ့မိဘက မသင်ထားလို့နေမှာ"လို့ ထင်ကြမှာ၊ ဟော . . .'ကိုယ့်အတွက်နဲ့ မိဘတောင် ခိုက်သွားသေးတယ်၊ ဒါကြောင့်မို့ သွားတဲ့လာတဲ့အခါမှာလဲ ယဉ်ယဉ်ကျေးကျေး သွားကြစမ်းပါကွာ'

"ဟုတ်ကဲ့ပါ ဘဘ"

"ဟဲ့ မောင်ညိုကြီး မင်းဦးလေး စာရှိရင် ရွတ်ပြစမ်း"

*"အတက်၊ အဆင်း၊ ဖြည်းဖြည်းနင်း၊ ကြမ်းနင်း မပြင်းကြစေနဲ့တဲ့ပါ . . . ဘဘ"*





"အေး . . . မှတ်သားစရာပဲ၊ ဒါထက် တို့ ဆရာသမားများ ဆုံးမထားတာရှိတယ်၊ မကြမ်းရမယ့် အရာကိုးမျိုးတဲ့ . . ."

"အဲ တစ်က အစားကြမ်းတဲ့ကွ၊ လူမြင်သူမြင် မကောင်း လောက်အောင်ကို ခပ်ကြမ်းကြမ်းကြီးစားတာ၊ နောက် . . . နှစ် အချက်က အအိပ်ကြမ်းတဲ့လူကသာ အိပ်ပျော်နေတာ၊ သူ့ခြေလက်တွေက အငြိမ်မနေဘူး၊ တဗုန်းဗုန်းနဲ့ ပစ်ချအိပ်တာ၊ သုံး အချက်က အသွားကြမ်းတဲ့ အောင်ဘုလို့ပေါ့ကွာ၊ လေးအချက်က အထိုင်ကြမ်းတဲ့ကွ၊ ထိုင်တာ အသာအယာမဟုတ်ဘူး၊ အင့်ဆို ဇင်ကြီးပစ်ချ ထိုင်တာမျိုး၊ ငါးအချက်က အရယ်ကြမ်းတဲ့ သူယုတ်ရယ်တာမျိုးပေါ့ကွာ၊ ခြောက်အချက်က စိတ်ကြမ်းတဲ့၊ ထစ်ဆို ဒေါသ တ ထွက်နေပြီ၊ စားမတတ် ဝါးမတတ်ဘဲ၊ အဲ . . . ခုနစ်အချက်က ကိုယ်ကြမ်းတဲ့၊ ဘာလုပ်လုပ် သူ့အမူအရာက သိပ်ကြမ်းကိုး၊ သရဲ သဘက် စီးနေသလိုပဲတဲ့၊ ဟော . . . ရှစ်အချက်ကတော့ နှုတ်ကြမ်းတဲ့၊ ဘာပြောပြော ဘယ်တော့မှ ပြေပြေပြစ်ပြစ် မရှိဘူး၊ ရန် ဖြစ်နေသလို ပြောတာ၊ အဲ . . . နောက်ဆုံး ကိုးအချက်ကတော့ အဆုံးအမ ကြမ်းတဲ့၊ သူ့တပည့်၊ သူ့သားသမီးတွေကို ဆုံးမတာ တောင် မကြားဝံ့၊ မနာသာအောင် ဟိုဟာနဲ့ နှိုင်း၊ ဒီဟာနဲ့ နှိုင်းနဲ့ ရိုင်းရိုင်းစိုင်းစိုင်းကြီးကို ဆုံးမတာဟော့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ အခု ပြောခဲ့တဲ့ အကြမ်းကိုးမျိုးကိုလည်း သတိနဲ့ မဖြစ်အောင် စောင့်ထိန်းကြပါ၊ ယဉ်ကျေးပါလို့ ဘဘ မှာလိုက်ချင်တယ်"

"ဟုတ်ကဲ့ပါ . . . ဘဘ"

အတွဲ (၂) အမှတ် (၇)၊

ဝေဖော်ဝါဒီလ၊ ၂၀၀၇ ခုနှစ်

❑



# မုသားရှောင်ခြင်း ယဉ်ကျေးမှု

"ညိုကြီး"

"ဆို . . . အောင်ဘု"

"ဒီနေ့ . . . မင်းအလှည့်နော် . . ."

"ဘာလဲကွ . . . မင်းဟာက အရင်းမရှိ အဖျားမရှိနဲ့ . . ."

"ဟင် . . . မင်း မေ့နေလား၊ မင်းအမေ ရိုက်တာလေ၊ လိမ်ထို့လေကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ဟုတ်တယ်၊ နို့ . . . ဘာဘာလဲ မဆင်းလာသေးပါလား"

"စာကြည့်နေမှာပေါ့"

"ဟော . . . ဟိုမှာ ဝွက်ထော်၊ ခင်စိန်မတို့နဲ့ မောင်သီလတို့ မောင်နုမရော လာကြပြီ"

"ဟဲ့ . . . နင်တို့က အစောကြီးကိုး"

"ဒါပေါ့ မဝွက်ထော်"

ကျွန်တော်တို့က ဘာမဆို ရှေ့ကဗျ ဟဲ . . . ဟဲ"

"အံမာ . . . ကြီးကျယ်လိုက်တာ၊ တစ်ခါလေး စောတာနဲ့နို့ . . . ဘာဘာကော . . ."

"အမြင်ပဲ မရောက်သေးဘူး"

"ဟော့ . . . ဒီနေ့ ဘယ်သူ အဆော်ခံရသေးလဲ"

"ငါတော့ . . . အရိုက်မခံရဘူး"

"တို့လည်း နင့်လိုပါပဲ အရိုက်မခံရပါဘူး"

"ကျွန်တော်တို့ မောင်နုမတော့ အဆူပဲ ခံရတယ်"

"ဟော . . . နင်တို့က . . ."

"ဒီလို . . . မမခင်စိန်၊ သောက်ရေအိုး ရေထည့်ဖို့ နင်ထည့်၊ ငါထည့်လို့နဲ့ ငြင်းနေလို့တဲ့"





"ဟ . . . ဒါမျိုးဆိုတာ မတွက်ကတ်ရဘူး၊ မရှိမှန်းသိရင်သိတဲ့ လူက ဒါ . . . ငါ့တာဝန်ပဲဆိုပြီး ခပ်ထည့်ရတယ်။ ရေတင်ဘယ်ကမလဲ၊ တံမြက်လှည်းတာ၊ ပန်းကန်ခွက်ယောက်ဆေးတာတွေက အစပေါ့။ ဒါဟာ အိမ်တွင်းညီညွတ်ရေးပဲ၊ မောင်နှမ ညီညွတ်ရေးပဲ၊ မဟုတ်ဖူးလား . . . ညီကြီး"

"ဟုတ်ပါ့ . . . ကိုအောင်ဘု"

"ဒါဆို ညီကြီး . . . မင်းဦးလေးစာ"

"အံမာ . . . သူ့ကိုယ်သူ ဘာဘာကျနေတာပဲ"

"ဟဲဟဲ . . . ဒါပေါ့ မစိန်ဝွက်ထော်ရဲ့ လုပ်လေကွာ . . . ညီကြီး"

"ဟုတ်ကဲ့ပါ . . . ဘာဘာ၊ အဲယောင်လို့ မောင်အောင်ဘု ရယ် အဟမ်း . . . အဟမ်း . . . အဟမ်း"

"အံမယ်လေးဟဲ့၊ ဆိုဖို့အရေး ဇာချဲ့လိုက်တာ"

"မချဲ့ပါဘူး ပညာရှင်မို့ပါ . . . မခင်စိန်၊ အဲ . . . **သုံးရေသောက်ရေ၊ ခရှိချေ၊ ရေတိုခပ်ကွယ်၊** မကတ်နဲ့ တဲ့ပါဗျို့၊ ဟိုဟိုဒီ၊ နောင်"

"မင်း ဟာက ဘာတွေလဲ"

"ဒူတ မောင်း၊ နောင်က ကြေးစည်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျ၊ လူစုံတက်စုံပါပဲလား . . ."

"ဟုတ်ကဲ့ပါ . . . ဘဘ"

"အေး . . . ဘဘ၊ ကိစ္စလေးရှိလို့ ဟိုဘက်အိမ်သွားနေလို့ကွ၊ ဒါနဲ့ညီကြီး ဒီတစ်ခါ မင်းအလှည့် မဟုတ်လား"

"မှာတ်ကဲ့ပါ၊ အဲဒီနေ့က အမေ့ကို ဦးလေးဘုန်းကြီးဆီ သွားမယ်လို့ လိမ်ပြောပြီး ဘောသွားကန်မိလို့ပါ၊ ဒါကို ဘယ်သူတိုင်လဲ မသိဘူး၊ မေမေက သိတော့ ရိုက်ရောပေါ့ . . ."

"ဟေ့ . . . တို့မတိုင်ဘူး၊ နင်ငိုသံကြားလို့ ထွက်ကြည့်တာပဲရှိတယ်"

"ဒါနဲ့တောင် တော်ပါတော့ကြီးကြီးရဲ့လို့ နင်ဝင်မပြောဘူး"

"ဘာလို့ ပြောရမှာလဲ၊ မိဘလိမ်တဲ့ဟာကို၊ မှတ်လောက်အောင်ကို ရိုက်ရမှာ . . ."

"အေး . . . ဟုတ်ပ့ါ မဂ္ဂက်ထော်၊ မင်းကျူးလွန်တဲ့ အပြစ်ကပုဒ်မကြီးကွ၊ လူ့သိက္ခာ၊ လူ့ကျင့်ဝတ်နဲ့ဆို လေးခုမြောက် အပိုဒ်ကြီးလေ၊ မောင်သိလဆိုပြစမ်း"

"ဟုတ်ကဲ့ . . . ဘဘ၊ မုသာဝါဒါ မဟုတ်မမှန် မုသားပြောခြင်းမှ ဝေရမဏီ သိက္ခာပဒံ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို သမာဒိယာမိ ကောင်းစွာဆောက်တည်ပါ၏ ဘုရား"





"ဘယ့်နှယ် . . . မောင်ညီကြီး မင်းကျူးလွန်တဲ့ လူ့ကျင့်ဝတ်ပဲ မဟုတ်လား"

"ဟုတ်ကဲ့ပါ . . . ဘဘ၊ သား စောင့်စည်းသွားပါ့မယ်"

"အေး . . . အဲလိုမှပေါ့ နောင်လဲမကောင်းဘူး၊ အပါယ်လမ်းဖောက်တာ၊ အခုဘဝမှာလဲ သူတော်သူမြတ်တို့ ကဲ့ရဲ့ ရှုတ်ချတာကို ခံရတယ်၊ အပါယ်က လွတ်တော့လဲ၊ လူပြန်ဖြစ်၊ စကားပြောရင် မပီသဘူး၊ သွားပေါက်ပုံက အကျဲကြီး သြဇာမရှိဘူး၊ အသားအရေက မွဲခြောက်ခြောက်တဲ့၊ စကားပြောတိုင်း ပုပ်စော်နံသတဲ့၊ ကြောက်စရာပဲကွ"

"ဟေ့ . . . ဒါဆို ညီကြီး 'ဟား'လို့ လုပ်စမ်း"

"ဟား . . . တဲ ဘာဖြစ်လဲ"

"ဟဲ့ . . . ခင်စိန်မ သူ့ပါးစပ်က နံလား"

"အဲဒါ နင်လည်း ရှူးလို့၊ နမ်းကြည့်လေ"

"ဟင်း . . . အောင်ဘုကလဲ၊ ဒါက နောက်ဘဝကျမှပါ၊ အခုဟုတ်သေးပါဘူး"

"ငါက အခုလားလို့ပါ သူငယ်ချင်းရား၊ တို့တစ်တွေ မလိမ်ကြစတမ်းကွ"

"အေးအေး . . . မလိမ်ကြစတမ်းပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ဗုဒ္ဓက မင်းတို့အရွယ်အကြောင်း သိပ်သိတယ်၊ သူ့သားလေးကို ဆုံးမတော့မယ်လုပ်တော့၊ ဒီအရွယ်ဆိုတာ လိမ်ပြောတာကို သိပ်မက်တာ၊ မမြင်ဘဲနဲ့ မြင်တယ်၊ မြင်ရက်နဲ့ မမြင်ဘူး၊ ကြားရက်နဲ့ မကြားဘူး၊ မကြားဘဲနဲ့ ကြားတယ်လို့ လိမ်တတ်တယ်၊ ဒီတော့ ငါဘုရား ရာဟုလာကို ဆုံးမမှပဲဆိုပြီး ရာဟုလာနေတဲ့ ကမ္ဗဋ္ဌာန်းကျောင်းလေးကို ကြွသွားတယ်လေ"

"နို့ . . . သူတို့သားအဖက အတူတူမနေဘူးလား"

"မနေဘူး . . . မယဉ်မေ၊ ကိုရင်ရာဟုလာက ဝေဠုဝန်ကျောင်းတိုက်ကြီးရဲ့ အစွန်အဖျားမှာ ပေါက်နေတဲ့ သရက်ပင်ပျို့တစ်ပင်ရဲ့ အနားမှာ ဆောက်ထားတဲ့ ကမ္ဗဋ္ဌာန်းကျောင်းမှာ တစ်ပါးတည်းနေတာ"

"ဟင် . . . အသက်ငယ်ငယ်လေးနဲ့ တစ်ပါးတည်းဆိုတော့ သရဲမကြောက်ဘူးနဲ့တူတယ်"

"ဘယ်ကြောက်မလဲ . . . ကိုရင်က တစ်ပါးတည်း အေးအေးလူလူနေပြီး တရားနဲ့နေတာကို မက်မောတာကိုး၊ အောင်ဘု . . . ပြောစမ်း၊ ဆူးဆိုတာ ကြီးမှချွန်တာလား၊ ထွက်ပေါ်စတည်းက ချွန်တာလား"

"ထွက်လာတည်းကိုက အချွန်လေးနဲ့ပါ . . . ဘဘ"





"အေး . . . အဲဒါ သဘာဝပဲကွ၊ ကိုရင်ရာဟုလာ တလဲငယ်ငယ်ကကို ချွန်နေတာ၊ အဲဒါထား၊ မင်းတို့လို အရွယ်ရှိတဲ့ ကိုရင်ရာဟုလာကို ဗုဒ္ဓဆုံးမပုံလေးကြည့်"

"ညနေစောင်းမှာ ဗုဒ္ဓက သူ့ဆီကြွလာတယ်၊ ကိုရင်က ဗုဒ္ဓခြေဆေးရန် ရေခွက်လေးနဲ့ ရေအဆင်သင့် ခပ်ထားတယ်"

"ဟင် . . ဗုဒ္ဓခြေတော်က ရွှံ့ဗွက်တွေပေလို့လား . . ဘဘ"

"မပေဘူး၊ ဖုန်မှုန့်တစ်မှုန့်တောင် မကပ်ဘူး၊ ဘာအညစ်အကြေးမှ မရှိဘူး၊ ဒါဟာ တပည့်သာဝက၊ သားသမီးတို့ရဲ့ ကျင့်ဝတ်ကိုး၊ ဒါကို အတုယူပြီး မင်းတို့လည်း မိဘတွေဆေးဖို့ ခြေဆေးရေတို့၊ ချိုးရေတို့ဆိုတာ ခပ်ပေးရမှာ"

"အဲလို ခပ်ထားတော့ ဗုဒ္ဓကခြေဆေးပြီး ခွက်ထဲမှာ ရေကို နည်းနည်းလေး ချန်ထားပြီး ကိုရင့်ကို မေးတယ်"

"ချစ်သား ရာဟုလာ၊ ဒီခွက်ထဲမှာ ရေနည်းနည်းလေးပဲ တျန်နေတာ မြင်လား"လို့ မေးတော့ ကိုရင်က . . .

"မြင်ပါတယ် မြတ်စွာဘုရား" တဲ့ . . .

"ဒီတော့ ဗုဒ္ဓက အေး . . . ဟုတ်တယ်၊ မုသာဝါဒလိမ်ညာပြောတယ်ဆိုတာ အရှက်မရှိတဲ့ လူမှ ပြောတာ၊ အရှက်မရှိတာကလည်း ဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ကိုယ်ကျင့်တရားဆိုတာက ဒီခွက်



www.burmeseclassic.com

www.burmeseclassic.com



ထဲက ရေလိုပဲ နည်းနည်းလေးပဲရှိလို့ပဲ”လို့ ဆုံးမတော်မူလိုက် တယ်

“ဒါဆို ဗုဒ္ဓက လက်တွေ့ပြ ဆုံးမတာပေါ့နော် . . .”

“အေး . . . ဟုတ်တယ်၊ နို့ . . . မင်းတို့ ပြောစမ်း၊ မုသား ပြောတာ၊ အရှက်ရှိလို့လား၊ မရှိလို့လား . . .”

“အရှက်မရှိလို့ပါ . . . ဘဘ”

“ဘာလို့ အရှက်မရှိတာလဲ”

“ကိုယ်ကျင့်တရား နည်းနည်းလေးပဲ ရှိလို့ပါ”

“ရှက်တဲ့ သူကျတော့ကော”

“ကိုယ်ကျင့်တရား အများကြီးရှိလို့ပါ”

“ဒါဆို မင်းတို့တစ်တွေ အရှက်ရှိအောင် ဘာလုပ်ရမလဲ”

“ကိုယ်ကျင့်တရား အများကြီးရှိအောင် လုပ်ရပါ့မယ်”

“ဟုတ်တယ် . . . မရှက်တာက အကုသိုလ်၊ ရှက်တာက ကုသိုလ်၊ အဲဒါကြောင့် ကိုယ်ကျင့်တရားအများကြီးရှိအောင် လုပ် တယ်ဆိုတာက လူ့ကျင့်ဝတ်တွေ မဖောက်ဖျက်ဘဲ စောင့်ထိန်းရမှာ ကို ပြောတာ”

“ဟုတ်ကဲ့ပါ . . . ဘဘ”

အမှတ် (၈)၊ မတ်လ၊ ၂၀၀၇ ခုနှစ်

❑



# မုသားရှောင်ခြင်း ယဥ်ကျေးမှု (၂)

“မောင်အောင်ဘု”

“ခင်ဗျာ . . . ဘဘ”

“ငါ . . . မနေ့ညနေက ဘုန်းကြီးကျောင်းဘက်ရောက် တော့ မင်းတို့ သားအမိကျောင်းဝိုင်းထဲက ထွက်လာတာ မြင်လိုက် တယ်၊ မင်းကလဲ ငိုလို့ကွ၊ ဘာဖြစ်တာလဲ”

“ဘုန်းကြီးခေါ်လို့ ကျွန်တော်နဲ့ မေမေ လာတာ . . . ဘဘ”



www.burmeseclassic.com

www.burmeseclassic.com



"နို့ . . . မင်းက ဘာလို့ ငိုရတာလဲ"

"မေမေ . . . ဗိုက်ခေါက်ဆွဲလိမ်လို့ပါ"

"မင်းအမေက ဘာလို့ လိမ်တာလဲ"

နေ့လယ်က ကျွန်တော်တို့ ငှက်လိုက်ပစ်ကြတယ်၊ ကျောင်း နားက သစ်ပင်ပေါ်က စာကလေးကို ကျွန်တော့် သူငယ်ချင်းပစ် တာ မှန်သွားပြီး စာကလေးက ကျောင်းဝိုင်းထဲ ကျသွားတယ် အဲဒါ ကျွန်တော်က ဝင်ကောက်တာကို ဘုန်းကြီးမြင်သွားတော့ ညနေကျတော့ မေမေနဲ့ ကျွန်တော့်ကို ခေါ်ခိုင်းလို့ လာကြတာ"

"ဘုန်းကြီးက မင်းတို့ကို ဘာပြောလိုက်လဲ"

"ဒကာမကြီးတဲ့၊ နင့်သားဟာ ငါ့ကျောင်းဝိုင်းထဲ ခါးတောင်း ကျိုက်ကြီးနဲ့ ဝင်လာတယ်တဲ့၊ အတော်ရိုင်းတဲ့ ကောင်လေးတဲ့၊ အဲဒ နင်တို့ အခုငယ်ကတည်းက ယဉ်ကျေးအောင် ဆုံးမမှပေါ့တဲ့"

"နို့ . . . နေစမ်းပါဦး။ မင်းက ဘာလို့ ခါးတောင်းကျိုက် ကြီးနဲ့ ဝင်ရတာလဲ"

"ကျောင်းဝိုင်းထဲ ခါးတောင်းကျိုက်ကြီးနဲ့ မဝင်ရဘူးလား . . . ဘဘ"

"ဟ . . . ဘယ်ဝင်ကောင်းမလဲ၊ ကျောင်းဝိုင်းဆိုတာ ရတန သုံးပါးရဲ့ တည်နေရာပဲကွ၊ ဒါကိုတို့ ဗုဒ္ဓဘာသာဝင်တွေက အလေး





အမြတ်ထားတာ၊ ခါးတောင်းကျိုက်နဲ့၊ ဘောင်းဘီဖင်ကျပ်နဲ့၊ ထဘီ တိုနံ့နံ့နဲ့ စသဖြင့်ပေါ့ကွာ၊ ဖရိုဖရဲ မဝင်ရဘူး၊ ထီးတို့၊ ဘာတို့ ဆောင်း ထားရင်လဲ ပိတ်ပြီးဝင်ရတာ၊ ဦးထုပ်ဆောင်းထားရင်၊ ဖိနပ် စီးထား ရင်လဲ ချွတ်ရတာ၊ သဘောက ရိုသေလေးစားတဲ့ သဘောပဲ၊ ဒါဟာ ဘုရားကို ဂါရဝပြုတာ၊ တရားကို ဂါရဝပြုတာ၊ သံဃာကို ဂါရဝ ပြုတာ၊ ဂါရဝပြုတော့ ကုသိုလ်ဖြစ်ရောပေါ့"

"ဒါကို မင်းတို့ မှတ်ထားနော် . . ."

"ဟုတ်ကဲ့ပါ . . . ဘဘ"

"ဒါနဲ့ . . . ညီကြီး မင်းဦးလေးစာထဲမှာ ဒါမျိုး ပါသေးလား"

"ပါ ပါတယ် ဘဘ"

"ပါရင် ရွတ်ပြလိုက်ကွာ"

"ဟုတ်ကဲ့ . . ."

*"ကျောင်းထဲဝင်လာ၊ ပုဆိုးတာ၊ ဖြင်ကာဝတ်မှ၊*
*ကောင်းတောင်းတဲ့။*
*ခါးတောင်းကျိုက်လျှင်၊ ကျောင်းဝိုင်းဖြင်၊*
*ဝင်းကာရှောင် ကွယ်၊ မမိုက်နဲ့ပါ . . . ဘဘ"*

"အေးကွာ . . . ကောင်းကွာ၊ အချုပ်မှာတော့ဟော့ ပုဆိုး ထဘီတို့၊ အကျီဝတ်စားတာ စတာတို့ကို သေသေသပ်သပ် ယဉ်



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးကျေးလေး လုပ်ပြီးဝင်ကြ ထွက်ကြရမှာကွ"

“ဘဘ . . . ”

“ပြော . . . မောင်သီလ”

“ဟို ဗုဒ္ဓက ကိုရင်ရာဟုလာကို ဆုံးမတာလေး ဆက်ပြော ပြပါဦး . . . ”

“အေး . . . ဟုတ်သားပဲ”

“ဒါဆို . . . အောင်ဘု ဟိုရေခွက်နဲ့ ရေတစ်ခွက် ခပ်ခဲ့စမ်း ဗုဒ္ဓက ကိုရင်ရာဟုလာကို လက်တွေ့ပြ ဆုံးမတာမို့ ဗုဒ္ဓအတိုင်း လုပ်ကြည့်ရမှာ”

“အဲ . . . ဟုတ်ပြီ နည်းနည်းချန်ပြီး သွန်ပစ်လိုက်စမ်း”

“အဲ . . . ဟုတ်ပြီ၊ ဒါက ဟိုအပတ်က ပြောခဲ့တာ၊ အ သဘောလဲ”

“ခွက်ထဲမှာ ရေနည်းနည်းလေးရှိသလို အရှက်မရှိ လိမ်ည သူရဲ့ သန္တာန်မှာ ကိုယ်ကျင့်တရား နည်းနည်းလေးရှိပုံကို ပြောတ ပါ”

“အေး . . . ဟုတ်တယ်၊ ဒါက တစ်နံပါတ်အချက်တဲ့၊ . . . အောင်ဘု ရေကို အကုန်သွန်ပစ်လိုက်စမ်း၊ အဲ . . . ဟုတ်

“ဗုဒ္ဓက အဲလို သွန်ပြီး မေးတယ်။ မြင်ရဲ့လား . .





ရာဟုလာ တဲ့။ ကိုရင်ကလဲ မြင်ပါတယ်တဲ့။ မြင်ရင် အရှက်မရှိ လိမ်ညာသူရဲ့ သန္တာန်မှာ အခုခွက်ထဲ ရေတစ်စက်မျှ မရှိသလို ကိုယ်ကျင့်တရားဆိုတာ တစ်စက်ကလေးမှ မရှိတော့လို့ လိမ်ညာ တာတဲ့။ ဒါက နှစ်အချက် မှတ်ထား”

“ဟုတ်ကဲ့ပါ”

“ကဲ . . . အောင်ဘု ရေခွက်ကို ဒီစားပွဲမှာ မှောက်ထားလိုက်စမ်း၊ ဗုဒ္ဓက ရေခွက်ကို အဲလိုမှောက်ထားပြီး မေးပြန်တယ်။ ရာဟုလာ မြင်လားတဲ့။ ကိုရင်ကလဲ မြင်ပါတယ်တဲ့။ မြင်ရင် ရေခွက်ကို မှောက်ထားသလို အရှက်မရှိသူမှာလဲ ကိုယ်ကျင့်တရားကို သူ့ သန္တာန်မှာ တစ်စက်မျှ မရှိအောင် မှောက်ထားပြီးပြီတဲ့။ အဲလို မှောက်ထားလို့လဲ သူလိမ်တာ ညာတာတဲ့၊ ဒါဟာ သုံးအချက်ပဲ”

“ကဲ . . . ရေခွက်ကို လှန်ထားလိုက်စမ်း။ မင်းတို့ မြင်တယ် နော် . . . ”

“ဟုတ်ကဲ့ . . . မြင်ပါတယ်”

“ရေတစ်စက်တစ်လေများ ရှိသေးလား”

“မရှိတော့ဘူး . . . ဘဘ”

“အဲ . . . ဗုဒ္ဓက ရေခွက်ကို လှန်ပြီးမေး၊ ကိုရင်ကဖြေ၊ ဖြေ တာမှ ချစ်သားရာဟုလာ ရေခွက်ထဲ ရေမရှိတော့ဘဲ ရေခွက်



www.burmeseclassic.com

www.burmeseclassic.com



ချည်း အချည်းအနှီး ဖြစ်နေသလို အရှက်မရှိလိမ်ညာသူရဲ့ သန္တာ
မှာလဲ ကိုယ်ကျင့်တရားဆိုတာ တစ်စက်မှမရှိ အချည်းနှီးသာ ဖြ
နေတယ်လို့ ဆုံးမတာကွ။ ကိုယ်ကျင့်တရား မရှိပုံကို ရေခွက်ထ
ရေထည့်ပြီး လက်တွေ့ပြဆုံးမတာ။ ဒီတော့ မင်းတို့လဲ လိမ်မ
ညာမယ်ဆိုရင် ဒါ ငါ့သန္တာန်မှာ ကိုယ်ကျင့်တရား မရှိလို့ လိမ်ည
မိတာပဲ၊ နောင် . . . ဒီလို မလိမ်မညာမိအောင် ကိုယ်ကျင့်တရ
ရှိအောင် ငါနေထိုင်သွားမယ်လို့ ကိုယ့်ဘာသာကိုယ်ဆုံးဖြတ်ပြ
သတိနဲ့၊ အသိနဲ့၊ ဉာဏ်နဲ့ ချင့်ချိန်နေသွားကြပေတော့ဗျား"

"ကဲ . . . ကဲ . . . နောက်အပတ်ကျမှ စစ်ဆင်ကြီး ဥပမ
ကိုပေးပြီး ဆုံးမတာကို ဆက်ပြောပြမယ်"

အမှတ် (၉)၊ မြေလား ၂၀၀၇ ခု

❑



# မှသားရှောင်ခြင်း ယဉ်ကျေးမှု (၃)

"ဟဲ့ . . . အောင်ဘု"

"ဘာလဲ . . . ခင်စိန်မ"

"လမ်းမှာ နင်လုပ်ပုံက မရိုင်းစိုင်းဘူးလား"

"ငါ ဘာလုပ်လို့လဲ"

"ဟဲ့ . . . အခုန တို့ဒီကိုလာတုန်းက နင်တို့ရှေ့က ပန်းတက်ပြီး ဖုန်တွေကို ခြေနဲ့ခတ်ခတ်ပြီး သွားတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ဟုတ်တယ် . . . ဟုတ်တယ်၊ တို့ မနည်းကို
ရှောင်ရတာကွ"

"ဟ . . . ဒါက ငါသွားတတ်သလို သွားတာပါ ညီကြီးရာ
ဖုန်မပေချင်ရင် ကြည့်ရှောင်ပေါ့"

"အံမာ . . . သွားတတ်သလို သွားတာတဲ့။ အားကြီးဟုတ်
ပေါ့၊ ဒါ . . . ဟိုဘက်အပိုင်းက ထွေးငယ်တို့ ပါလာတာ တွေ့လို့
တမင်လုပ်တာ"

"မဟုတ်ရပါဘူး၊ ငါ့ဟာငါ သွားတာပဲဟာ"

"အတော်လိမ်ရဲတဲ့ ကောင်၊ ဒါကြောင့်မို့လဲ ဟိုကောင်မက
သူ့ကို ကလော်တုတ်သွားတာ"

"ငါလည်း ပြန်တုတ်တာပေါ့၊ ဘယ်ခံမလဲ"

"ဟဲ့ . . . ကောင်းမလားဟဲ့၊ ဆဲကြဆိုကြနဲ့ဟာ၊ ဟော . . .
ဘဘ ဆင်းလာပြီ"

"မခင်စိန်တို့ ပြောတာတွေ ဘဘအကုန်ကြားတယ်၊ အိပ်နေ
တာ မဟုတ်ဘူး၊ စာကြည့်နေတာ၊ နေစမ်းပါဦး ကိုရွှေအောင်ဘုက
ဘာလို့ ရိုင်းရိုင်းစိုင်းစိုင်း လုပ်ရတာလဲ"

"ဟို ထွေးငယ်မဆိုတာက ကျွန်တော့်တွေ့ရင် ထိုးထွမ်းနဲ့
စောင်းစောင်းမြောင်းမြောင်း လုပ်လွန်းလို့ပါ . . . ဘဘ၊ တစ်ခါက





သူတို့ခွေး ကျွန်တော့် လိုက်ကိုက်တာကို ကျွန်တော်က လေးခွနဲ့
လိုက်ပစ်လို့တဲ့"

"ဒါနဲ့များ သူလုပ်တိုင်း လုပ်ရမလား အောင်ဘုရယ် . . ."

"ကျွန်တော် မှားသွားပါတယ် . . . ဘဘ"

"မင်းမလဲ ပြောလိုက်မှဖြင့် ကျွန်တော် မှားသွားတယ်နဲ့
ချည်းပဲကိုး။ မကောင်းမှန်း မတော်မှန်းသိရက်နဲ့ သူများ စိတ်ဒုက္ခ
ရောက်အောင် လုပ်ရတယ်လို့ ဘာလို့ ရမ်းကားတဲ့ စိတ်ရိုင်းကို
မွေးရတာလဲ . . . ညီကြီး၊ မင်း ဦးလေးစာထဲမှာ ပါသေးလား"

"ပါတယ် . . . ဘဘ

ဆဲရေးတိုင်းထွာ၊ ဖရုသာ၊ ဘယ်နေရာမှ မပြောနဲ့ တဲ့ပါ
. . . ဘဘ"

"အေး . . . ဟုတ်တယ် သွားရင်းလာရင်း ရန်စ၊ နောက်
. . . ဆဲဆိုကြနဲ့ဟာ ဘယ်ကောင်းမလဲ၊ မိဘတွေက မဆုံးမလို့
နေမှာလို့ ကြားသိရတဲ့ သူတွေက ထင်မှာ၊ သွားသွားလာလာရှိတဲ့
အခါမှာလည်း ယဉ်ကျေးသိမ်မွေ့ရတယ်၊ သိက္ခာကျနွေရှိရတယ်"

"အိမ်မှာပဲဖြစ်ဖြစ်၊ ကျောင်းမှာပဲဖြစ်ဖြစ်၊ ကစားတဲ့နေရာ
မှာပဲဖြစ်ဖြစ်၊ ရုန့်ရင်းကြမ်းတမ်းတဲ့ စကားကို မပြောရဘူး။ သူများ
မခံချင်အောင် မစရဘူး၊ အဲဒါ မှတ်ထားကြ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ . . . ဘဘ"

"ဒါနဲ့ . . . ဘဘ၊ ကိုရင်ရာဟုလာကို ဘုရားရှင်ဆုံးမပုံ လေး
ဆက်ပြောပြပါဦး"

"အေးအေး . . . မောင်သီလ ပြောပြမယ်၊ ကိုရင်ရာဟုလာ
ကို ခုနစ်နှစ်အရွယ်လောက်ကတည်းက သူ့ဖခင် ဗုဒ္ဓက မုသား
မပြောဖို့ ဆုံးမထားတာ . . ."

"အောင်ဘု မင်းအသက်က"

"၁၃ နှစ် . . . ဘဘ"

"အံမယ် ကိုရင်ရာဟုလာထက် ၆ နှစ်တောင် မင်းက ပိုသေး
တယ်၊ ဒီတော့ ပိုပြီး လိမ္မာရမှာကွ"

"အဲ ဗုဒ္ဓက ပြောတယ် ရာဟုလာတဲ့ ဘုရင်မင်းမြတ်ရဲ့
စစ်ဆင်ကြီးဟာ စစ်မြေပြင်ရောက်တော့ ရှေ့ခြေနှစ်ချောင်းနဲ့လဲ
ရန်သူကို ခုတ်တယ်၊ နောက်ခြေနှစ်ချောင်းနဲ့လဲ ရန်သူကို တန်
ထုတ်တယ်၊ ရှေ့ကိုယ်နဲ့လဲ တိုက်ပစ်တယ်။ နောက်ကိုယ်နဲ့လဲ တွန်း
ပစ်တယ်။ နားရွက်နှစ်ဖက်နဲ့လဲ ရန်သူပစ်တဲ့ မြားတံစတာတွေကို
ပုတ်လှတ်တယ်။ ဦးခေါင်းကို မော့ပြီး မျက်စိနှစ်လုံးနဲ့လဲ ရန်သူကို
ကြည့်တယ်။ အစွယ်နှစ်ချောင်းနဲ့လဲ ထိုး ဘာပဲ။ ဒါပေမယ့် သူ့
နှာမောင်းကိုဖြင့် ခံတွင်းထဲသွင်းပြီး ဝှက်ထားတယ်"





ဒီအခါ ဆင်ဦးစီးက ဘုရင့်စစ်ဆင်ကြီးက အသက်စွန့်ပြီး
အလုပ်မလုပ်သေးဘူးလို့ ကြံသတဲ့။

ဒီလိုနဲ့ တစ်ချိန်မှာ စစ်ဆင်ကြီးက အခုနလို တစ်ကိုယ်လုံး
ရှိသမျှတွေနဲ့ အလုပ်လုပ်ရုံမက နှာမောင်းကြီးထုတ်ပြီး သစ်တုံး
တွေ ပွေ့ယူ၊ ရန်သူဆီ လှမ်းပစ်နဲ့ လုပ်လာတယ်။ ရန်သူ ခံတပ်တွေ
ကို ရိုက်ချိုးနှင်းနယ်လုပ်လာတယ်။ ဒီအခါ ဆင်ဦးစီးက . . .

"ဘုရင့်စစ်ဆင်ကြီး အသက်စွန့်ပြီး တိုက်ပြီဟေ့ . . . သူ့
တစ်ကိုယ်လုံး ဘယ်နေရာမှ မကျန်တော့ဘူး"လို့ ကြံစည်နေသတဲ့။
ချစ်သားရာဟုလာ ဆင်ဦးစီးကြံသလိုပါပဲ"

"မဟုတ်မှန်း သိရက်နဲ့ မုသားစကားပြောတဲ့ အမူဆိုတာ
အရှက်မရှိတဲ့ ပုဂ္ဂိုလ်အား တစ်စုံတစ်ခု သူမပြုဝံ့တဲ့ မကောင်းမှု
ဆိုသရွေ့ ရှိကို မရှိတော့ဘူး ရာဟုလာ . . ."

ဒါကြောင့် ဆင်ချစ်သားဟာ ငါကား ရယ်ရွှင်မြူးထူး ပျော်ပါး
လို၍တောင်မှ မုသားစကားကို မပြောဆိုတော့ အံ့လို့ နှလုံးသွင်း
ကာ သိက္ခာသုံးပါး အကျင့်တရားကို ကျင့်ကြံအားထုတ် ရမယ်ဆို
ပြီး အလွန်လေးနက်တဲ့ အဆုံးအမကို ဗုဒ္ဓက ပေးလိုက်တယ်။

ဒီတော့ မင်းတို့လဲ ကြားပြီပဲဟာ မုသားစကား ပြောသူအဖို့
အကုသိုလ်မှန်သမျှ ဘာမဆိုလုပ်ရဲပုံကို စစ်ဆင်ကြီးလုပ်ပုံနဲ့ ဥပမာ



www.burmeseclassic.com

www.burmeseclassic.com



ပြုပြီး ဆုံးမသွားတာလေ"

"ဟုတ်ကဲ့ပါ . . . ဘဘ"

"ဒီတော့ . . . မင်းတို့ ပြန်ဖြေစမ်း၊ စစ်ဆင်ကြီးဟာ ခြေရော၊ လက်ရော၊ ကိုယ်ရော၊ အစွယ်တို့၊ မျက်စိတို့၊ နှာမောင်းတို့နဲ့ ဘာမှမကျန်အောင် အလုပ်လုပ်သလား၊ မလုပ်ဘူးလား"

"အလုပ် လုပ်ပါတယ် . . . ဘဘ"

"ဒါဆို မုသားပြောတတ်သူဟာ သူ့အသက်ကို သတ်ရဲမသတ်ရဲကွာ"

"သတ်ရဲတယ် . . . ဘဘ"

"မင်း . . . သတ်သလားလို့ မေးရင်ကော"

"မသတ်ဘူးလို့ လိမ်မယ် . . . ဘဘ"

"သူ့ . . . ဥစ္စာကော"

"ခိုးမယ် . . . ဘဘ၊ မေးရင် မခိုးဘူးလို့ သူလိမ်မယ်"

"သူတစ်ပါး သားမယားကော"

"ဖျက်ဆီးမယ်၊ မေးရင် မဖျက်ဆီးဘူးလို့ လိမ်မယ်"

"မုသား စကားကော"

"ပြောမယ် . . . ဘဘ၊ မေးရင် မပြောဘူးလို့ လိမ်မယ်"

"သေရည် အရက်ကော'





"သောက်မယ် . . . ဘဘ၊ မေးရင်တော့ မသောက်ဘူးလို့ သူ လိမ်မှာပဲ"

"နောက် . . . ကုန်းတိုက်တာ၊ ဆဲတာ၊ အကျိုးမဲ့ စကားပြောတာတွေကော"

"လုပ်မယ် . . . ဘဘ၊ မေးရင်တော့ ဘူးကွယ်ပြီး သူလိမ်မှာပဲ"

"ဒါဆိုရင် မုသားပြောတတ်သူဟာ သူမလုပ်ရဲတဲ့ အကုသိုလ်ဆိုတာ ကျန်သေးရဲ့လား"

"မကျန်ဘူး . . . ဘဘ"

"အေး . . . ဟုတ်ပြီဗျား၊ ဒါကြောင့် မုသားစကားကို တစ်သက်လုံး မပြောဖြစ်အောင် ရှောင်ကြပေါ့ဗျား"

"ဟုတ်ကဲ့ပါ . . . ဘဘ"

အမှတ် (၁၀)၊ မေလ၊ ၂၀၀၇ ခုနှစ်

□



www.burmeseclassic.com

www.burmeseclassic.com



မုသားရှောင်ခြင်း ယဉ်ကျေးမှု



## မုသားရှောင်ခြင်း ယဉ်ကျေးမှု (၄)

"မောင်သီလ ..."

"အမိန့်ရှိပါ ... ဘဘ"

"လူစုံရောက်ရောပေါ့ ..."

"ဟုတ်ကဲ့ပါ ... စုံလောက်ပါပြီ၊ ခင်စိန်မသာ မလာသေးတာ ..."

"ဘာ ... မလာသေးတာလဲ၊ အခုလာတာ နင်မမြင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား အောင်ဘု . . .”

“မြင်တော့မြင်သား၊ ငါလဲ ထင်တယ် နင်ပဲလို့”

“ဒီကောင်နော်၊ ငါ . . . ခေါက်ထဲ့လိုက်ရ”

“အေးကွယ် . . . မခင်စိန်တို့ မောင်နှမကဖြင့် မတွေ့လိုက် နဲ့ တွေ့လိုက်တာနဲ့ စကြနောက်ကြပဲ၊ အတော် ခင်တာပဲနော်”

“ဟုတ်ကဲ့ပါ . . . ဘဘ၊ ကျွန်တော်တို့က ဘယ်လို စစ နာပြ တာ မဟုတ်ဘူး။ အိမ်မှာဆို ဒီထက်ဆိုးတယ်”

“အေး . . . အေး၊ ကိုယ့်အချင်းချင်းတွေပဲ ဘာလို့ စိတ်ဆိုး စိတ်ခုရှိရမှာလဲ ပျော်ပျော်ပဲပေါ့”

“ဒါနဲ့ ဒီနေ့ မင်းတို့ထဲမှာ မိဘရဲ့ အချီးကျူး ခံရတဲ့သူ မရှိ ဘူးလား . . .”

“ရှိပါတယ် . . . ဘဘ၊ ကျွန်တော်ပါ . . .”

“ဟေ . . . မောင်သီလကိုး၊ ဘယ်သူက ချီးကျူးတာလဲ”

“မေမေပါ”

“ဘာမို့လဲကွ”

“ညက ညီမလေး ယဉ်မေ ကိုယ်လေးနွေးပြီး ဘာအစာ မှားလဲ မသိဘူး။ အော့အန်တယ် . . . ဘဘ၊ အဲဒါ မေမေတို့က မခိုင်းဘဲနဲ့ ကျွန်တော့်ဘာသာ ကျွန်တော် ကျုံးပြီးသွန်ပစ်တယ်





ကြမ်းကိုလဲ ရေဆေးပြီး အဝတ်စုတ်နဲ့တိုက်တယ်။ အဲဒါကို အမေက ချီးကျူးတာ”

“နို့ . . . ဘယ်လိုချီးကျူးလဲ”

“ငါ့သားလေး လိမ္မာလာပြီ၊ ခိုင်းစရာမလိုဘဲ ကိုယ့်ဘာသာ ကိုယ် တာဝန်သိတတ်တဲ့၊ အဲဒါ မဂ္ဂက်ထော်တောင်သိတယ်”

“ဟုတ်တယ် . . . ဘဘ၊ သမီးက သူတို့အိမ်မှာ ဒီတုန်းက ရောက်နေတာ”

“အေး . . . မင်းတို့ အကြားနော်၊ မောင်နှမချင်းဆိုတာ မေတ္တာ၊ ကရုဏာထားကြရတယ်၊ ချစ်ခင်ရမယ်၊ သနားရမယ်၊ လုပ် စရာရှိရင် နင်လုပ်ငါလုပ်နဲ့ တွက်ကတ်မနေရဘူး။ နိုင်တဲ့ ဝန်ဆို ဦးသူက ထလုပ်လိုက်ရတာ၊ ဒါမှ တစ်အိမ်သားလုံး စိတ်ချမ်းသာ ရမှာ၊ နို့မဟုတ်ရင်လား၊ လူကြီးတွေက မလုပ်ရကောင်းလားဆိုပြီး မြည်တွန်တောက်တီးရင် ဘယ်ကောင်းမလဲ၊ ကိုယ်လည်း စိတ်ဆင်း ရဲရ၊ သူလဲ စိတ်ဆင်းရဲကြရနဲ့ဟာ”

“ဒါကြောင့် မနက်လင်းသို့ မျက်စိနှစ်လုံးပွင့်လာတာနဲ့ ကိုယ့် အသိဉာဏ်ကို ရှေ့တန်းတင်ပြီး ဆင်ခြင်စဉ်းစားနေထိုင်ကြရမှာ နော်”

“ဟုတ်ကဲ့ပါ . . . ဘဘ”



www.burmeseclassic.com

www.burmeseclassic.com



"နို့ . . . အောင်ဘုကကော"

"အတိုင်းတိုင်းပဲ . . . ဘဘ"

"ဟဲ့ . . . မင်းဟာက ဘာအတိုင်းတိုင်းလဲ"

"ဆူလဲမဆူ၊ ရိုက်လဲမရိုက်၊ မချီးလဲ မချီးမွမ်းမိုလို့ပါ"

"ဟား . . . ဟား၊ လက်စသတ်တော့ အောင်ဘုအတိုင်းတိုင်းက ဒါပဲကိုး၊ ဟုတ်လား မခင်စိန်"

"ဟုတ်ပါတယ် . . . ဘဘ၊ သူက ပြောမထူး ဆိုမထူးသမားမို့ပါ။ တစ်ခါက ကြီးကြီးက သူ့ကို ချီးကျူးဖူးတယ်"

"ဘယ်လို ချီးကျူးလဲ"

"အောင်ဘုက ဘာခိုင်းခိုင်း ဖောက်ထိုးမိုးမျှော်သမားတဲ့ . ."

"ဟား . . . ဟား . . . ဟုတ်လား အောင်ဘု"

"ဟုတ်ပါတယ် . . . ဘဘ"

"နို့ . . . မင်းက ဘယ်လိုလုပ်လို့လဲ"

"သမီး ပြောမယ်ဘဘ၊ မနေ့က မနက်မှာပေါ့၊ ကြီးကြီးက ဟင်းအိုးကြီး ချက်မလို့ တာန်းလန်းနဲ့မို့၊ ဟဲ့ . . . အောင်ဘု သားလေး ငရုတ်သီး အစိမ်းမှုန့်တစ်ထုပ် ပြေးဝယ်စမ်း ခိုင်းတာ ဝယ်လာတော့ အကျက်မှုန့်ကြီးရယ် ဘဘ"

"ဟုတ်လားကွ . . ."



"ဟုတ်ပါတယ်"

"နို့ . . . မင်းက အစိမ်းမှုန့်ဆိုတာ မကြားလို့လား"

"ကြားတော့ ကြားတယ်၊ ကစားရင်းတန်းလန်းမို့ ငရုတ်သီးပဲမှတ်ပြီး ဆိုင်ကိုပြေးဝယ်တာ၊ ကိုယ့်ဟာကိုယ် ငါးဆယ်တန် တစ်ထုပ်နှိုက်ပြီး ပြန်ပြေးလာတာကိုး ဘဘရဲ့ . . ."

"အံ့ပါကွာ . . .၊ မိဘခိုင်းရင် နမော်နမဲ့ မလုပ်ရဘူး။ မသေချာရင် ပြန်မေးကြည့်မှပေါ့၊ လေးလေးစားစားနဲ့ ဂရုတစိုက် လုပ်ရတာမျိုး၊ အခုလို မင်းက တလွဲတချော်လုပ်တော့ မင်း မေမေခမျာ ဒေါသလဲဖြစ်ရ၊ အချိန်လဲကုန်ရနဲ့၊ ဟင်းချက် နောက်ကျရော၊ ဒီတော့ ဘုန်းကြီးဆွမ်းခံလဲ ပျက်ရ၊ ထမင်းစားပြီးမှ အလုပ် သွားလုပ်မယ့်သူဆိုရင်လဲ ထမင်းစား နောက်ကျတော့ အလုပ်နောက်ကျခဲ့ပေါ့"

"ဒါဟာ မင်းတစ်ချက်လေး သတိလွတ်သွားတာနဲ့၊ နမော်နမဲ့လုပ်တာနဲ့ အားလုံး အံချော်ကုန်တာ သိလား"

"ဟုတ်ကဲ့ပါ . . . ဘဘ၊ ကျွန်တော်ချည်း မဟုတ်ဘူး၊ ဝွတ်ထော်လည်း ဒီလိုပဲ"

"မဝွက်ထော်က ဘယ်လိုမို့လဲ"

"ဟဲ့ . . . အောင်ဘု ငါက ဘာမှိုလို့လဲ"

ပုတ္တူကျေးလေး စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဟ . . . မနက်ကပဲ ဒေါ်ဒေါ်က အသုပ်ဝယ်ခိုင်းတာ အချဉ်ရေ မတောင်းခဲ့လို့လေ"

"ဟုတ်လား . . . မဂွက်ထော်"

"ဟုတ်ပါတယ်၊ မေမေက အချဉ်ရေပါ တောင်းခဲ့ဆိုတာ သမီး မေ့သွားပြီး ခေါက်ဆွဲသုပ်လေးလဲရရော သမီး ပြန်ထွက် လာလို့ပါ"

"နောက် ဒါမျိုး မဖြစ်စေရဘူး၊ သမီးတို့လည်း အမေ-အဖေ ခိုင်းလိုက်တဲ့အပေါ်မှာ စိတ်ကိုထားပြီး စဉ်းစားနေရမှာ၊ မောင်ညို ကြီး မင်းဦးလေး ဘုန်းကြီးစာ"

"ဟုတ်ကဲ့ . . ."

***"မအေမိဘ၊ မှာသမျှ၊ မှတ်ခဲ့ကြကွယ် မမေ့နဲ့ လုပ်တဲ့အခါ၊ တိကျစွာ၊ လုပ်ပါလေကွယ် တပည့်ရဲ့"***

"အင်း . . . ကောင်းပါပေ့ကွာ၊ ဒါတွေဟာ လိမ္မာယဉ်ကျေး သူတွေရဲ့ လုပ်ထုံးပဲ၊ ကိုယ့်မိဘက တစ်ခုခုခိုင်းရင် ဘာခိုင်းတယ် လို့ မှတ်၊ မှတ်ပြီးတော့ မလွဲမချော်ရအောင်လုပ်၊ ဒါမှလဲ မိဘတွေ မှာ မင်းတို့ကို စိတ်ချရမှာကွ"

"ဘဘ . . . ဘုရားနဲ့ ကိုရင်ရာဟုလာတို့အကြောင်း ပြီးပြီ လား"





"မပြီးသေးဘူး မောင်သီလ ကျန်သေးတာ၊ နို့ပေမယ့် အခု ချိန်မရှိတော့ဘူး၊ နောက်တစ်ပတ်မှ ပြောကြတာပေါ့၊ ကဲ . . . င်္ဂလာပါ"

"မင်္ဂလာပါ . . . ဘဘ"


အမှတ် (၁၁)၊ ဇွန်လ၊ ၂၀၀၇ ခုနှစ်

□



www.burmeseclassic.com

www.burmeseclassic.com




မှူတူတူးလေး စာအုပ်တိုက်

## မုသားရှောင်ခြင်း ယဉ်ကျေးမှု (၅)

"ကဲ . . . မောင်အောင်ဘို၊ ဟိုအပတ်က ဘဘပြောခဲ့တယ် မဟုတ်လား၊ ဗုဒ္ဓတို့ သားအဖအကြောင်းလေ"

"ဟုတ်ကဲ့ပါ . . . ဘဘ"

"အေး . . . ဒါ အခု အရင်ပြောမယ်'

"ဒီလိုကွ . . . ဗုဒ္ဓက ကိုရင်ရာဟုလာကို မှန်အကြောင်း မေးတယ်။ ဒီတော့ . . . ဘဘက ကိုရင်ရာဟုလာ မပြောခင်

မှူတူတူးလေး စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ အရင်ပြောရအောင် စ,မေးမယ် အားလုံးဖြေနော်"

"ဟုတ်ကဲ့ပါ"

"ကဲ . . . ဖြေ၊ မှန်ဆိုတာ ဘာလုပ်ရတာလဲ"

"အလှပြင်ရင် ကြည့်ရတာ"

"ခေါင်းဖြီးရင် ကြည့်ဖြီးတာ . . ."

"ကိုယ့်မျက်နှာ လှမလှ ကြည့်တာ"

"အေး . . . အေး မင်းတို့ပြောတာတွေ မှန်တယ်ကွ"

"အဘနှယ် ခင်စိန်မတို့ဆိုရင် ဖင်ကို နောက်ကို ချိတ်နေအောင်လုပ်၊ ရင်ကိုကော့ပြီး မှန်ထဲပေါ်လာတဲ့ သူ့နောက်ကျောကိုတောင် လှမလှ ကတ်သီးကတ်သတ် ကြည့်သေးတာ"

"ဟဲ့ အောင်ဘုစုတ်၊ ငါလေ ဘဘရှေ့မှီ့ မပြောလိုက်ချင်ဘူး၊ ဒီအကောင် . . .

"ဟေ့ . . . ဒီအကောင် မရှိဘူး၊ ငါမရှိ သူမရှိ ရုပ်နဲ့နာမ်ပဲ ရှိတာ"

"ဟေ . . . အဲဒါ မင်းဘယ်သူပြောလဲ"

"အဘိုးတို့ စကားဝိုင်းက ပြောသံကြားရလို့ မှတ်ထားတာ . . . ဘဘ"

"ငါတော့ မင်းကို အထင်ကြီးသွားပြီကွ မင်းတို့ အောင်ဘု





ပြောတာ မှတ်ထားနော်၊ ငါ ဆိုတာလဲ မရှိ၊ သူ ဆိုတာလဲ မရှိ၊ အမှန်က ရုပ်နဲ့နာမ်သာ ရှိတာ၊ ရုပ်နဲ့ နာမ် ပေါင်းထားတာကို လူပဲ၊ နတ်ပဲ၊ ခွေးပဲ၊ ဝက်ပဲလို့ ခေါ်နေတာ၊ ကဲ . . . အဲဒါတွေထား . . .

"မင်းတို့က မှန်ဆိုတာ ဘာလုပ်ရမယ်ဆိုတာကို ပြောပြီး ကိုရင်ရာဟုလာ ဖြေတာကိုလဲ မှတ်ထားဦး"

"ဗုဒ္ဓက မှန်ဆိုတာ ဘာလုပ်ရလဲလို့ မေးတော့ ကိုရင်ရာဟုလာက . . ."

"ဗုဒ္ဓဘုရား လူ့မျက်နှာမှာ ပေါက်တဲ့ မှဲ့မည်းများ၊ ဝက်ခြံများကို ကြည့်ပြီး ဆင်ခြင်ရတဲ့အကျိုးရှိပါတယ်တဲ့၊ ကိုရင် ဖြေတာနော်"

"ဟုတ်ကဲ့ပါ"

"မင်းတို့လို အလှကြည့်ဖို့ ဆိုတာပါလား"

"မပါဘူး . . . ဘဘ"

"အဲလို ဖြေတော့ . . . ဗုဒ္ဓမြတ်စွာက မှန်ကို သာဓကပြုပြီး ဆုံးမတယ်လေ၊ ဆုံးမပုံ အချုပ်က "သားတော် ရာဟုလာ၊ မှန်လိုပဲ ငါ့ ကိုယ်လုပ်မယ့် အလုပ်တစ်ခုခုဟာ ကိုယ်ရော၊ သူရော ဆင်းရဲဒုက္ခဖြစ်စေမှာလား၊ ဒုက္ခတွေ ပွားပြီး အကုသိုလ်ဖြစ်စေနိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



လားလို့ ဉာဏ်မျက်စိနဲ့ ကြည့်တဲ့။ အဲလို . . . ကြည့်တဲ့အခါမှာ ကိုယ်ရော၊ သူရော ဒုက္ခဖြစ်မယ်၊ အကုသိုလ်ဖြစ်မယ်ဆိုရင် အဲဒီ အလုပ်ကို မလုပ်နဲ့၊ အဲဒီ အပြောမျိုးကို မပြောနဲ့၊ အဲဒီအကြံမျိုး ကို မကြံနဲ့တဲ့"

"တကယ်လို့ ကိုယ်လုပ်မယ့်အလုပ်၊ ကိုယ်ပြောမယ့် စကား၊ ကိုယ်ကြံတဲ့ အကြံအစည်ဟာ ကိုယ်ရောသူရော ချမ်းသာမယ်၊ ကုသိုလ်ဖြစ်မယ်ဆိုရင် လုပ်ဖြစ်အောင်လုပ်၊ ပြောဖြစ်အောင်ပြော၊ ကြံဖြစ်အောင်ကြံတဲ့၊ ဒါဟာ အလုပ်ခင်၊ မပြောခင်၊ မကြံခင်က ကိုယ့်ဉာဏ်နဲ့ ဆင်ခြင်ကြည့်ရမှာနော်၊ ကြားလား"

"ဟုတ်ကဲ့ပါ . . . ဘဘ"

"အဲ . . . လုပ်နေဆဲ၊ ပြောနေဆဲ၊ ကြံနေဆဲ၊ တန်းလန်းမှာလဲ၊ အခုလိုပဲ မှန်ကြည့်သလို ဉာဏ်မျက်စိနဲ့ ကြည့်တဲ့၊ ဒုက္ခဖြစ်စေမယ်၊ အကုသိုလ်ဖြစ်စေမယ်ဆိုရင် ရပ်ပစ်လိုက်၊ သုခ ဖြစ်စေမယ်၊ ကုသိုလ်ဖြစ်စေမယ်ဆိုရင် ပြီးအောင်သာလုပ်ပေတော့၊ ပြောပေတော့၊ ကြံပေတော့တဲ့။ ဒါဟာ လုပ်နေဆဲ တန်းလန်းမှာဆိုတော့ ပစ္စုပ္ပန်ခေါ်တာပေါ့၊ နောက်တစ်ချက်က လုပ်ပြီးမှဆိုရင်တော့၊ ပြောပြီးမှဆိုရင်တော့ ကိုယ်လုပ်ခဲ့တဲ့ အလုပ်၊ ပြောခဲ့တဲ့ စကားတွေ ကို ဘုရားထံမှာ၊ ဒါမှမဟုတ် သိကြားလိမ္မာတဲ့ သီတင်းသုံးဖော်





အထံမှာ၊ ဒါက သာသနာ့ဘောင်မှာဆိုရင် သီတင်းသုံးဖော်ပေါ့။ တို့ လူ့ဘဝမှာ ဆိုရင် မိဘဆရာသမားတို့၊ အသက် သိက္ခာကြီးသူတို့ စသဖြင့်ပေါ့ကွာ၊ တစ်ဦးဦးထံမှာ ကိုယ်အလုပ် မှားတာကို၊ အပြော မှားခဲ့တာကို တင်ပြပြီး မှားကြောင်း ဝန်ခံ၊ နောင်မလုပ်မိ၊ မပြောမိ အောင် စောင့်စည်းရမယ်တဲ့"

"အဲ ကိုယ်ကြံစည်တာက အမှားဖြစ်နေမယ်၊ ကိုယ်လဲ ဒုက္ခ ဖြစ်၊ သူများလဲ ဒုက္ခဖြစ်စေမယ်ဆိုရင် ဒီအကြံကို ငြီးငွေ့ရမယ်၊ ရှက်နိုးရမယ်၊ စက်ဆုပ်ရွံရှာရမယ်၊ နောင် မကြံဖြစ်အောင် စောင့် ထိန်းရမယ်တဲ့"

"အေး . . . တစ်ခုတော့ရှိတယ်။ ကိုယ့်အကြံက ကိုယ်လဲ ချမ်းသာနိုင်၊ ကုသိုလ်ရနိုင်၊ သူတစ်ပါးလဲ ချမ်းသာနိုင်မယ်၊ ကုသိုလ် ရနိုင်မယ်ဆိုရင်တော့ နေ့နေ့ညည အဲဒီကုသိုလ်နဲ့စပ်ပြီး နှစ်သက် ခြင်း၊ ဝမ်းမြောက်ခြင်းဖြစ်ကာ၊ သိက္ခာ သုံးပါး၊ ကိုယ်ကျင့်တရားကို ဆက်လက် အားထုတ်ပေတော့" "ချစ်သား ရာဟုလာ၊ ရှေးရှေး သော ဘုရားစတဲ့ သူတော်ကောင်းတွေဟာ အခုလိုလဲ ဉာဏ်နဲ့ ဆင်ခြင်ကြည့်ပြီးမှ ကိုယ်လုပ်တဲ့ အလုပ်၊ ကိုယ်ပြောတဲ့အပြော၊ ကိုယ်ကြံတဲ့ အကြံကို စင်ကြယ်အောင် လုပ်ခဲ့ကြတယ်"

"ဒါကြောင့်မို့ ဘာမဆို ဉာဏ်နဲ့ ဆင်ခြင်ပြီးမှ လုပ်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



ကြံပါလို့ ဆုံးမလိုက်တယ်"

"ဒီတော့ . . . ဟိုမောင်အောင်ဘု ပြောစမ်း၊ ဟိုတစ်ခါ မင်းဖုန်တွေကို ခြေနဲ့ မခတ်ဘူးလား"

"ခတ်ပါတယ် . . . ဘဘ"

"ဒီဟုန်းကများ အခုလို ဆင်ခြင်ကြည့်ရင် ဘယ်ခတ်ဖြစ်မလဲ"

"ခုတော့ သူရော မင်းတို့ရော ဖုန်တွေပေ၊ အသက်ရှုကျပ်နဲ့ ဒုက္ခမဖြစ်ဘူးလား"

"ဖြစ်ပါတယ် ဘဘ"

"ပေတော့ ဟိုထွေးငယ်မဆိုသူတွေက မဆဲဘူးလား"

"ဆဲပါတယ် . . . ဘဘ"

"အောင်ဘုကကော"

"ပြန်ဆဲပါတယ် ဘဘ"

"ဆဲတာက အကုသိုလ်လား၊ ကုသိုလ်လား"

"အကုသိုလ်ပါ ဘဘ"

"အေး . . . ဒေါသ အကုသိုလ်ပဲပေါ့"

"ဒါကို မခတ်ခင်က ကိုယ်ရော၊ သူရော ဒုက္ခဖြစ်မှာ၊ အကုသိုလ်ဖြစ်မှာကို ဆင်ခြင်မိရင် လုပ်ပါဦးမလား"





"မလုပ်ဖြစ်တော့ပါ . . . ဘဘ"

"အဲ . . . ဟုတ်ပါ့၊ ဒါကြောင့် ဒီနေ့ကစပြီး မျက်နှာမှာ အပြစ်ရှိမရှိ မှန်နဲ့ကြည့်ပြီး ဆင်ခြင်ရသလို ကိုယ့်အလုပ်၊ ကိုယ့်အပြော၊ ကိုယ့်အကြံတို့ကိုလဲ ဉာဏ်မျက်စိမှာ အပြစ်ရှိမရှိ ကြည့်တတ်အောင် လေ့ကျင့်ထားကြပေတော့ဗျာ"

အမှတ် (၁၂)၊ ငုလိုင်လး ၂၀၀၇ ခုနှစ်

□



www.burmeseclassic.com

www.burmeseclassic.com



မုသားရှောင်ခြင်း ယဉ်ကျေးမှု



## မုသားရှောင်ခြင်း ယဉ်ကျေးမှု (၆)

"အောင်ဘု"

"ပြော . . . ခင်စိန်မ"

"နင်ဟာလေ ကျွဲပါးစောင်းတီး သက်သက်ပဲ"

"ဟဲ့ . . . ငါက ဘာမို့လဲ"

"ဘာရမလဲ အခုလို ယဉ်ကျေးမှုစကားဝိုင်းလဲ မှန်မှန်ထိုင်

ကာ ပါဝင်ဆွေးနွေးလဲ ဆွေးနွေးရက်၊ ဟို ဘဘပြောတာဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



တွေလဲ မှတ်နိုင်ရက်နဲ့"

"ဒါနဲ့တောင် နင်လုပ်လိုက်မှဖြင့် တလွဲတချော် ချည်းပဲ"

"အောင်ဘုု . . . သူငယ်ချင်း မင်းကဘာတွေ ချော်ရပြ

ပြီလဲ"

"အေး . . . ညီကြီးရ၊ ငါလဲ ငါ့ဟာငါ ဘာတွေ ချော်ရတ

ဆိုတာ မသိပါဘူးကွာ၊ အခု ခင်စိန်မ အစိမ်းသက်သက်လ

ဟောက် နေတာပဲ သိရတယ်"

"နို့ . . . မခင်စိန်ကလည်း အောင်ဘုု တလွဲတချေ

လုပ်တာကို ပြောဦးမှပေါ့"

"ပြောမှာပေါ့ဟဲ့ . . . နင်တို့ အသိပဲ၊ ဘာဘ ပြောတာ၊ ဘု

က သူ့သား ရာဟုလာကို ဆုံးမတာလေ"

"ဘာမဆို လုပ်မယ်ဆိုရင် မလုပ်ခင်က လုပ်သင့်မလုပ်သ

ဆင်ခြင်ရမယ်ဆိုတာလေ"

"အေးအေး . . . ဒါတို့ သိတယ်၊ မှတ်လဲ မှတ်မိပါတယ

အဲဒါနဲ့ . . ."

"အေး . . . အောင်ဘုု လုပ်ပုံလေ၊ ဟိုတစ်နေ့က သူ

အိမ်ရှေ့မှာ ကောက်ညှင်းစပါးလှန်းတယ်လေ။ အဲဒါ ကြက်တ

ကောင်က ဝင်ပြီး ယက်စားနေတယ်"





"ဒါ . . . ယက်မှာပေါ့ ကြက်သဘာဝပဲဟာ ဒါနဲ့ . . ."

"အဲဒါ ကိုအောင်ဘုကြီးက လေးခွနဲ့ ပစ်ထည့်လိုက်တယ်"

"ဟင် ဟုတ်လား"

"အေးကွ ညီကြီး၊ ငါ့အမေက ဟဲ့ . . . ကောက်ညှင်းစပါး

ရှာမယ် ကြက်ယက်စားနေတယ်၊ ခြောက်လိုက်ဆိုတာနဲ့ ခြောက်

တာ"

"ဟဲ့ . . . ဟိုအဒေါ်က ခြောက်ခိုင်းတာက ရှူးရှူးနဲ့ လက်ဝါး

လေး တီးပြီး ပါးစပ်နဲ့ ခြောက်ခိုင်းတာ နင်က လေးခွနဲ့ ဆွဲပစ်ရ

တယ်လို့ဟယ်"

"နေစမ်းပါဦး . . . မင့်ဟာက ကြက်ကို မှန်ရောလား"

"မှန်မယ် . . . အားကြီးမှန်မယ်။ ဒီကောင့်လက်များ ဒီ

လောက်ဖြောင့်တယ်လို့"

"အဲဒါ ညီကြီးရယ် သူ့လောက်စာလုံးက ကြက်မမှန်ဘဲ သူတို့

အိမ်ရှေ့အိမ်က စဉ့်အိုးကြီး သွားမှန်လို့ ကွဲပါရောလား"

"ဟာ . . . အောင်ဘုရယ်၊ ဖြစ်မှဖြစ်ရတယ်လို့၊ ဒါနဲ့ လျော်

ရရောလား"

"လျော်ကြေး ပေးရမပေးရတော့ မသိဘူး။ အဲဒီ အချိန်မယ်

အိုးပိုင်ရှင်ဒေါ်ကြီး လုံးတင်ထွက်ပြီး မအေနှမကုန်အောင် ပွဲကြမ်း



www.burmeseclassic.com

www.burmeseclassic.com



တာကိုတော့ ဒီအကောင် အတော်ကြီးကို ခံလိုက်ရရော"

"ဟုတ်လားကွ . . . သူငယ်ချင်း အောင်ဘု"

"အင်း . . . ဒေါ်ကြီးလုံးတင်ဆဲတာ ခံရရုံဘယ်ကမလဲ ငါ့ အမေနှက်တာလဲ ခံရသေးတယ်။ နင်အရမ်းလုပ်ရတယ်ဆိုပြီး တွယ်ရောကွ"

"ဒါပေါ့ . . . အောင်ဘု၊ ဘဘက ပြောတယ်မဟုတ်လား ဆင်ခြင်ဉာဏ်ကို သုံးရမယ်လို့။ အခုလို ငါ ကြက်ကို လေးနဲ့ပစ်ရင် ကြက်သေရင်၊ တစ်ခုခုဖြစ်ရင် ငါ့မှာ အကုသိုလ်ဖြစ်မယ်၊ မတော် တဆတစ်ခုခုကို၊ တစ်ယောက်ယောက်ကို ကျော့်မှန်ရင် ပြဿနာ ဖြစ်နိုင်တယ်၊ ဘာ့တယ်နဲ့ မပစ်ခင်က ဆင်ခြင်မိရင် ပစ်ဖြစ်မှာတ လား"

"အေး . . . ပစ်တာတောင် ကြက်ပြေးရုံလောက်ပဲ ယ ဖြစ်များပေါ့၊ အခုတော့ ဒီအကောင်အရမ်းချည်းလုပ်တာကိုး"

"ဟော . . . ဟိုမှာ ဘဘဆင်းလာပြီ"

"အေး . . . အေး ထိုင်ကြထိုင်ကြ၊ မခင်စိန်တို့ ပြောတာတွေ ဘဘ ကြားပါတယ်။ အဲလိုမှပေါ့၊ အခုဆိုရင် မောင်အောင်ဘုတ မခင်စိန်တို့တစ်တွေ အပြောယဉ်လို့၊ အလုပ်ယဉ်လို့၊ အတွေးအခေါ် တွေယဉ်လို့ တဖြည်းဖြည်းရှိလာကြမှန်း သိရလို့ ဘဘ ဝမ်းသာတယ်





ဟုတ်ဖူးလား မောင်သီလ"

"ဟုတ်ကဲ့ပါ ဘဘ"

"နို့ . . . ညီကြီး မင်းဦးလေး စာကော"

"ဟုတ်ကဲ့ . . ."

*"ဝညာသတိ၊ ရှိစေဘိ၊ သိတတ်စေကွယ့်၊ တပည့်ရဲ့ . . . တဲ့ပါ ဘဘ"*

"ဘဘရေ သူ့ဦးလေးစာတွေကလည်း ကောင်းပါတယ်၊ ထိလည်း ထိပါတယ်။ ညီကြီးကလည်း ရပါတယ်။ အကွက်ဝင်အောင်လဲ ရွတ်နိုင်ပါတယ်။ ဒါပေမယ့် . . ."

"ဟယ် နင့်ဟာက ဘာ ဒါပေမယ့်လဲ"

"ညီကြီးကတော့ ခပ်ညံ့ညံ့ပဲ ရှိသေးတယ်"

"ဟာကွာ . . ."

"ဒါဆို ညီကြီး ညံ့ပုံ၊ ကိုအောင်ဘုပြောပြမယ်ပေါ့"

"အေး . . . နားထောင်ရမယ်၊ အခုတော့ အချိန်မရှိတော့ဘူး မောင်သီလ"

အမှတ် (၁၃)၊ ဩဂုတ်လ၊ ၂၀၀၇ ခုနှစ်

❑



www.burmeseclassic.com

www.burmeseclassic.com



လုံ့လရှိမှ ပညာရ

# လုံ့လရှိမှ ပညာရ

"ဘဘ . . . ခင်ဗျား"

"ပြော . . . မောင်သီလ"

"ဟိုနေ့က ကိုအောင်ဘုက ပြောလာယ်၊ နောက်နေ့ကျရင် ညီကြီး ညံ့ဖျင်းကြောင်း ပြောပြမယ်တဲ့၊ အဲဒါ အခု ညီကြီး ညံ့ဖျင်းပုံ ကို သိပါရစေ . . . ဘဘ ခင်ဗျား"

"အေး . . . ဟုတ်သားပဲ၊ ကဲ . . . မောင်အောင်ဘု မင်း



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ညွံ့ပုံ ညွံ့နည်းလေး ပြောပြစမ်းပါဦး"

"ဒီလိုကွ ညီလေး မောင်သိလရ၊ တို့နှစ်ယောက်က ကျောင်းမှာ တစ်တန်းတည်းရယ်၊ အဲဒါ ဟိုတစ်နေ့ကပေါ့ အတန်းပိုင်ဆရာမက အိမ်စာရေးခဲ့ဖို့ ပေးလိုက်တယ်၊ ရေးပြီးရင်လဲ အလွတ်ရအောင် ကျေကျေညက်ညက် ကျက်လာခဲ့ကြလို့ မှာလိုက်တယ်"

"အဲဒါ နောက်နေ့ကျတော့ ဆရာမစားပွဲမှာ လက်ရေးလှစာအုပ်တွေ ထပ်ထားကြတယ်။ အဲဒါ ဆရာမက အချိန်ကျတော့ တစ်အုပ်ချင်း စစ်ပြီး နာမည်နဲ့ ခေါ်ပေးတယ်"

"အဲဒါ အစ်ကို့ စာအုပ်စစ်ပြီးတော့ မောင်အောင်ဘုလို့ ခေါ်လိုက်တယ်။ အစ်ကိုက ရင်ကော့ပြီး မတ်တတ်ရပ်လိုက်တယ်။ ဒီတော့ ဆရာမက လာယူဆိုပြီးပေးတယ်။ နောက် . . . မင်းစာကော ကျက်ခဲ့သလား မေးတော့ အစ်ကိုက ဟုတ်ကဲ့ပါ . . . ဆရာမ၊ ကျက်ခဲ့ပါတယ်ပေါ့"

"နို့ . . . မင်း ရကောရရဲ့လား မေးပြန်တော့၊ ရပါတယ် ဆရာမ ဆိုပြရမလားလို့ အစ်ကိုက ပြောတော့ အေး . . . အားလုံးကြားအောင် ကျယ်ကျယ်ဆိုတဲ့။ ဒါနဲ့အစ်ကိုလဲ မြင်းကောင်းစိုင်းသလို မထစ်မငေါ့ ဆိုတာပေါ့။ ဆရာမကတောင် ဟိုး . . . ဟိုးတော်ပါပြီ မောင်အောင်ဘုရယ်လို့ တားယူရတယ်။





"ဟေ . . . ဒါ တို့ မယုံဘူး၊ နင်ကြွားတာပဲနေမှာ"

"အံမာ . . . ခင်စိန်မက မယုံရင် ညီကြီးကို မေးကြည့်ပါလား။

"ဟုတ်လား . . . ညီကြီး"

"အကုန်မဟုတ်ဘူး၊ ဆရာမ ပြောတဲ့အထဲ မြင်းမဟောင်းတွေဘာတွေ မပါဘူး။ သူဟာသူ ထည့်ပြောနေတာ၊ စာတော့ ရပါတယ်။ တစ်ခါ နှစ်ခါတောင် ဆရာမက ထောက်ပေးရသေးတယ်"

"အေးပါ . . . ဟုတ်မှာပါ၊ ဒီအကောင် လေကြွားတာ"

"မကြွားပါဘူး ခင်စိန်မရယ်၊ ငါက နင်တို့ နားထောင်ကောင်းအောင် စီကာပတ်ကုံး ပြောမိတာပါ။ ငါ့လက်ရေးမှာ 'သင့်' လို့တောင် မှတ်ချက်ပါသေးတယ်"

"ဟော့ . . . သင့်ဆိုတာ သင့်ရုံ၊ ဖတ်လို့ ရရုံရှိသေးတယ်။ ကောင်းတယ်လို့ ပြောတာ မဟုတ်သေးဘူး"

"ဟုတ်ကဲ့ပါ ခင်စိန်မရယ်၊ အဲ . . . ညီကြီး အလှည့်ကျတော့၊ ဟဲ့ . . . ညီကြီး လာစမ်းဆိုပြီး ခေါ်ရော၊ ခေါ်တော့ ဘာသားချော ဟိုကြည့်ဒီကြည့်နဲ့ ကြောက်ကြောက်ရွံ့ရွံ့ဖြစ်နေတယ်။ ဒါနဲ့ ဆရာမက ဟဲ့လာဆို ဘာလုပ်နေတာလဲလို့ ထပ်ခေါ်မှ ညီကြီး ဆရာမနား သွားတယ်။ အဲဒါ အနားလဲရောက်ရော နင့်လက်ဝါး



www.burmeseclassic.com

www.burmeseclassic.com



မြန်မစ်ဆိုပြီး ခိုင်းတယ်၊ ညိုကြီးလည်း ဖြန့်ရော ဖြန်းဖြန်းနဲ့ လက်ရေးရေးတာ ဒီလောက်ညံ့ရသလား၊ ညံ့ဦးဟယ်၊ ညံ့ဦးဟယ်နဲ့ ဆော်ရော၊ နောက်ပြီး နင့်လက်ရေးကလဲ ပျူစာတွေလို၊ ပဲပင်ပေါက်လို၊ ဘူးသီးငါးပေါင်းကြော်လို၊ ကြောင်ခြစ်ထားသလိုနဲ့ ရေးရသလားနဲ့ ဆူတော့တာပဲ"

"အစ်ကို အောင်ဘုံ၊ ကိုညိုကြီး မငိုဘူးလား"

"ဟ . . . ငိုတာပေါ့ ဖျောင်း ညှဲပဲဥစ္စာ၊ သူ့ကို ငါမေးကြည့်တော့ ညက မရေးဘူး၊ မေ့နေလို့တဲ့။ မနက်ကမှ ကမန်းကတန်းတာဝန်ကျေရေးတာတဲ့"

"အံပါ့ ကိုညိုကြီးရာ၊ စာရေးတာတောင် တာဝန်ကျေ ရေးရတယ်လို့"

"နောက် ရှိသေးတယ်ကွ၊ ဆရာမက နင် စာကျက်ခဲ့ပုံလဲ မပေါ်ဘူး၊ ဆိုစမ်းလို့ ခိုင်းတော့လဲ၊ ဟို . . . အယ် . . နဲ့ ခွေးအကြီးလှည်းနင်းသလိုဖြစ်ရော။ ဒီတော့ ဆရာမကချည်း ထောက်ပေးနေရတယ်။ ဒါနဲ့ ဆရာမက စိတ်မရှည်တော့ သူ့ဗိုက်ခေါက်ဆွဲလိမ်ရော၊ ဒီတော့ ညိုကြီးက အား . . . နာလိုက်တာ နာလိုက်တာနဲ့ ငါဖြင့် သူ့ကြည့်ပြီး ကြိတ်ရယ်တာ အူတက်မတတ်ဘဲ"

"ဟုတ်လား . . . ကိုညိုကြီး"





"ဟုတ်တော့ ဟုတ်တယ်၊ သူပြောသလောက်တော့ မဟုတ်ဘူး"

"ညိုကြီး မင်းနှယ်ကွာ၊ ဆရာမက စာရေးဖို့ ကျက်ဖို့မှာရင် ရေးမှပေါ့၊ ရေးရင်လဲ လက်ရေးကို လှလှပပရေးမှပေါ့၊ တစ်နေ့စာ စာကိုလည်း ကျေညက်သွားအောင် ကျက်မှပေါ့"

"ဒါမှလဲ ဆရာ့စကားကို လိုက်နာရာကျမှာပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ပါ . . . ဘဘ၊ သား နောက်ဆို ရေးပါ့မယ်၊ ကျက်ပါ့မယ်"

"ဒီ့ မင်းဦးလေးဘုန်းကြီး စာကောရသေးလား"

"ရပါတယ် . . . ဘဘ"

"*လက်ရေး ရေးရင်း၊ အချင်းချင်း အဖျင်းကိုကွယ် မပြောနဲ့*"

*လက်ရေးစာများ၊ ရေးပြီးငြား၊ နှုတ်ဖျားရအောင် ကျက်ပါ့ ကွယ်။*

*မပျင်းမရိ၊ လုံ့လရှိ စာကိုသိအောင် ကျက်ပါကွယ့်။*

*လုံ့လရှိမှ ပညာရ မုချမှတ်ကွယ့် တပည့်ရယ် . . .*"

တဲ့ ဘဘ။

"ကောင်းလိုက်လေကွာ၊ ဒါနဲ့တောင် ညိုကြီးက ဖျင်းရတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ဘာမဆို လုံ့လဝီရိယရှိမှ ပညာတတ်တွေဖြစ်မှာ၊ မပေါ့ရဘူး၊ မဖျင်းရဘူး အမြဲကြိုးစားနေကြရမယ်"

"ဟုတ်ကဲ့ပါ . . . ဘဘ"

အမှတ် (၁၄)၊ စက်တင်ဘာလ၊ ၂၀၀၇ ခုနှစ်

□



# စိတ်ထား မှုယာ ယဉ်ကျေးပါ

"မောင်အောင်ဘု"

"ခင်ဗျာ . . . အမိန့်ရှိပါ ဘဘ"

"မောင်သီလတို့ မောင်နှမ မလာဘူးလား"

"လာမယ် ဘဘ၊ ကျွန်တော်လာတော့ သူတို့ အမေနဲ့တွေ့တယ်။ ဟဲ့ . . . မင်းအခုမှ လာသလား၊ ငါ့သားနဲ့ ငါ့သမီးဖြင့် သွားတာကြာပြီလို့တောင် ပြောလိုက်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ . . . ဒါဆို ဘယ်များဝင်နေကြလဲ မသိဘူး"

"ဒါ . . . ဘဘ၊ သူတို့ စကားဝိုင်း ပြေးတာဖြစ်မှာ"

"ကျောင်းပြေးပါကွ"

"ဘယ်ကလာ ကျောင်းပြေးဖြစ်မလဲ၊ တို့က စကားဝိုင်းမို့ စကားဝိုင်းပြေးတာပဲပေါ့"

"အံမာ ညိုကြီးက သူများကိုများ မဟုတ်တမ်းတရား ပြော ရော့မယ်၊ မောင်သီလတို့က မင်းလို ဟော့ဟော့ရမ်းရမ်းသမား များ မှတ်လို့လား၊ အင်မတန် ယဥ်ကျေးတာ"

"နို့ . . . ငါကတော့ ရိုင်းနေလို့လား ခင်စိန်မရ . . ."

"ဟေ့ . . . ငါ့ကို ခင်စိန်မလို့ မခေါ်နဲ့၊ မခင်စိန်ဖြင့် မခင် စိန်ပေါ့၊ မမခင်စိန် ခေါ်လဲရတာပဲ"

"ဟား . . . ဟား . . . ဟီ . . . ဟိ ရယ်ချင်လိုက်တာ။ သူ့ ကိုယ်သူများ မမခင်စိန်တဲ့၊ အောင်မယ်လေးဟဲ့ မမခင်စိန်တဲ့"

"ဒီ ညိုကြီး . . . ငါ ခေါက်ထဲ့လိုက်ရ၊ ဘဘရှိလို့ . . . ဟင်း . . ."

"ခေါက်ချင်လည်း . . . ခေါက်ဗျားနော်၊ မမခင်စိန်"

"မင်းနော် ပြောလေ ကဲလေပဲ"

"နို့ . . . မမခင်စိန်လို့ ခေါ်ဆို"





"ဟဲ့ . . . မင်း ခေါ်တာက ငေါ့တော့တော့နဲ့ဟ"

"ဘဘ ဟိုမှာ မောင်သီလတို့ မောင်နှမ လာနေကြပြီ"

"အေး . . . အေး၊ မောင်သီလတို့၊ မယဥ်မေတို့လာဟေ့၊ အခုတင် မင်းတို့မောင်နှမ မလာသေးလို့ ပြောနေကြသေးတာ၊ နို့ . . . ဘယ်ဝင်နေကြလို့လဲ"

"အောင်မယ်လေး . . . မောလိုက်တာ၊ နောက်မကျအောင် အပြေးချည်းလာခဲ့ရတယ်"

"ဟေ . . . ဘယ်လိုမို့တုန်း . . ."

"ဒီလိုဗျ . . . ဘဘရ၊ ဒီကိုလာတုန်း လမ်းမှာ ဘွားဘွားကြီး ဒေါ်မြဦးနဲ့ တွေ့တယ်၊ ဘွားဘွားကြီးက တုန်ချိတုန်ချိနဲ့ တောင် ဝှေးလေး ထောက်ကာ ထောက်ကာနဲ့ သွားနေတာ၊ ခေါင်းပေါ်မှာ လဲ အထုပ်လေး တစ်ထုပ်က ရွက်လို့၊ တစ်ခါတစ်ခါလဲ မောလို့ နေရှာမှာ တောင်ဝှေးလေး အားပြုပြီး အမောဖြေတဲ့ သဘောနဲ့ ရပ်နေရှာသေးတယ်လေ"

"ဒါနဲ့ ကျွန်တော်တို့ မောင်နှမက ဘွားဘွားကြီးအနား ပြေး သွားပြီး ဘွားဘွားခင်ဗျာ ဘယ်သွားမလို့ပါလဲ ခင်ဗျားလို့ မေးတော့ 'မြေးကြီးရဲ့ ဘွားဘွား အိမ်ပြန်မလို့'လို့ ဖြေတယ် ဘဘ"

"အေး . . . အေး . . . အသက် ၈၀ ကျော်ပြီကွ၊ သူ့အိမ်က



www.burmeseclassic.com

www.burmeseclassic.com



ရွာလယ်မှာကိုး။ ဒါနဲ့ ပြောပါဦး"

"ဒါနဲ့ ကျွန်တော်က ဘွားဘွားခေါင်းပေါ်က ဘာအထုပ်လဲ မေးတော့၊ ဆန်ထုပ်ပါ မြေးကြီးရယ်၊ ငါ့မြေးမလေး အနွဲ့တို့အိမ် အလည်လာတာ၊ အပြန်မှာ ကန်တော့လိုက်တာလေ၊ သူတော့ အိမ် မှာ တစ်ယောက်တည်း ရှိနေခိုက်မို့ လိုက်မပို့နိုင်ရှာဘူး။ ဆန်ကလ တစ်ပြည်တည်းမို့ပါ"

"ဒါဆို ကျွန်တော်တို့ လိုက်ပို့ပေးမယ်။ ကျွန်တော့်ကို ပေး ဆိုတော့ သာဓုကွယ် သာဓု . . . ငါ့မြေးတို့ ကျန်းမာချမ်းသာကြ ပါစေဆိုပြီး သူ့ဆန်ထုပ်ကလေးကို ပေးရှာတယ်"

"ဒါနဲ့ပဲ ကျွန်တော်က ဆန်ထုပ်လေးထမ်း၊ ညီမလေးက ဘွား ဘွားကြီးကို တွဲပြီး လိုက်ပို့ကြတာ၊ အိမ်ရောက်တော့ ဘွားဘွားကြီး အား ထိုင်ကန်တော့ပြီး နောက်ကျမှာစိုးလို့ အပြေးပြန်လာကြတာ မနားတမ်းဘဲ ဘဘ"

"ဒါမျိုးမှ ဘဘက ကြိုက်တာ၊ ဒါမျိုးက စိတ်ယဉ်ကျေးမှုကွ၊ သနားစရာ အာရုံနဲ့တွေ့ရင် သနားစိတ်တွေ တလိပ်လိပ်တက်လာ တတ်ရမယ်။ သနားရမယ့် အာရုံနဲ့ တွေ့တာတောင်၊ မသနားဘူး။ ဖာသာလဝါရှိနေမယ်ဆိုရင် ဒါဟာ စိတ်ပိုင်းဆိုင်ရာ အတော် ညံ့သေးတယ်လို့ ဆိုရမှာ"





"အခု ကြည့်၊ သနားရမယ့် သက်ကြီးရွယ်အိုနဲ့ တွေ့တယ်။ သနားစိတ် ပေါ်တယ်။ အကူအညီလဲ ပေးလိုက်တယ်။ ဒီတော့ ပုညကြိယာဆယ်ပါးထဲက အပစာယန ကုသိုလ်တို့၊ ဝေယျာဝစ္စ ကုသိုလ်တို့ ပိုက်ဆံ တစ်ပြားတစ်ချပ်မှ မကုန်ဘဲ ရလိုက်ရော"

"ဘဘခင်ဗျာ . . . ပုညကြိယာဝတ္ထုဆိုတာ ရှင်းပြပေးပါဦး"

"အေး . . . အေး မောင်သီလရဲ့ ပုညကြိယာ ဆယ်ပါး ဆိုတာက ကောင်းကျိုးတည်ရာဖြစ်လို့ ပြုလုပ်သင့်တဲ့ ကုသိုလ် ဆယ်မျိုးလို့ ဆိုလိုတာပဲ"

"ဟော . . . အပစာယနဆိုတာက အသက်သိက္ခာ ဂုဏ် အားဖြင့် ကြီးမြင့်သူတို့အား ရိုသေမှု၊ ဝိုင်းဝန်း ကူညီမှုကြောင့်ရ တဲ့ ကုသိုလ်၊ အခု မောင်သီလတို့ ဘွားဘွားကြီး ချမ်းသာအောင် ကူညီလို့ ရိုသေလို့ရတဲ့ ကုသိုလ်ပဲ၊ တစ်ခါ ရှိသေးတယ်။ ဝေယျာ ဝစ္စ ကုသိုလ်တဲ့။ သူ့မြေးမ လှူတာကို ကူညီပေးတဲ့ ကုသိုလ်ပဲ ပေါ့။ အဲ . . . ဒါနဲ့ ဘဘတို့ ငယ်ငယ်က ကျက်ထားတဲ့ လောက သာရ ဆုံးမစာဆိုတာ ရှိတယ်။

*"ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ မြူ သောနှလုံး၊ သူတော်ထုံးကို၊ သုံးစွဲသောတွေ၊ မှန်လှစေ . . . ဂုဏ ဝုဍ္ဍ၊ ပစာယန၊ စိတ်ကသီစေ၊ ပြစ်မှားမိက*



www.burmeseclassic.com

www.burmeseclassic.com



မသင့်ချေ" တဲ့လေ။

"အဲ အခု မောင်သီလတို့ အကြံအစည် အတွေးအခေါ် အယူဆနဲ့ နှလုံးသားဖြူစင်မှုဟာ သူတော်ကောင်းတို့ရဲ့ ထုံးပါပဲ၊ သနားစရာ အာရုံနဲ့ တွေ့တယ်၊ သနားတယ်၊ အကူအညီ ပေးတယ် ဒါ သူတော်ကောင်းလမ်းစဉ်ပါပဲ"

"ဒီတော့ မင်းတို့အားလုံးလဲ အခုလို သနားရမယ့်၊ ကြင်နာရ မယ့် အာရုံနဲ့ အမြင်နဲ့တွေ့တိုင်း ဘယ်မှာတွေ့တွေ့ စိတ်နှလုံးဖြူစင် စွာနဲ့ ဘာအ ကျိုးကျေးဇူးကိုမှ မမျှော်ကိုးဘဲနဲ့ အကူအညီ ပေးတတ် ကြပါလို့ ဘဘမှာလိုက်ချင်တယ်"

"စိတ်ချပါ ဘဘ"

အမှတ် (၁၅)၊ အောက်တိုဘာလ၊ ၂၀၀၇ ခုနှစ်

❑



# ကိုယ့်ထက်သာက ကြည်ဖြူကြ

"မိုးပေါ်မှာ ကြယ်တစ်လုံး တိမ်ဖုံးပါလို့ လမသာ၊ တိမ်ဖုံးပါ လို့ လမသာဗျ . . . တူးနှယ် တဲ့နှယ်ဖြောင်"

"အံမာ ကိုအောင်ဘုက တယ်ပြီး အရှူင်နေပါလား"

"အရှူင်ဆို ကိုညိုကြီးရေ ပျော်လွန်းလို့ ပျော်လွန်းလို့ဗျ"

"ပျော်ရင်လဲ ဆိုးအောင်ဆိုပါဦးတဲ့ ဗျာ . . ."

"သာတဲ့အခါ သာပေလိမ့်မယ်၊ သာတဲ့အခါ သာပေလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ် မိုးဒေဝါ သူဖန်ဆင်း၊ အလိုဗျာ . . . ဖိုးရွှေလမင်း ဟင်း . . . ဟင်း . . . တူးနှယ် . . . တဲနှယ်ပြောင် . . ."

"ဒီအောင်ဘုစုတ်၊ ဒါ ငါ့ စောင်းဆိုနေတာ၊ ငါမသိ မှတ်လို့လား၊ ငါတုတ်ထဲ့လိုက်ရ ဘဘာ အိမ်မှာမို့ သည်းခံနေတာ"

"ဟ ဒီဂွက်ထော် နင့်ကို ငါက ဘာစောင်းလို့လဲ၊ ငါ့ဟာငါ ငယ်ငယ်က ရတဲ့စာကို ဆိုနေတာ"

"နင် . . . ဒါ . . . ငါ့စောင်းဆိုတာ"

"ကဲ ညီကြီး မင်းပဲ စဉ်းစား၊ ဖိုးလမင်းကြီးကို တိမ်ဖုံးထားလို့ လရောင်မထွက်တော့တာ၊ သူနဲ့ ဘာဆိုင်လို့လဲ၊ ခြော် သူ့မျက်နှာက လနဲ့တူလို့လား၊ အရောင်ထွက်လို့လား၊ ထွက်လည်း သူက အသားမည်းဆိုတော့ ရွှံ့နှစ်ရောင်ပဲ ထွက်မှာ . . ."

"နင်နော် ပြောလေ ကဲလေ၊ ကဲ . . . မှတ်ရော ပြောဦးဟယ် ပြောဦးဟယ်"

"လုပ်ပါဦး ညီကြီးရ၊ ငါ့ဆံပင်တွေ ကျွတ်ကုန်တော့မယ်"

"ဟော့ . . . မင်းတို့ ဘာဖြစ်နေတာလဲ၊ ရန်ဖြစ်နေတာလား"

"မဟုတ်ပါဘူး ဘဘ၊ ဂွက်ထော်ကို စ,နေတာပါ"

"နို့ . . . ဘာဖြစ်လို့ စ,ရတာလဲ"

"သူ့မျက်နှာက ညိုမည်းမည်း၊ ညစ်ပုပ်ပုပ်၊ မှုန်တေတေကြီးမို့ပါ"





"ဟော . . . ဟုတ်သားကိုး၊ နို့ . . . ဘာဖြစ်လာရပြန်ပြီလဲ မဂွက်ထော်"

"ကျွန်တော်သိတယ် ဘဘ၊ အဲဒါ သူ့အမေက ဖနောင့်နဲ့ ပေါက် . . . အဲ . . . ယောင်လို့ လက်နဲ့ နှစ်ချက် သုံးချက် ခေါက်လွှတ်လိုက်ပါလို့ပါ၊ ခေါက် . . . ခေါက်နဲ့"

"ဟော အပြစ်က ဘယ်လိုမို့လဲ ညီကြီးရ"

"ဒီလို ဘဘရေ . . . သူတို့ အိမ်ခေါင်းရင်းခြံက မအေးစမ်းပေါ့၊ သူတို့အမျိုး အလှူပွဲဆိုလား အဲဒါသွားမလို့ ဖီးလိမ်းပြင်ဆင်ပြီး ထွက်လာတာ၊ ရွှေတွဲလွဲ ငွေတွဲလွဲရော၊ အဝတ်အစား အသစ်တွေရောပေါ့"

"အဲဒါကို ဂွက်ထော်က မြင်တော့ မနာလို မရှုစိမ့်နိုင်လို့လား သိဘူး . . ."

"ကောင်မက သူ့ကိုယ်သူ ဘာများ မှတ်နေလဲမသိဘူး။ လုပ်ားလိုက်တာ အော့ . . . ထွီနဲ့ လုပ်ရော။ ဟိုကလဲ ဆတ်ဆတ်ကိုး"

"ဟော့ . . . ငါဟာငါ တာလုပ်လုပ် ညည်းအပူလား၊ ဘာားနဲ့ ပြန်ပက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ . . . ဒေါ်ကြီးက ကြားတော့ အေးစမ်းရယ် သည်းခံပါ။ ဒီကောင်မ ငါ ဆုံးမပါ့မယ်ဆိုပြီး ခေါ်ခေါက်လိုက်တာပဲဘဘ၊ ဒါကြောင့်မို့ အခေါက်ခံထားရလို့ သူ့ မျက်နှာကြီး စူပုပ်နေတာဗျ"

"အဲ့ပါ သမီးရယ် . . . သူရှိလို့ ဝတ်တာစားတာကို အလကား နေရင်း ငြူစူနေရတယ်လို့ ဒါဟာ စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးလိမ္မာမှုမရှိသေးလို့ပဲ။ စိတ်ရိုင်းရင် ရုပ်လည်းရိုင်းတာပဲ . . ."

"အဲ . . . မှတ်ထား သူတစ်ပါးကို ငြူစူတာ၊ စောင်းမြောင်းတာကို ပါဠိလို "ဣဿာ" (အိပ်သာ)လို့ ခေါ်တယ်။ ငြူစူစောင်းမြောင်းတာ ဘာခေါ်လဲ"

"ဣဿာ (အိပ်သာ)ပါ ဘဘ"

"အေး . . . ဣဿာ (အိပ်သာ)ဆိုတာက . . ."

"ငြူစူတာပါ"

"အခု ဂွက်ထော် ဘာစိတ်ဖြစ်သွားလဲ . . . အေးစမ်း ဝတ် တာစားတာကို ငြူစူလို့ စောင်းမြောင်းလို့၊ အေးစမ်း ဝတ်တာစား တာ မရှုစိမ့်လို့ ဣဿာ (အိပ်သာ) ဖြစ်သွားရော . . ."

"အဲဒီဣဿာဆိုတာ အကုသိုလ်တစ်ပါးကွ၊ သေရင် အပါ ကျမယ်၊ အခုလဲ . . . အခေါက်ခံရသေးတယ်။ အေးစမ်းကလ အမုန်းပွားပြီး ရန်သူလို သဘောထားတာကို ခံရသေးတယ်"





"ဒီတော့ သူတစ်ပါး စာမေးပွဲအောင်တာ၊ ချမ်းသာသွားတာ၊ လှတာ . . . အိုကွာ . . . ကိုယ့်ထက်သာနေသမျှကို ဝမ်းမသာဘဲ အံမယ် ဇီးကွက်လောက်တော့ ငှက်တိုင်းလှရဲ့နဲ့ ပြောတာတွေဟာ ဣဿာ (အိပ်သာ)စိတ်နဲ့ ပြောတာချည်းမှတ် . . ."

"တို့ . . . ဘုရားဟော ဇာတ်တော်ထဲမှာပေါ့၊ ခြင်္သေ့တစ်ကောင် ဟိမဝန္တာတောင်ရှိ မြဂူထဲမှာ နေတာကိုး။

အဲဒီအနားမှာလဲ ဝက်တစ်အုပ်ရှိတယ်။ ဝက်တွေက ခြင်္သေ့ကို မြင်မြင်နေရတော့ သိပ်ကို ကြောက်နေကြတာ. . .၊ ဒါနဲ့ မြဂူရဲ့ အရောင်ကို အပြစ်မြင်နေကြပြီး အရောင်မှိန်အောင် သူတို့ ကိုယ်ကိုရွှံ့ညွှန်မှာလူးပြီး မြဂူကို ပွတ်ကြသတဲ့၊ မြဂူအရောင်မှိန်ရင် ခြင်္သေ့ကို မမြင်ရအောင်လို့တဲ့ . . ."

"အဲဒါ . . . သူတို့က ပွတ်လေ မြဂူရဲ့အရောင်က ပြောင်လေ။ ဒါကြောင့်မို့ ကိုယ်ကသူ့ကိုမနာလိုရင် ကိုယ်သာ အကျိုးယုတ်မယ်။ သူကတော့ အရောင်အသွေးတက်မြဲပဲတဲ့ . . ."

"ဒါကြောင့် ကိုယ့်မှာ ဣဿာစိတ် (ငြူစူစိတ်) ဖြစ်မှန်းသိရင် ဒီစိတ်မကောင်းဘူး၊ ငါ့ ဒုက္ခပေးမယ့်စိတ်ပဲ၊ ဣဿာ (အိပ်သာ) စိတ်ပဲဆိုပြီး သတိထားကာ မောင်းထုတ်ပစ်ရမယ် . . ."

"အဲလို မောင်းနိုင်ရင် သူရှိလို့ သူဝတ်တာစားတာ အလိုလို



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာလာလိမ့်မယ်၊ ဂွက်ထော်ပဲ ကြည့်၊ မနာလိုစိတ်ကို ဒီတုန်းက မောင်းနိုင်ရင် . . ."

"ဟယ် . . အေးစမ်းရယ် လုလိုက်တာကွယ်၊ ထက်ထက်မိုးဦး ကျနေတာပဲ"လို့ ပြောဖြစ်ရော၊ ဟိုကလဲ "အဟုတ်လား မဂွက်ထော် မုန့်ဝယ်ကျွေးမယ်နော်နဲ့ . . . ဘယ်လောက် ပျော်စရာကောင်းလိမ့် မလဲလို့ ဟုတ်ဖူးလား . . . ညီကြီး"

"ဟုတ်ပါတယ် . . . ဘဘ"

"ဟို . . . မဂွက်ထော် နောင်ကို ပြုစုဦးမှာလား"

"မပြုစုတော့ပါဘူး ဘဘ"

"သတိနဲ့မောင်းနော်"

"ဟုတ်ကဲ့ပါ ဘဘ"

အမှတ် (၁)၊ ငန်နဝါနီလား ၂၀၀၉ ခုနှစ်

❑



# အခွင့်ရှိမှ စားပါကြ

"ဟဲ့ . . . အောင်ဘု"

"ဟုတ်ကဲ့၊ အမိန့်ရှိပါ မမခင်စိန်"

"အံမယ် မောင်အောင်ဘုက ရှိသေသံတွေ၊ နှိမ့်ချသံတွေ နဲ့ပါလား"

"ဒါပေါ့ ညီကြီးရေ။ ဂါရဝေါစ၊ နိဝါတောစ ဆိုတာလေ" တို့က ယဉ်ယဉ်ကျေးကျေး၊ လိမ်လိမ်မာမာနဲ့ ပြောတတ်ဆိုတတ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်တတ်ကိုင်တတ်အောင် လေ့လာနေတဲ့ဟာ ယဉ်ကျေးပေမှပေါ့ ဟုတ်ဘူးလား ခင်စိန်မ။ အဲ. . . . ယောင်လို့ မမခင်စိန်"

"ဒီကောင်စုတ်၊ ငါ ခေါက်ထည့်လိုက်ရ"

"ခေါက်ပါ မမရဲ့။ မောင်လေး လိမ္မာအောင်လေ"

"အောင်ဘုနော်၊ နင်ပြောလေ ကဲလေပဲ။ မျက်နှာက ပြောင်စပ်စပ်နဲ့ဟာ"

"နို့ . . . အနော့်ကိုခေါ်တာ ဘာလုပ်မလို့လဲဟင်"

"ဟဲ့ . . . ဒီအကောင် မျက်နှာကြောပြောင်လိုက်တာ။ စောစောကတော့ နင့်ကို သကြားလုံးပေးမလို့ဟာ။ အခုတော့ မပေးတော့ဘူး၊ ညိုကြီးကိုပဲ ပေးစားတော့မယ်။ ရော . . . ညိုကြီး သကြားလုံး"

"သာခုဗျာ . . . သာခု၊ တို့ မမခင်စိန် တစ်ယောက် ဟို. . . အဲအဲ . . ."

"ပြောလေကွ၊ မင့်ဟာက တအဲအဲနဲ့ . . ."

"အဲ . . . အဲ၊ အောင်ဘု ဆက်ပါကွ"

"လင်ကောင်းသားကောင်း ရပါစေဗျား . . ."

"ကဲဟယ် . . . ကဲဟယ် . . . ပြောဦး၊ ပြောဦး . . ."

"ညိုကြီး ပြောခိုင်းလို့ပါဟ"





"ဟော့ . . . ငါပြောမှာက မမခင်စိန်တစ်ယောက် ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ ဆိုမှာကွ။ မင်းက. . . ဝင်ဖောက်တော့ ဒါ ချောက်သွားတာ"

"အေး . . . အခု ငါ့ကို ခင်စိန်မ ခေါက်သလို၊ သူ့ကိုလည်း ငါ့အဒေါ် သူ့အမေက မနေ့ နေ့လယ်က ခေါက်သေးတယ်ကွ"

"ဘယ်လို ခေါက်လဲ"

"ဒေါင် နောင် . . . နောင်တဲ့"

"မင်းဟာက ဒေါင်ကတော့ ထားပါ။ နောင် . . . နောင်က"

"နောင် . . . နောင်က အသံလှိုင်းစီးသွားတာလေ။ ဥပမာကွာ၊ ကြေးစည်တီးတော့ ဒူ . . . ဟူ . . . ဟူ . . . နဲ့ ကြားတယ် မဟုတ်လား။ အဲဒါ ကြေးညည်းသံလို့ ခေါ်တာ"

"နို့ . . . ဘာလို့ ခေါက်တာလဲ"

"ဒီလိုကွ တို့အိမ်မယ် နေ့လယ်ဘက်က အမေက ကောက်ညှင်းပေါင်း ပေါင်းကျွေးတယ်။ အဲဒါ . . ."

"ဟဲ့ . . . အောင်ဘု၊ နင့်အဒေါ် အိမ်လဲ သွားပေးဦးလို့ ဆိုလို့ ငါက သွားပေးတယ်။ ဒီတော့ အဒေါ်က၊ ဟဲ့ . . . ခင်စိန် . . . သမီး . . . ပန်းကန်လှမ်းယူလိုက်ဆိုတော့ ခင်စိန်မ လှမ်းယူတယ်။ လှမ်းပြီးတာနဲ့ ကောက်ညှင်းပေါင်းကလည်း မွှေးနေတာပဲဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်လုတ်လောက် နှိုက်စားလိုက်တယ်။ ဒါကို အဒေါ်က မြင်တော့ . . ."

"ဟဲ့ . . . နင့်အဖေတောင် မစားရသေးဘူး။ နင်က ဦးဦး ဖျားဖျား နှိုက်စားရသလားဆိုပြီး ခင်စိန်မ ခေါင်းကို အခုလို အားရ ပါးရကြီး တစ်ချက် ခေါက်ထည့်လိုက်ရော"

ပြောရင်းဆိုရင်း အောင်ဘုက ညီကြီးခေါင်းကို ခေါက်ပြ လိုက်ရာ . . .

"ဟာ . . . မင်းဟာက ငါ့ ခေါက်ရသလား"

"ဒါက ဗီဗီပြင်ပြင် ရှိအောင်ပါ"

"ဟုတ်လား မခင်စိန်"

"အေး . . . ဟုတ်တယ်။ ငါကလည်း စားချင်ဇောနဲ့ နှိုက်စား လိုက်မိတယ်လေ။ ဒါကို မေမေက နောင် ရှောင်ကြဉ်အောင်ဆိုပြီး သတိပေးခေါက်တာပါ. . . အသာလေးပါ။ သူပြောသလောက် မဟုတ်ပါဘူး"

"ဒါပေါ့ကွ အောင်ဘုရ . . . *'မိဦး ဖဦး၊ ဆရာဦးတို့ ခူး၍ အလျှင်မစားနှင့်'* ဆိုတာလေ။ ဒါကို မင်းအစ်မ ခင်စိန်၊ အဲ . . . ယောင်လို့ မခင်စိန်လေး မသိလို့ နေရှာမှာပါ"

"အံမယ် . . . မခင်စိန်အမေက ခေါက်တာက အသာလေး



မှ ဘာဟုတ်သေးလဲ။ ငါ့ညီမ မယဉ်မေကို တို့အမေ နှက်တာကမှ ဝက်ဝက်ကွဲရယ်"

"ဟေ . . . ဟုတ်လား မောင်သီလ။ အဲဒါလေး ပြောစမ်း ပါဦး"

"ဒီလို ကိုညိုရ။ အမေက ငါးကြော်ကြော်ပြီး ဇလုံထဲ ထည့်ပြီး အပေါ်က အုပ်ဆောင်းလေးဖုံးပြီး အိမ်အပြင်ထွက်သွားတယ်။ အဲဒါ ညီမလေးက အိမ်လည်ရာက ပြန်လာပြီး မီးဖိုထဲတန်းဝင်ကာ ငါးကြော်ဇလုံတွေ့တော့ အမြီးပိုင်းဆိုလား၊ ခေါင်းပိုင်းဆိုလား နည်း နည်းယူစားလိုက်တယ်။ ဒါကို အမေ ပြန်အဝင်နဲ့တိုးတော့ . . . နှက်ရော။ နှက်တာမှ လိမ့်နေအောင်ကို နှက်တာကွ"

"ဟုတ်လား၊ မယဉ်မေ"

"ဟုတ်ကဲ့၊ ကိုကိုအောင်ဘု"

"နောင် . . . အဖေအမေ မသိဘဲ မစားနဲ့နော် ညီမလေး"

"ဟုတ်ကဲ့ပါ"

"အမလေးဟဲ့၊ သူ့ကိုယ်သူ ဆရာတစ်ဆူကျနေတာပဲ။ အဆုံး အမတွေပေးလို့"

"ငါ့လဲ ညီကြီးလိုပဲ ဆုံးမစာတွေ အနည်းအကျဉ်း ရပါတယ်။ ငါရထားတဲ့ ဆုံးမစာက . . ."



www.burmeseclassic.com

www.burmeseclassic.com



*"မိဘဆရာ၊ ထားသည့်ဟာကို၊ မှတ်နှာတွယ်လျှင်၊ မယူငင်နှင့်၊ လိုချင်သောအား၊ စားချင်ငြားတာ၊ ဝတ်တွားခယ တောင်းပါကြ"* တဲ့ကွ။"

"အေး . . . ဟုတ်ပါ့ မောင်အောင်ဘုရယ်။ လိုချင်ရင် စားချင်ရင် တောင်းယူမှပေါ့။ ပေးမှ စားရတယ်လေ။ ဒါမှလည်း အိမ်တွင်း လုံခြုံမှု ရှိမှာပေါ့။ အိမ်တွင်းမလုံခြုံရင် ဒီအိမ်မျိုး ဘယ်မှာကြီးပွားချမ်းသာမှာလဲ။ နောက် . . . ရှိသေးတယ်။ အခုလို အသေးအဖွဲ ယူရာကနေ အကြီးအမားတွေ၊ တန်ဖိုးရှိတာတွေ ယူရဲတဲ့အထိဖြစ် လာရော။ ဟုတ်ဖူးလား။ ဒီလို မလုပ်ကြနဲ့ . . ."

"ဟုတ်ကဲ့ပါ ဘဘ . . ."

အမှတ် (၂)၊ ဖေဖော်ဝါရီလ၊ ၂၀၀၉ ခုနှစ်

□



## အားနည်းတဲ့သူ ကူညီကြင်နာ

"ဘယ်လိုလဲကွ မောင်သီဟရဲ့၊ မင်းလူတွေ ခုထိ မလာကြသေးပါလား . . ."

"ကိုအောင်ဘုတို့ကို ပြောတာလား ဘဘ"

"အေး . . . ဟုတ်တယ်"

"ဟုတ်ပါ့၊ ခါတိုင်း အခုလို နောက်မကျဘူးပါဘူး၊ အခုဟာက . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . ပြောရင်းဆိုရင်းပဲဟေ့။ ဟိုမှာ ပြေးလာကြတာ သူတို့အုပ်စုပဲ မဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ် ဘဘရေ . . .၊ ရှေ့ဆုံးက ကိုအောင်ဘုပေါ့။ သူ့နောက်ကပ်ရက်က မမခင်စိန်လေ"

"အံမယ်လေး ဘဘရဲ့ . . .၊ မောလိုက်တာဖြင့် အသက်တောင် ဘယ်လိုရှူရမလဲ မသိဘူး"

"နေပါဦး၊ မခင်စိန်တို့က ဘာဖြစ်လာကြလို့လဲ"

"သူပေါ့ ဘဘ၊ အောင်ဘုပေါ့ . . .၊ ညိုကြီးလည်း အတူတူပဲ"

"ဟေ့ . . . တို့နှစ်ယောက်ချည်း လွှဲမချနဲ့၊ နင်နဲ့ ဂွက်ထော်လည်း အတူတူပဲဟာ"

"ဒါက အောင်ဘုရယ်၊ နင် . . . ရှုပ်နေလို့ပါ"

"နို့ . . . နေစမ်းပါဦးကွ၊ မင်းတို့က ဘယ်လို ဘယ်လို ဖြစ်လာလို့လဲ"

"ဒီလိုပါ ဘဘ၊ ကျွန်တော်တို့ ဒီကိုလာတော့ လှည်းလမ်းမဖုန်တောထဲမှာ လူကြီးတစ်ယောက်လဲနေတာကို ခင်စိန်ကတွေ့ရော၊ တွေ့တော့ ကျွန်တော့်ကို လှမ်းခေါ်တယ်"

"အောင်ဘုရေ . . . ဒီမှာ လူကြီးတစ်ယောက် လဲကျနေ





တယ်လို့၊ ခင်စိန်မက . . . ခင်စိန်မက"

"ဟုတ်ပါတယ်၊ ဆက်ပြောပါဦး"

"ဒါနဲ့ ကျွန်တော်နဲ့ ညိုကြီး အဲဒီလူဆီ အပြေးသွားကြည့်တော့ လား လား . . . အဲဒီလူကြီးက . . ."

"ဟေ့ . . . ငါမား၊ လူမရွေးဘူးကွ၊ ဘယ်ကောင်ကို ကြောက်ရမှာလဲ၊ ဘာထင်တယ်၊ ညာထင်တယ်နဲ့" ဆိုတဲ့ပြီး သူ့လက်ဝါးကြီးကို ဓားလိုလုပ်ပြီး လှမ်းရွယ်လိုက်တယ်။ ကျွန်တော်တို့လည်း ကြောက်တာနဲ့ နောက်ဆုတ်ပြေးတော့တာ၊ ဒီတွင် ညိုကြီးက ဒါအရက်မူးနေတာ၊ မကြောက်နဲ့၊ တို့ဝိုင်းဆွဲပြီး စရအောင် ဆိုတာနဲ့ ကျွန်တော်တို့နှစ်ယောက်ရော၊ ခင်စိန်မတို့ရော သူ့နားတိုးသွားကြတော့ ခင်စိန်မက . . . ဟဲ့ . . . အမယ်လေး အောင်ဘုရဲ့၊ လုပ်ပါဦး၊ ငါမကြည့်ရဲဘူးဆိုတော့မှ သူ့ပုဆိုးကြီးက ကွင်းလုံးကျွတ်လုလုကိုး၊ ဒါနဲ့ ကျွန်တော်တို့နှစ်ယောက် သူ့ကိုယ်ကြီးကို ဆွဲထူ၊ သူ့ပုဆိုးကို ပြန်ဝတ်ပေးနဲ့လုပ်၊ သူက ငါမားက လူမရွေးဘူးဆိုကာ ဆိုကာနဲ့ ဆဲပေါ့။ ဒီတော့ ခင်စိန်မနဲ့ ဂွက်ထော်တို့က . . . တခွီးခွီး၊ တဟီးဟီးနဲ့ ရယ်ကြတော့တာ"

"ကျွန်တော်တို့က သူ့ကို ခြေကဆွဲလိုက်၊ လက်ကဆွဲလိုက်နဲ့ လုပ်ရင် . . . သူက လျှာလေး၊ အာလေးကြီးနဲ့ဆဲ၊ လက်ဝါးစောင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခုတ်လိုခုတ်နဲ့၊ သူက ကုန်းထတော့လည်း မထနိုင်ရှာဘူး၊ အတော့်ကို မူးနေတာ ဘဘရဲ့"

"အင်း . . . နို့ . . . ဘယ်အရွယ်လောက်လဲ"

"လေးဆယ်လောက် ရှိပုံရတယ်၊ ရွာသားတော့ မဟုတ်ဘူး၊ ရွာသားဆိုရင် သိမှာပေါ့"

"အေး . . . ခရီးသွား၊ ရွာအနီးချုပ်စပ်ကပဲ နေမှာ၊ သူ့မှာ ဘာပစ္စည်းတွေ ပါသေးလဲ"

"ဘာမှ ပါဟန်မတူဘူး၊ လူက စုတ်ဖတ်ဖတ်ရယ်"

"တော်သေးတာပေါ့၊ တော်ကြာ သူ့ပစ္စည်းတွေ ယူတယ်၊ ဘာ ရယ်နဲ့ မင်းတို့ကို စွပ်စွဲနေဦးမယ်"

"ဟုတ်ကဲ့ . . . အဲလို ပျော်နေတုန်း အချိန်နောက်ကျမှန်း သိတာနဲ့ သူ့ကိုပစ်ထားခဲ့ပြီး ပြန်ပြေးလာကြတာ၊ အဲ . . . အတော် လေးကြာမှ ဒီအတိုင်းထားရင် ဒီလူကြီး လှည်းကြိတ်သေမှာပဲ ဆိုတာကို စိုးရိမ်တာနဲ့ သူ့ဆီပြန်ပြေးကြပြီး ခေါင်းက ခြေက ဝိုင်းမ ကြပြီး သစ်ပင်ရိပ်အောက်မှာ သိပ်ထားခဲ့တယ် ဘဘ"

"အေး . . . ကောင်းတယ်၊ အိပ်ပျော်ပြီး သူ အမူးပြေရင် ထသွားမှာပေါ့"

"သူ့ကို ကူညီတာ ကုသိုလ်ရလား ဘဘ"





"ဟ . . . ရတာပေါ့၊ ဒုက္ခရောက်သူတွေလို့ သနားပြီး ကူညီ တာပဲဟာ၊ သို့ပေမယ့် သူ့ကို စတာ၊ နောက်တာ၊ ပြောင်တာ၊ လှောင် တာတော့ မလုပ်ရဘူး။ ဒါ ကိုယ့်မှာ အကုသိုလ်အပြစ် ဖြစ်တယ်"

"တကယ်တော့လည်း အရက်သေစာ မူးယစ်သောက်စား တာဟာ ဘုရားမကြိုက်တဲ့ အလုပ်ပဲကွ၊ လူ့ပတ်ဝန်းကျင်မှာလည်း အတော့်ကို အရုပ်ဆိုးအကျည်းတန်စေတယ်၊ သူ့အတွက်နဲ့ ဘေး လူတွေ တယ်ပြီး စိတ်ညစ်ရတယ်။ တို့ငယ်ငယ်က . . . ဆရာတော် ဦးဗုတ်ရဲ့ ဆုံးမစာတစ်ပုဒ် ရဖူးတယ်"

*"ဥစ္စာလုပ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်စော မဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှာစွ၊ ဤခြောက်ပါးတား သောက်စား သေစာ အပြစ်တည်း . . . တဲ့"*

"တဲ . . . ဆရာတော်ကြီး ပြောတာတွေ မမှန်ဘူးလား"

"မှန်တယ် ဘဘ"

"ဒီကြားထဲ မလုံအင်္ဂါဆိုတာလေ ဂွက်ထော်တို့များ တခွီးခွီး နဲ့ကို ပါးစပ်ကြီးပိတ်ပြီး ရယ်မောနေလိုက်တာ"

"အံမာ . . . နင်တို့နှစ်ယောက်ကော တဟားဟားနဲ့လေ"

"တဲ . . . ဒီမှာကြည့်၊ ဒီလူမယ် လူယဉ်ကျေးမှုဆိုတာတွေ ရှိသေးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး ဘဘ. . .၊ ဖင်ပေါ် ခေါင်းပေါ်နဲ့ဟာ၊ သူ့ ပါးစ
တလည်း အယုတ်တ အနတ်တတွေ ထွက်လိုက်လို့"

"အပြောအဆိုကကော ယဉ်ရဲ့လား"

"မယဉ်ဘူး၊ ကြမ်းလိုက် ရမ်းလိုက်တာ၊ နို့ပေမယ့် ဒီလူဒု
ရောက်နေတော့ မင်းတို့က မနေရက်ဘူး၊ ကူညီသင့်တာကို ကူညီ
မှာပဲ။ နို့ပေမယ့် . . . ကိုယ့်မျှား ဒုက္ခပေးဦးမလားဆိုတာလည်
တစ်ဖက်က ငဲ့ရသေးတယ်။ သူ့ပါတဲ့ပစ္စည်း ဒီကလေးတွေ ယူတ
ဘဘတယ်နဲ့ပေါ့ကွာ၊ အဲ . . . စိတ်ချရမယ်၊ မယူရဘူးဆိုရင်တော
မင်းတို့က လူယဉ်ကျေးလေးတွေဆိုတော့ ဒုက္ခသည်အများကို အ
အညီပေးခဲ့တာ လူ့တာဝန်တစ်ခု ဆောင်ရွက်ခဲ့ခြင်းလို့ ဆိုရမှာ
ပေါ့"

ကဲ . . . နားကြသေးတာပေါ့။

အမှတ် (၃)၊ မတ်လ၊ ၂၀၀၉ ခု

□



## စကားတုံ့သက် ဖက်ရှမဆိုရာ

"ဘဘခင်ဗျာ ဘဘ"

ကျွန်တော် အပေါ်ထပ် စာရေးစားပွဲ၌ စာရေးနေခိုက် အောက်ထပ်မှ ခေါ်သံကြားရသဖြင့် အသာနားစွင့်နေမိသည်။ ခေါ်သံမှာ တိုးညင်းပြီး လေးစားသံပေါ်လွင်နေသည်။ အသံရှင်က ထပ်ခေါ်ပြန်သည်။

"ဘဘ ခင်ဗျာ. . .၊ ဘဘ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ . . . ဘယ်သူလဲဟေ့"

"ကျွန်တော်တို့ပါခင်ဗျာ၊ မောင်သီလနဲ့ မယဉ်မေတို့ပါ"

"အေး . . . အေး၊ အပေါ်တက်ခဲ့ မောင်သီလ"

သို့နှင့် သူတို့မောင်နှမ အသံမပြည်အောင် ခပ်ဖွဖွနင်း[...] တက်လာကြကာ ကျွန်တော့်စားပွဲရှေ့မှ ကျွန်တော်နှင့် မျက်နှာ[...] ဆိုင်တွင် လက်အုပ်ချီပြီး ရပ်နေကြသည်။

"ကဲ၊ ဆို မောင်သီလ . . . ကိစ္စက"

"ဒီနေ့ စကားပိုင်းရှိပါတယ် ဘဘ၊ အဲဒါ မေမေက ဘ[...] အတွက် လက်ဖက်ခြောက်ထုပ် ပေးခိုင်းလို့ပါခင်ဗျာ"

မောင်သီလသည် ထိုသို့ပြောဆိုပြီး သူ့လွယ်အိတ်ထဲမှ လ[...] ဖက်ခြောက်ထုပ်ကို ထုတ်ပြီး ကျွန်တော့်အား ကိုယ်ကို အနည်းင[...] ယို့လိုက်ကာ လက်နှစ်ဖက်နှင့် ကမ်းပေးသည်။

"အေး . . . အေး . . .၊ သာဓုကွယ် . . . သာဓု၊ မင်[...] တစ်အိမ်သားလုံး သက်ရှည်ကျန်းမာချမ်းသာကြပြီး လိုအပ်[...] ပြည့်ဝကြပါစေလို့ ဘဘ ဆုတောင်းပါတယ်"

ထိုအခါ မောင်သီလတို့ မောင်နှမက . . .

"ဘဘပေးတဲ့ဆုနဲ့ ပြည့်စုံရပါစေ"ဟု ဆိုကြသည်။

"ကဲ . . ကဲ . . အောက်ထပ်ဆင်းကြ၊ ဘဘလဲ လိုက်ခဲ့မ[...]





သူတို့ဆင်းပြီးနောက် ကျွန်တော်က စာရွက်စာတမ်းများ [...]သိမ်းဆည်းပြီး အောက်ထပ်ကို လိုက်ဆင်းခဲ့သည်။

စကားပိုင်းအခန်းထဲတွင် လူတောင် အတော်စုံစုံရောက် [...]နေကြပြီ။ သည်ကြားထဲ လူသစ်တစ်ယောက်ကိုပါ တွေ့ရသည်။ [...]သော် ကျွန်တော့်တပည့်ကျော် အောင်ဘုကိုဖြင့် မတွေ့ရပေ။ [...]သို့နှင့် သူနှင့်သားချင်းတော်စပ်သူ မခင်စိန်ကို မေးကြည့်ရသည်။

"ဘယ်လိုလဲ မခင်စိန် . . . အောင်ဘုတစ်ယောက် မမြင်ပါ[...]ား"

"ဟုတ်ကဲ့ပါ . . . ဘဘ၊ အောင်ဘု ဒီနေ့လာမှာ မဟုတ် [...]တော့ပါ ဘဘ"

"ဟေ . . . ဘယ်လိုမို့လဲ မခင်စိန်"

"အောင်ဘု ဒီနေ့ အဆော်ခံရတယ်လေ။ သူ့အမေနဲ့ သူ့ [...]စ်မတို့က ရိုက်တာပါ ဘဘ"

"နို့ အကြောင်းက . . ."

"ဒီလိုပါ . . . မနေ့က အောင်ဘုက အိမ်လည်ရာက ပြန်လာပြီး [...]မ်ခြံထဲကို ဖိနပ်ကို ရှုပ်တိုက်ပြီး စီးဝင်လာတယ်"

ဒါကို သူ့အစ်မက တွေ့တော့ . . .

"ဟဲ့ အောင်ဘု. . . ဘာလို့ ဖိနပ်ကို ရှုပ်တိုက်စီးတာလဲ"လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောရော၊ အဲလိုပြောတော့ အောင်ဘုက . . .

"ငါ့ဟာငါ စီးတာ နင့် အပူလား"လို့ ပြန်ပြောတယ် ဘဘ။

"အဲလို ပြောတော့ သူ့အစ်မက သူ့ အာခံရသလားဆိုပြီး အောင်ဘု ဇက်ပိုးကိုကိုင်ပြီး ကျောပြင်ကို တဗုန်းဗုန်းနဲ့ ပြောဦး ဟယ်၊ ပြောဦးဟယ်နဲ့ ထုတာ ဘဘ"

"အင်း ဆက်ပါဦး . . ."

"ဒီတွင် အောင်ဘုက ငိုလဲငို၊ သူ့အစ်မကိုလည်း ငါနဲ့ကော်ဆ ပေါ့ . . .။ အဲလိုဖြစ်နေတုန်း အောင်ဘုအမေရောက်လာပြီး အစ်မ ကို ဆဲရမလားဆိုပြီး အောင်ဘုကို ထပ်ချတာပါပဲ"

"ဒါနဲ့ အောင်ဘု စိတ်ကောက်ပြီး လာတော့မှာ မဟုတ်ပါ ဘဘ"

"အင်း . . . အောင်ဘုလဲ ခက်တာပါပဲ။ ဖိနပ်စီးရင် ရှပ် တိုက်ပြီး စီးရတာမဟုတ်ပါဘူး။ ဖိနပ်ကို ရှပ်တိုက်စီးရင် ဖိနပ် လည်း အောက်ခံတို့၊ သဲကြိုးတို့ ပျက်စီးတတ်တယ်။ တစ်ခါ ဖုန်တို့ အမှိုက်သရိုက်တို့လဲ ခတ်မိတော့ အနားက ဖြတ်သွားဖြတ်လာတဲ့သူ တွေကို လွှင့်စင်ပြီး ပြဿနာ တင်တတ်တယ်"

ဒီတော့ ဖိနပ်စီးရင် ရှပ်မတိုက်ဘဲ ကြွပြီးစီးရတာကွယ်။ ဒါမှလဲ မြင်တဲ့သူတွေအဖို့ မျက်စိစပါးမွေး မစူးဘဲ ချစ်ခင်ကြမှာ။





တစ်ခါ ရှိသေးတယ်။ အိမ်ရောက်လို့ ဖိနပ်ချွတ်ရင်လည်း တ်ချင်တဲ့နေရာမှာ ချွတ်ရတာမဟုတ်ဘူး။ အိမ်မှာ ဖိနပ်ချွတ်ဆို ာရှိတယ်။ အဲဒီဖိနပ်ချွတ်မှာ သင့်တော်တဲ့နေရာမှာ ချွတ်ရတယ်။

ဆိုပါတော့ကွယ် ဖိနပ်ချွတ်ရဲ့အလယ်ကောင်မှာ ချွတ်ထား င် ကိုယ့်ဖိနပ်ကို တက်ဆင်းတက်လာပြုရင် ဖိနပ်လဲ ညစ်ပတ် ယ်၊ ဖိနပ်ခြေညှပ်စတာတွေလဲ ပိပြားကုန်ရော။

ဒီတော့ ကိုယ့်ဖိနပ်လဲ လူသူအနင်းမခံရအောင် လွတ်တဲ့ နေရာမှာ ချွတ်ရတယ်။

နောက် ရှိသေးတယ်။ ဖိနပ်စင်ရှိတဲ့ အိမ်ဆိုရင် ချွတ်ခါနီး တ်ဖက်ခါပြီးမှ စင်ပေါ်တင်ရတာ။ ဒါတွေဟာ အိမ်မှာလုပ်ရမယ့် ဉ်ကျေးမှုတွေပဲ မှတ်ထားနော်။

"ဟုတ်ကဲ့ပါ ဘဘ"

"ခုနက မခင်စိန် အပြောအရဆိုရင် အောင်ဘုအတော် က်တာပဲ။ အစ်ကိုတို့၊ အစ်မတို့ဆိုတာ မိဘအရာတည်တာ၊ ထော် ာ်ကန့်လန့် မလုပ်ရဘူး၊ မဆဲရဘူး၊ ရိုသေကိုင်းရှိုင်းရမယ်။ င်းရင် ခိုင်းတဲ့ဟာကို ပြီးအောင်လုပ်ပေးပြီး ဒီအစ်ကို ဒီအစ်မတွေ မေတ္တာကို ခံယူရမှာ ကြားလားဟေ့"

"ကြားပါတယ် ဘဘ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို အစ်ကို အစ်မဆိုသူတွေကလည်း ကိုယ့်မောင်တို့ ညီမတို့ ဆိုတာတွေကို ယဉ်ကျေးစွာ ခိုင်းတတ်ရမယ်။ ယဉ်ကျေးစွာ ဆုံးမ တတ်ရမယ်။ အခုကြည့်လေ အောင်ဘုအစ်မက . . .

"ဟဲ့ . . . ဘာလို့ ရှပ်တိုက်စီးတာလဲ"လို့ ပြောတော့ ဒေါသ သံလေး ပါသွားတယ်။ ဒီတွင် အောင်ဘုက ထော်လော်ကန့်လန့် လုပ်ရော။

"တကယ်လို့သာ . . . မောင်လေး . . . ဖိနပ်ကို ရှပ်တိုက် မစီးနဲ့၊ ညင်ညင်သာသာလေး စီးလို့များ ပြေပြစ်စွာပြောရင် အောင်ဘုကလည်း . . .

"ဟုတ်ကဲ့ မမ"လို့ ပြောမှာပေါ့"

နောက်ရှိသေးတယ် . . . သူ့အမေ . . .။ တကယ်လို့ ဘဘ သာ သူ့အမေနေရာမှာရှိရင် . . .

"တယ် . . . ဒီကလေး အစ်မကို ဆဲရတယ်လို့ ငရဲကြီး အောင်၊ ထိုင်ကန်တော့လိုက်စမ်း"လို့ ခိုင်းမှာ။

အဲဒါလိုဆိုရင် တစ်အိမ်လုံး ပွက်လောရိုက် ဆူညံနေမယ့် အစား ဘယ်လောက်များ စိတ်အေးချမ်းသာ ရှိနေလိုက်မလဲနော်။

"ဟုတ်ကဲ့ပါ ဘဘ . . ."

"ဟော့ . . . ညီကြီး၊ မင်းဦးလေး စာရှိရင် ရွတ်စမ်း"





"ဟုတ်ကဲ့ပါ ဘဘ"

"ဖိနပ်ကိုစီး၊ ရှပ်တိုက်ပြီး၊ ဘယ်နည်းနဲ့မှ မစီးရ"

"ဒါပဲရတယ် ဘဘ"

"အေး ကောင်းပါတယ်။ ဘဘတို့ ငယ်ငယ်ကဆို . . ."

***"အစ်ကိုကြီးအား ညီငယ်များက စကားတုံ့ဆက်ဖက်၍ မဆို၊ ရှိသေကြစေ ကိုကြီး အစ်မ သည်နှစ်ဝကို မိဘကဲ့သို့ မှတ်ပါလေ"*** တဲ့။

ကဲ . . . ဒီတော့ မောင်တို့ မယ်တို့လဲ ဖိနပ်စီးတဲ့အခါ ရှပ် တိုက်ပြီးမစီးမိဖို့ အစ်ကို အစ်မတို့ရဲ့ မေတ္တာကို ခံနိုင်ဖို့ ယဉ်ကျေး လိမ္မာကြနော်"

"ဟုတ်ကဲ့ပါ ဘဘ . . ."

အမှတ် (၄)၊ ဧပြီလ၊ ၂၀၀၉ ခုနှစ်

❑



www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင်းအလုပ် ဝိုင်းကူလုပ်မည်



## အိမ်တွင်းအလုပ် ဝိုင်းကူလုပ်မည်

"ညီကြီး"

"ပြော ... အောင်ဘု၊ ကိစ္စရှိလို့လား ..."

"မရှိဘူးကွ။ နို့ပေမယ့် ငါ သီချင်းဆိုချင်နေလို့"

"အံမယ်လေးဟဲ့။ သီချင်းဆိုချင်တာများ တိုင်ပင် နှီးနှော နေရသေးတယ်လို့"

"ဒါဖြင့် ငါဆိုမယ်နော် ..."

"အေး ..."



www.burmeseclassic.com

www.burmeseclassic.com



"မေမေလည်း မချမ်းမြေ့ပါပေ . . ."

"ဖေဖေလည်း မချမ်းမြေ့ပါပေ . . ."

"သားသမီးလည်း မချမ်းမြေ့ပါပေ . . ."

"တစ်အိမ်လုံးလည်း မချမ်းမြေ့ပါပေ . . ."

"ဖြန်း . . . ကဲ . . . ဟယ် . . ."

"အံမယ်လေးဗျာ . . . ခင်စိန်မ၊ ဒါ . . . ဘာလုပ်တာလဲ . . . ငါ့ဟာငါ သီချင်းဆိုနေတာ . . ."

"သေနာ . . . သေ၊ သေမှ ကောင်းမယ်။ ဒါ . . . နင် ငါ့စောင်းရရောလား . . ."

"ဟော့ ဟော့ အောင်ဘုတို့ မောင်နှမဘာဖြစ်နေကြတာလဲ"

"ကျွန်တော့်ဘာသာ သီချင်းဆိုတာကို ခင်စိန်မက သူ့စောင်း ဆိုတယ်ဆိုပြီး ကျွန်တော့်ကျောပြင်ကို လက်ဝါးတင်ပြီး တအားကြီး ရိုက်တာ ဘဘ . . ."

"မင်း အတော်နာလို့လား . . ."

"ဟုတ်ကဲ့ . . . အံမယ်လေး ကျွတ် . . . ကျွတ် . . . နာ လိုက်တာ ဘဘရယ် . . ."

"ဟား . . . ဟား . . ."

"ဟော့ . . မရယ်နဲ့လေ . . အောင်ဘု ရှက်သွားဦးမယ် . ."



"ဒီမျက်နှာလား ရှက်မှာ ဘဘရဲ့"

"နေစမ်းပါဦး . . . နေစမ်းပါဦး၊ ငါစစ်ကြည့်ပါဦးမယ်၊ မောင်အောင်ဘုက သီချင်းပြန်ဆိုစမ်း . . ."

"မေမေလည်း မချမ်းမြေ့ပါပေ၊ ဖေဖေလည်း မချမ်းမြေ့ ပါပေ၊ အဲဒါဆိုတာ ဘဘ"

"နို့ . . . မခင်စိန်က ပြောဦး။ အဲလို သူကဆိုတာ မခင်စိန် ကိုစောင်းရောလား . . ."

"ဟော . . . ဘဘ သူမဖြေဘူး။ ကျွန်တော် ဖြေမယ်။ မနက် ကပေါ့ သူ့အမေ ကျွန်တော့်အဒေါ်က . . ."

"ဟုတ်ပါတယ်။ အရေးထဲ မင်းက သွေးစပ်ပြရသေး။ ကဲ . . . ဆက်ပြော။ အဲဒါ ဘာဖြစ်လဲ"

"ဒီလို ဘဘရဲ့၊ မနက်က အဒေါ်က ဈေးကအပြန် ဘုရား ပန်းအိုးလဲဖို့ သပြေပန်းတွေ ဝယ်လာတယ်။ အဲဒါ . . . ဟဲ့ သမီး၊ ဘုရားပန်းအိုးလဲလိုက်၊ မေမေ ဟင်းအိုး ပြင်လိုက်ဦးမယ်ဆိုပြီး သူ့ကို သပြေပန်းစည်းပေးပြီး မီးဖိုချောင်ထဲ ဝင်သွားတယ်"

"ခင်စိန်မကလည်း ဟုတ်ကဲ့ပါမေမေဆိုပြီး သပြေပန်းစည်း ကို လှမ်းယူလိုက်တယ်"

"သပြေပန်းတွေကလည်း လှလိုက်တာ ဘဘရယ်။ သပြေညို့



www.burmeseclassic.com

www.burmeseclassic.com



ရွှေဘိုပန်းဟာကိုပါ လန်းလျက်ပါကို" ဆိုသလိုပဲ လန်းလန်းဆန်းဆန်းနဲ့ဟာ . . . ဟောဗျာ ခင်စိန်မက ပန်းစည်းကိုယူ . . . ဘုရားအိုးလဲမယ် မှတ်တယ်၊ ဘယ်ဟုတ်မလဲ။ ရေအိုးအဖုံးပေါ် တင်ထားခဲ့ပြီး အိမ်ရှေ့ထွက် ကစားနေရောတဲ့"

"ဟိုက အခေါ်က ဟင်းအိုးပြင်ဆင်ပြီးလို့ မီးဖိုပေါ် တင်ကာ အိမ်ရှေ့ထွက်လာတာတောင် ပန်းစည်းက ဒီအတိုင်းပဲ နေရာမရွှေ့သေးဘူး။ ဒါနဲ့ . . ."

"ဟဲ့ . . . မခင်စိန်လာဦးဆိုပြီး နားရင်းပါးရင်း တီးတာတဲ့ ဘဘရဲ့"

"အံမာ . . . ဒါတောင် သူက ခုနစ်အိမ်ကြား ငိုသံကြီးနဲ့ ပြန်ပက်သေးတယ် . . . လဲမှာပေါ့ . . . ခဏလေးနေရင်တဲ့ . . ."

"ဒီတော့ အခေါ်က 'ဘာခဏလေးလဲ၊ ငါတောင် တင်းအိုး ပြင်ပြီးပြီ။ အခုထိ ဘုရားပန်းအိုးတောင် နင်မချသေးဘူးဆိုပြီး ထပ်ဆော်တာပေါ့ . . ."

"ဘဘရေ တစ်အိမ်လုံးကို ပွက်ပွက်ညံညံရောပဲ။ ဒီတော့ ဒီအိမ် ဘယ်လိုလုပ် ချမ်းမြေ့မှာလဲဗျ . . ."

"အေး . . . ဒါ မခင်စိန် မလိမ္မာလို့ ဖြစ်ရတာ။ မိဘခိုင်းရင် ခဏနေဦး တော်တော်ကြာနဲ့ အချိန်မဆွဲရဘူး ချက်ချင်းလုပ်ရတာ"





"အိမ်တစ်အိမ်မှာ ဘုရားကျောင်းဆောင်ဆိုတာ အမြတ်ဆုံးပဲ . . . ကျက်သရေအရှိဆုံးပဲ။ ဒီတော့ ဘုရားပန်းအိုးတွေဆိုရင် လန်းလန်းဆန်းဆန်း ရှိရမယ်။ သောက်တော်ရေအိုးဆိုရင်လည်း အမြဲတမ်း ရေရှိနေရမယ်။ သောက်တော်ရေခွက်တို့ ဘာတို့ဆိုလည်း သန့်ရှင်းစင်ကြယ်နေအောင် ပွတ်တိုက်ထားရတာ"

"နောက်ရှိသေးတယ်။ ဘုရားကျောင်းဆောင်မှာ အမှိုက်သရိုက် မရှိစေရဘူး။ လှည်းကျင်းထားရတယ်။ ပင့်ကူအိမ်တို့ ကြွက်သိုက်တို့ဆိုတာတွေလည်း ရှိတတ်တယ်။ ရှိရင် ဖယ်ထုတ် သန့်ရှင်းထားရတာမျိုး"

"ဒါမှလည်း အိမ်သန့်တယ်။ နတ်ချစ်တယ်။ စီပွားတက်တယ်။ ကျန်းမာတယ်။ ကြားလား . . . မခင်စိန်"

"ဟုတ်ကဲ့ပါ ဘဘ . . ."

"ဒါတွေဟာ အိမ့်ယဉ်ကျေးမှုတွေပဲ။ အိမ်မှာနေရင် အမေ အဖေ ခိုင်းမှရယ်လို့ မဟုတ်ဘူး၊ ကိုယ့်အသိနဲ့ကိုယ် လုပ်သင့်တာမှန်သမျှ ဝင်လုပ်ရတာ။ ဒါမှလည်း လူတန်ဖိုးရှိမှာပေါ့ . . ."

"ဟုတ်ကဲ့ ဘဘ . . ."

အမှတ် (၅)၊ မေလ၊ ၂၀၀၉ ခုနှစ်

❑



www.burmeseclassic.com

www.burmeseclassic.com



သကြၤန်ရေစင် အေးပါစေ



## သကြၤန်ရေစင် အေးပါစေ

"မောင်သိလ . . ."

"အမိန့်ရှိပါဘဘ . . ."

"ဒီနှစ်သကြၤန်မှာ ရေပက်သေးလား . . ."

"ဟုတ်ကဲ့ပါ ဘဘ၊ မေမေတို့က ကျွန်တော်တို့ မောင်နှမကို ပြွတ်တံဝယ်ပေးပြီး အိမ်ရှေ့ကပဲ ပက်ခိုင်းပါတယ် . . ."

"အင်း . . . ဒါလည်း ကောင်းပါတယ်။ နေကပူ၊ လူကများ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ဟာ အင်မတန်အန္တရာယ်များတာ။ လူတွေကလည်း အမူးရှော၊ မမူးရှောစုံနေတာ၊ သူတို့ချင်း မတော်တဆ ခိုက်ရန်ဖြစ်ရင်တောင် ကိုယ်က ကံမကောင်းရင် အချောင်ခံရတတ်တယ်"

"နို့ . . . ဥပုသ်ကော စောင့်သေးလား မယဉ်မေ"

"စောင့်ပါတယ် ဘဘ။ မေမေတို့ကတော့ တစ်နေ့လုံး ဥပုသ် စောင့်တယ်။ သမီးတို့ကိုတော့ နေ့ ၁၂ နာရီအထိ ပိုင်းပြီး စောင့် ခိုင်းတယ်"

"အေး . . . တယ်တော်တဲ့ မိဘတွေပဲ။ အဲလို ဥပုသ်ကို အချိန်ကန့်ပြီးလဲ စောင့်လို့ရတာပဲ"

"ဟို . . . ညီကြီးကော"

"သားတော့ လမ်းထိပ်ထွက်ပြီး ရေကစားတာ ဘဘ။ မျော် လိုက်တာ ဘဘရယ် မပြောနဲ့တော့"

"အေး . . . မပြောပါဘူး။ ကိုညီကြီးရယ်။ ငါသိပါတယ်။ မင်းတို့ အောင်ဘုတို့ဆိုတာ ဒါမျိုး တယ်ဝါသနာပါတဲ့ဟာ . . ."

"ဟို . . . အောင်ဘုက မခင်စိန်ကို ပက်သေးလား . . ."

"ဟာ . . . ပက်ပြီပေါ့ ဘဘနှယ်။ အံမာ သူက ကြွားသွား သေးတယ်။ ငါမှာ ဥပုသ်ကြီးနဲ့တဲ့ . . ."

"ဒီတော့ မပက်ဘူးလား . . ."





"ဘယ်ရမလဲ . . . ဘဘရ။ ဥပုသ်သည် နာနာပက် သိကြား မင်းက မှာလိုက်တယ်ဆိုပြီး ရွှဲနေအောင် ပက်လိုက်တယ်ပေါ့ . . ."

"ဟုတ်လား . . . မခင်စိန် . . ."

"ဟုတ်တယ် ဘဘ . . . သမီးလဲ သေနာကောင် အမျိုးချင်း ပက်ရလားဆိုပြီး ပြေးရတာပေါ့ . . ."

"နို့ . . . သင်္ကြန်ဆိုတာ ဘာလဲ ဘဘ . . ."

"အေး သင်္ကြန်ဆိုတာက 'ပြောင်းရွှေ့တယ်'လို့ အဓိပ္ပာယ်ရ တယ်။ နှစ်ဟောင်းကုန်လို့ နှစ်သစ်ထဲ ပြောင်းတာကို သင်္ကြန်ခေါ် တာပဲ . . ."

"ဒါဆိုရင် ရေပက်တာကို ခေါ်တာ မဟုတ်ဘူးပေါ့ . . ."

"ဘယ်ဟုတ်မလဲ။ သူ့အဓိပ္ပာယ်က ရေပက်ရတယ်လို့ ရတာ မှမဟုတ်တာ . . . ပြောင်းတာပဲရတဲ့ ဥစ္စာကိုး . . မောင်ညီကြီးရ"

"ဒါဖြင့် ဘာလို့ ရေပက်ကြရတာလဲ . . ."

"ဒါကလည်း တို့လူမျိုးတွေရဲ့ ရိုးရာယဉ်ကျေးမှုတစ်ခုပဲလို့ ဆိုရမှာပဲ။ ရှေးဘိုးရှေးဘင်တွေက ဒီအချိန်ရောက်ရင် ဒီလိုပဲ လုပ် သွားတဲ့ အစဉ်အလာရှိတာကိုး . . ."

"သဘောကတော့ကွာ၊ သင်္ကြန်ကျတဲ့လ ဆိုတာက တန်ခူးလမဟုတ်လား သင်္ကြန်တာကူး၊ နှစ်ဦးညောင်ရေ



www.burmeseclassic.com

www.burmeseclassic.com



စာပလွေခင်း ဆိုတာလေ"

"ကြားဖူးတယ် ဘဘ . . ."

"အေး . . . မောင်သီလရေ ဒီလတွေက သိပ်ပူကိုး . . . ဒီတော့ ရေရဲ့သဘောက အေးမြနေတော့ ဒီရေလေး အေးမြသလို သူတို့လဲ အေးမြပါစေဆိုတဲ့ မေတ္တာမာတ် အရင်းခံလေးနဲ့ ပက်ဖျန်း ကြတာပဲပေါ့"

"အခုလို အကြမ်းပတမ်း အရမ်းကြီးတော့ မဟုတ်ဘူးပေါ့ နော် . . ."

"ဒါကလဲ ပုံသေကားချပ် မှတ်လို့ မရဘူးကွ။ သူ့ခေတ်နဲ့သူ ရမ်းတာရော ရှိမှာပါပဲ . . ."

"တို့ မြန်မာရာဇဝင်မှာ ရှိမဟုတ်လား။ နရသီဟပတေ့မင်း လေ၊ တရုတ်ပြေးမင်းလို့လဲ ခေါ်သေးတယ်။ အဲ . . . သူ့လက်ထက် တုန်းက မောင်းမမိဿံ အခြွေအရံတွေနဲ့ ဧရာဝတီမြစ်အတွင်းမှာ သင်္ကြန်ကျကြတာပေါ့"

"အဲ . . . ဘုရင်က သူ့မိဘုရား စောလုံကို အချစ်စမ်းတဲ့ အနေနဲ့ ရေကိုပိုပြီး ပက်ရော။ ဟိုမိဖုရားခမျာလဲ ချမ်းရှာလွန်းလို့ ခိုက်ခိုက်တုန်ပဲ။ လူကြားထဲဆိုတော့ ရှက်လဲရှက်ပေါ့"

"ဒါနဲ့ ဘုရင့်အပေါ် စိတ်ခုပြီး၊ နန်းတော်ရောက်တော့ ဘုရင်



"ဘုရင်ကြီးသေရောလား ဘဘ . . ."

"ဘယ်သေမလဲ။ ဘုရင်ဆိုရင် နတ်ရွာစံတယ်လို့ ပြောရ တယ်။ မောင်ညိုကြီးရ"

"ဟုတ်ကဲ့ပါ ဘဘ . . ."

"ဟိုဘုရင်ကလည်း မိဖုရား စိတ်ဆိုးသွားမှန်းသိတော့ သတိ နေတာပေါ့။ ပွဲတော်အုပ်ရောက်လာရင်ပဲ အဆိပ်ခတ်ထားမှန်းသိ လို့ ပွဲတော်မတည်ဘဲ မိဖုရားကိုတော့ ကွပ်မျက်ပစ်လိုက်တယ်လေ"

"ကွပ်မျက်တယ်ဆိုတာက ဘဘ"

"ကွပ်မျက်တယ်ဆိုတာ . . . သတ်ပစ်တာကို ပြောတာ သဥ်မေ"

"အဲဒါပဲကြည့် . . . သင်္ကြန်မှာ ရေပက်ကြပေမယ့် အရမ်း ဖြစ်လာတော့ အသက်ဆုံးတဲ့အထိ ရောက်သွားရော။ အခု ခေတ်လဲ . . . သိပ်လွန်ကျူးလာရင် အခုနလို အဖြစ်မျိုးတွေဖြစ်တာ တို့ကြားဖူးမှာပေါ့"

"ကြားဖူးပါတယ် ဘဘ"

"ဟို ဂွက်ထော်ကော သင်္ကြန်မှာ ဘာကုသိုလ် လုပ်သေးလဲ"

"သမီး ငှက်လွှတ်အဖွဲ့နဲ့ ငါးသွားလွှတ်ပါတယ် . . . ဘဘ"

"နို့ . . . ဘယ်လို ဆိုလွှတ်လဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



"နင့်အသက် တစ်ခါလွှတ်၊ ငါ့အသက် ဆယ်ခါလွှတ်ဆိုပြီး လွှတ်တာပေါ့"

"ဟင် . . . ဒါဆို မဂ္ဂက်ထော်က ဒီကုသိုလ်မှာ မဂ္ဂက်ထော် အတွက်လား၊ ငါးအတွက်လား . . ."

"ငါးအတွက်ဆိုရင် ငါးကျတော့ နင့်အသက် တစ်ခါလွှတ် တဲ့၊ မဂ္ဂက်ထော်ကျတော့ ဆယ်ခါလွှတ်ဆို . . ."

"ဟား . . . ဟား . . . ဟုတ်တယ် ဘဘ။ သူက ကိုး တောင် ပိုသေးတယ်။ ဟုတ်ဖူးလား ဂ္ဂက်ထော်"

"ဟုတ် ဟုတ် . . . မဟုတ်ဟုတ် နင့်အလုပ်လား"

"ငါ့ အလုပ်မဟုတ်ပေမယ့် ငါ သဘောပေါက် သွားလို့ပါ မမ ဂ္ဂက်ထော်ရာ . . ."

"ညိုကြီးနော် . . . နင် . . ."

"ဟဲ့ . . . ဟဲ့ . . . အဲလို မပြောကြပါနဲ့၊ အမှန်ကတော့ ဇီဝိတဒါန အသက်လှူရတဲ့ ဒါနပဲပေါ့။ ဒီကုသိုလ်သတ္တိကြောင့် နိဗ္ဗာန်မဂ်ဖိုလ်ဆုပဲ တောင်းရမှာနော် . . ."

"ဟုတ်ကဲ့ပါ ဘဘ"

"ကဲ . . . နောက် အပတ်ကြမှပဲ ဆုံကြသေးတာပေါ့ . . .

အမှတ် (၆)၊ ဇွန်လ၊ ၂၀၀၉ ခုနှစ်

❑



# အချိုးမွှမ်းခံ လူ့အပိုးတန်

"မောင်အောင်ဘု"

"ခင်ဗျာ၊ ဘဘ . . ."

"မင့် ပါးစပ်က တလှုပ်လှုပ်နဲ့ ဘာစားနေတာလဲ"

"သကြားလုံးပါ ဘဘ"

"နို . . . မင်းဘယ်သူ ကျွေးလို့လဲ"

"မမခင်စိန်ပါ ဘဘ"



www.burmeseclassic.com

www.burmeseclassic.com



"မမခင်စိန်ပါ ဘဘ"

"ဟော့ . . . မင့်ဟာက အခေါ်အဝေါ်ရှောင် ပြောင်းလို့ ပါလား"

"ဝါး . . . ဟား . . . ဟား . . . "

"ဟော့ . . . ဘာလို့ရယ်ကြတာလဲကွ"

"အံမယ်လေးဟဲ့၊ မမခင်စိန်တဲ့ . . .။ အံမယ်လေးဟဲ့ မမ ခင်စိန်တဲ့"

"ဟို . . . ညိုကြီး ဘာဖြစ်နေတာလဲ"

"ခင်စိန်မ ခေါ်နေကျက၊ သကြားလုံးလေးလဲ စားရရော ဟော . . . မမခင်စိန် ဖြစ်သွားရော"

"နို့ . . . ဟုတ်လား။ အောင်ဘု"

"မဟုတ်ဘူး ဘဘ။ ကျွန်တော့် အစ်မမို့ သူက အသက်ကြီး လို့ခေါ်တာ"

"ငါတော့ မယုံဘူး အောင်ဘု။ သကြားလုံး မျက်နှာကလည်း အကြီးသားကွ။ အဲ . . . အဲ . . . မမခင်စိန်တဲ့"

"ဟုတ်လား မခင်စိန် . . .၊ အောင်ဘုကို သကြားလုံး ကျွေးလား"

"ဟုတ်ကဲ့။ လမ်းမှာ အောင်ဘုကို သကြားလုံးတစ်လုံး ပေး





လိုက်တယ် ဘဘ"

"အဲဒီလိုမှပေါ့ မောင်နှမဆိုတာ ချစ်ချစ်ခင်ခင် ရှိမှပေါ့။ ဒါနဲ့ . . . နေပါဦး။ မခင်စိန်က သကြားလုံးဝယ်စားလို့လား"

"မဝယ်စားပါ ဘဘ၊ မေမေ ပေးလိုက်တာပါ။ မနက်က မေမေက ဈေးကပြန်လာတော့ ဆွမ်းကျွေးတစ်ခု သွားစရာရှိတာနဲ့ ကမန်းကတန်းကြီး ထဘီလဲတာ၊ ထဘီကို ဒီအတိုင်းပုံထားခဲ့တယ်"

"မေမေ့နဲ့ အတူသွားမယ့် ဒေါ်လေးတို့ကလည်း အိမ်ရှေ့က စောင့်နေတာကိုး။ အဲဒါ သမီးက မေမေ့ထဘီကိုယူပြီး လျှော်ဖွပ်ပြီး လှန်းထားလိုက်တယ်"

"အဲဒါ မေမေက 'ငါ့သမီးလေး အတော်လိမ္မာလာပြီ'လို့ ဆို ပြီး ပေးလိုက်တာ"

"ဒါ . . . ဒီလိုပဲ ဖြစ်ရမှာပေါ့။ မခင်စိန်၊ မိဘဆိုတာ သား သမီးတွေ အခုလို လိမ္မာလာမယ်၊ ယဉ်ကျေးသိမ်မွေ့လာမယ်ဆိုရင် အလွန်ကို ပီတိဖြစ်ကြရတာ။ ဒီတော့ ကိုယ့်အိမ်မှာ ကိုယ်နိုင်တဲ့ ဘက်ကဆို ခိုင်းမနေရဘဲ အလိုက်သိစွာ လုပ်ပေးရမယ်"

"ဟို ညိုကြီးကော . . . လိမ္မာရဲ့လား"

"ဟုတ်ကဲ့ပါ ဘဘ၊ သားလည်း လိမ္မာလာပါပြီ"

"နို့၊ ဒီနေ့မနက် အိမ်မှာ မင်းဘာလုပ်ပေးခဲ့သေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လား၊ အချီးမွမ်းခံရတယ် ဘဘ"

"ဟော . . . တယ်ဟုတ်ပါလား၊ မင်းကို ဘယ်သူက ချီးမွမ်းတာလဲ"

"ညည့်သည် ဦးလေးကြီးကပါ။ ဖေဖေနဲ့ ညည့်သည် ဦးလေးကြီးတို့ စကားပြောနေတော့ သားက သူတို့နဲ့ မလှမ်းမကမ်းမှာ တာတွန်းဖတ်နေတာ ငြိမ်ငြိမ်လေးပါ ဘဘ"

"ဒီလိုမှပေါ့ . . . ညည့်သည်ဆောင်သည်နဲ့ မိဘတွေ စကားပြောနေရင် ကိုယ်က ကျွန်ရရလေးနဲ့ နေတတ်ရမယ်လေ"

"ဟုတ်ပါတယ် . . . အဲလိုနေရင်း ဦးလေးကြီးက ရေအေးအေး တစ်ခွက်လောက် သောက်ချင်တယ် ဗျာလဲ ဆိုရော ကျွန်တော်က ကမန်းကတန်း သောက်ရေခွက်ကို အပြည့်ခပ်ပြီး အောက်ခံပန်းကန်လေးနဲ့ ရိုရိုသေသေ၊ ခါးလေးကို ညွတ်ကိုင်းပြီး လက်နှစ်ဖက်နဲ့ ပေးလိုက်ရော"

"ဒီတော့ ဘာပြောလဲ"

"အဲ . . . ရေလဲသောက်ပြီးရော၊ ရေလေးက အေးနေတာပဲ၊ ခင်ဗျားသားလေးက လိမ္မာလိုက်တာ၊ ခိုင်းတောင် မခိုင်းရဘူး၊ လူကြီးသူမကိုလဲ ရိုသေကိုင်းရှိုင်းလိုက်တာတဲ့ ဘဘ"

"အေး . . . ဒါဆို ဟိုလူရဲ့ မေတ္တာကို မင်းခံယူလိုက်ပြီလေ"





ဖက်နဲ့ တလေးတစား ခံယူ၊ ကိုယ်ကပေးရင်လဲ အဲလိုပဲပေး"

"နောက်ပြီး ရှိသေးတယ်။ လူကြီးတွေနဲ့ စကားပဲပြောပြော၊ ခိုင်းတာကိုလုပ်လုပ် မျက်နှာအမူအရာဟာ ကြည်လင်ရွှင်ပျ နေရတယ်။ မျက်နှာကို ပုပ်သိုးသိုးကြီး မလုပ်ရဘူး"

"စကားအသံကိုလဲ သိမ်သိမ်မွေ့မွေ့ ယဉ်ယဉ်ကျေးကျေး၊ ချိုချိုသာသာ ပြောရတယ်"

"လူကြီးတွေရှေ့မှာဆို ဒူးပေါ်ပေါင်ပေါ်လဲ မနေဘူး။ လက်ဆော့ခြေဆော့လည်း မလုပ်ရဘူး"

"မိန်းကလေးတွေဆိုရင် မနက်မိုးလင်းတာနဲ့ သောက်ရေခွက်တို့၊ လက်ဖက်ရည်ပန်းကန်လုံး၊ လင်ဗန်း စတာတွေ စင်ကြယ်နေအောင် ပွတ်တိုက် ဆေးကြောထားရတာ"

"နောက်ရှိသေးတယ်။ အိမ်ကို တံမြက်စည်းလှည်းတာတို့၊ ဖုတ်ဖက်ခါတာတို့ ဆိုတာတွေကိုလည်း လုပ်ရတာ"

"ဘုရားကျောင်းဆောင်က ဘုရားပန်းအိုး၊ သောက်တော်ရေခွက် ဆိုတာတွေလဲ အဲလို မနက်တိုင်းဆေးကြော သန့်စင်ရတာ"

"နို့ . . . ကျွန်တော်တို့ကကော ဘဘ"

"ဟ . . မင်းတို့လဲ လုပ်နိုင်တာပဲ။ ဒါတွေကို . . . အဲ ကိုယ့်ထက်ကြီးတဲ့ သူရှိလို့ လုပ်နေရင်လည်း ကိုယ်က ကူညီသင့်တဲ့နေရာ



www.burmeseclassic.com

က ဝိုင်းကူညီပေါ့၊ သယ်ပေးတန် သယ်ပေးပေါ့"

"ယုတ်စွအဆုံးကွာ . . . အိမ်ခြံထဲမှာဖြစ်ဖြစ်၊ အိမ်ရှေ့မှာပဲဖြစ်ဖြစ်၊ အမြင်မတော်တဲ့ အမှိုက်သရိုက်တွေ ရှိရင်လဲ လှည်းကျင်းတန် လှည်းကျင်း၊ ကောက်ပစ်တန် ကောက်ပစ်ပေါ့"

"အဲလို ငယ်ငယ်ကတည်းက ယဉ်ကျေးနေပါမှ ကြီးလာရင်လူ့ အဖိုးတန်တွေ ဖြစ်လာမှာပေါ့ ကြားလား"

"ဟုတ်ကဲ့ ဘဘ . . ."

အမှတ် (၇)၊ ဇူလိုင်လ၊ ၂၀၀၉ ခုနှစ်

ם



# အကျိုးလိုရှာသုံးမလျှင် ဦးထိပ်မှာပန်ဆင်

"မောင်သီလ . . ."

"အမိန့်ရှိပါ ဘဘ . . ."

"မင်း တစ်နေ့ကို ဘုရားဘယ်နှစ်ခါ ရှိခိုးလဲ . . ."

"ညဘက်တစ်ခါပဲ ရှိခိုးပါတယ် ဘဘ . . ."

"နို့ . . . မင်းညီမ မယဉ်မေကကော"

"သူလည်း ကျွန်တော်နဲ့အတူ ရှိခိုးပါတယ်"

www.burmeseclassic.com



"တစ်နေ့မှ မပျက်ဘူးလား . . ."

"မပျက်ပါဘူး ဘဘ . . .။ နေထိုင်မကောင်းလို့ မရှိခိုးနိုင်ရင်တောင် ကိုယ့်ခေါင်းအုံးလေးဘက်လှည့်ပြီး ဦးသုံးကြိမ်ချ ကန်တော့ရပါတယ် . . ."

"နို့ . . . အဲဒါတွေကို မင်းတို့ကို ဘယ်သူကသင်ပေးထားလဲ. . ."

"မေမေရော. . . ဘွားဘွားကပါ သင်ပေးထားတာပါဘဘ"

"အဲ . . . တယ်လိမ္မာကြပဲကိုး။ အဲလိုမှပေါ့။ မိဘလုပ်သူတွေ ဆရာသမားတွေ၊ ကိုယ့်ထက် အသက်၊ သိက္ခာကြီးသူတွေက ကောင်းစေချင်လို့ သွန်သင်ဆုံးမထားရင် အဲဒါ ကိုယ်က လိုက်နာပြုကျင့်ရတာ။ အဲဒါမျိုးကို 'သောဝစဿတာဂုဏ်'နဲ့ ပြည့်စုံတယ်လို့ ခေါ်ရတာ"

အဲဒီလိုမှမဟုတ်ဘဲ မလိုက်နာဘူးဆိုရင် "ဒုဗ္ဗစ . . . ပုဂ္ဂိုလ်" လို့ ခေါ်ရတာ။ အပြောခက်၊ အဆိုခက်တဲ့လူပေါ့ကွာ"

"ဟို . . . အောင်ဘုတို့၊ ညီကြီးတို့ကော . . . ဘုရားရှိခိုးအိပ်ကြရဲ့လား"

"အိပ်ပါတယ် ဘဘ. . ."

"ကျွန်တော်က ဘုရားချည်းတောင် မကပ်ပါဘူး၊ မေမေနဲ့ ဖေဖေကိုတောင် ဦးချအိပ်တာ. . ."

"ဟယ်. . . ညီကြီးက ပိုလို့တောင် လိမ္မာသေးတယ်"

"ကျွန်တော်တို့လည်း သူ့လိုပါပဲ. . ."

"မောင်သီလတို့ကိုတော့ ကျွန်တော် ယုံပါတယ်။ ဟို . . . ညီကြီးကျတော့ မယုံတစ်ဝက်၊ ယုံတစ်ဝက် ယုံရခက်ကြီးပါ ဆိုတာမျိုး ဘဘ. . ."

"အံမာ . . . အောင်ဘုကလည်း အလာသားပဲ။ ကဲ . . . အဲဒါတွေထားတော့"

"တစ်ခါကပေါ့။ ဗုဒ္ဓလက်ထက်ကပေါ့ကွာ . . .။ ဗုဒ္ဓရဲ့လက်ယာရံ အရှင်သာရိပုတ္တရာ မထေရ်ကြီးဆိုတာ ရှိတယ်။ ဓမ္မသေနာပတိ တရားစစ်သူကြီးပဲလို့လည်း တစ်သာသနာလုံးက သတ်မှတ်ထားရတာ"

လောကမယ် ဘုရားကလွဲရင် အရှင်သာရိပုတ္တရာမထေရ်ဟာ ပညာအတတ်ဆုံးပဲ။ အဲသလောက် အဆင့်မြင့်တာကွ။

အဲဒါ တစ်နေ့မှာတော့ အမှုမဲ့ အမှတ်မဲ့နဲ့မို့ သင်္ကန်းဝတ်တာ မညီမညာဖြစ်နေတယ်။ သင်္ကန်းကြီး ပိုသီပတ်သီ ဖရိုဖရဲနဲ့ပေါ့ကွာ။

အဲဒါကို ကိုရင်လေးတစ်ပါးက မြင်သွားတယ်။ ကိုရင်လေးကလည်း မညံ့ဘူးကွ။ သတ္တိရှိပုံလည်းရတယ်။ သင်္ကန်းကိုလည်း



မှတ္တူတူးလေး စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ညီညီညာညာဝတ်တတ်ပုံရတယ်။ ဒါနဲ့ပဲ အရှင်မြတ်ကြီးနား သွားပြီး ...

"အရှင်ဘုရား ... သင်္ကန်းကို အဲလိုမျိုးဝတ်ရမှာလား"လို့ အရှင်မြတ်ကြီးအား လက်ညှိုးထိုးပြပြီး မေးသတဲ့...

မောင်သီလ ဒါဟာ ငါလိုပုဂ္ဂိုလ်မျိုးကို ဒီကိုရင်ငယ်လေးက ခနဲ့တဲ့တဲ့ လာပြောရသလားဆိုပြီး ...

"တယ် ... ဒီကိုရင် ငါ ရိုက်လိုက်ရ"လို့ ပြောကြမှာ။ တချို့ဆိုရင် ပြောပါတယ် ...

"ဒါဖြင့်ရင် အရှင်သာရိပုတ္တရာက ကိုရင်လေးကို မကန့်လိုက်ဘူးလား ဘဘ..."

"မကန့်လိုက်ဘူး မောင်သီလ၊ တစ်နေရာသွား၊ သင်္ကန်းကို အချိုးကျကျ သပ်ရပ်အောင်ပြင်ဝတ်ပြီး ကိုရင့်ဆီပြန်လာတာ... 'ကျေနပ်ပြီလားဆရာ'လို့ သွားပြသတဲ့။

"အဲဒီမှာတွင် မထေရ်မြတ်ကြီးက ဘာပြောလဲ သိလား"

ငါ့ကို ဘယ်သူက ဆုံးမ၊ ဆုံးမ ငါ နာယူမယ်တဲ့။ အခုလို အသက်အားဖြင့် ခုနစ်နှစ်အရွယ်ရှိတဲ့ ကိုရင်လေးက ဆုံးမတာတောင် ငါ့ဦးထိပ်နဲ့ ပန်ဆင်ထားမယ်တဲ့လေ ..."

မောင်သီလရေ ... ဒါဟာ ပညာရှိထုံးပါပဲ။ သူတော်





မောင်သီလရေ ... ဒါဟာ ပညာရှိထုံးပါပဲ။ သူတော်ကောင်းကြီးတွေရဲ့ မှန်မြတ်တဲ့ အမွေအနှစ်ပါပဲ။ ဒါကြောင့်မို့ မောင်တို့၊ မယ်တို့လည်း ဘယ်သူကဖြစ်ဖြစ် ကိုယ့်ကို အကျိုးလိုလို့ ဆုံးမရင် ဦးထိပ်မှာပန်ဆင်ပြီး နာခံမှတ်သားကြ၊ ပြုကျင့်လိုက်နာကြဖို့ပဲနော်။

အမှတ် (၈)၊ ဩဂုတ်လ၊ ၂၀၀၉ ခုနှစ်

မှုကျူးလေး စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သနွေကောင်းကို ငယ်စဉ်ကမွေးမြူ

ပူတူတူးလေး စာအုပ်တိုက်

# သနွေကောင်းကို ငယ်စဉ်ကမွေးမြူ

□

"မခင်စိန်၊ ညည်းရဲ့မောင် မောင်အောင်ဘုကော . . ."

"သူ ဒီနေ့ လာမယ်မထင်ဘူး ဘဘ . . ."

"ဟော . . . ဘယ်လိုဖြစ်ပြန်လဲကွ"

"မနေ့က သူ့အဖေရိုက်တာ တော်တော်နာတယ် . . ."

"ဟဲ့ . . . ဖအေလုပ်သူကလည်း ကိုယ့်သားသမီးပဲဟာ ဒီ

ပူတူတူးလေး စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လောက်တောင် ရိုက်ရသလား"

"ဘဘနှယ် . . . ဘဘက အောင်ဘုအကြောင်းမှ မသိတာ။ ဒီကောင်က သိပ်ဆိုးတာ။ အဲဒီနေ့ကလေ ရွာလယ်ပိုင်းမှာ ကြက်ပွဲရှိတယ်။ အဲဒါ သွားကြည့်မယ်ပြောတော့ ဦးလေးက မသွားရဘူး။ အလောင်းအစားပွဲမို့ ရန်ပွဲ ဖြစ်လာတတ်တယ်တဲ့လေ"

"ဒါနဲ့ အောင်ဘုကို ခွင့်မပြုဘူး။ ဒါကို ကိုယ်တော်ချောခိုးပြီးသွားကြည့်တာ။ ဟိုကျတော့ ရွာလယ်ပိုင်းကဆိုလားပဲ၊ အဲဒီကကောင်လေးတစ်ယောက်နဲ့ အငြင်းအခုံဖြစ်ပြီး ရန်ဖြစ်တယ်။ သူကထိုးလို့ ဆိုလားပဲ။ ဟိုကောင်လေး မျက်ခွက်ကြီးဖူးရောင်သွားတယ်။ အဲဒါ ကလေးမိဘက လာတိုင်လို့ ဦးလေးနဲ့ ဒေါ်လေးက သိတော့ သူ့ကို မေးစစ်ပြီး ရိုက်တာ"

"အင်း . . . အတော်ဆိုးတာကိုး။ ဒီမှာကျတော့ ယဉ်ကျေးလိမ္မာမှု ပြောဆိုဆွေးနွေးနေသေးတာ။ အဲလေ . . . သန္တေပါ ဆရာမတတ်နိုင်ဆိုတာမျိုးပေါ့"

"ဘဘ . . . ဟိုမှာ အောင်ဘု လာနေတယ်"

"အေး . . . ဟုတ်ပါ့၊ ကဲ မောင်အောင်ဘု ထိုင် . . . ထိုင်။ မင့်အကြောင်းတော့ မင့်အစ်မ မခင်စိန်ပြောလို့ သိပြီးပြီ"

"မင်းတို့အားလုံး ဂရုစိုက် နားထောင်နေနော် . . ."





"ဟုတ်ကဲ့ပါ ဘဘ"

"ရှေးတုန်းက တရာဏသီပြည်က တရာဏသီမင်းကြီးမှာ သားတစ်ယောက်ရှိတယ်။ အမည်က 'ဒုဋ္ဌကုမာရ'တဲ့။ ဗမာလိုတော့ မင်းသားဖျက်ပေါ့ကွာ။

"ဒီမင်းသားလေးက နာမည်နဲ့လိုက်အောင်ကို ဆိုးတာ။ ဘယ်သူမှ လူထင်တာမဟုတ်ဘူး။ အပြောကြမ်း၊ အလုပ်ကြမ်းပဲ။ သူ့မြင်ရင် အဝေးက ရှောင်နေကြရတယ်တဲ့"

"အဲဒါ ဘယ်သူကမှလည်း ဆုံးမလို့မရဘူး။ မင်းကြီးလည်း ဆုံးမလို့ မရဘူးတဲ့။ ဒီအတိုင်း လွှတ်ထားရတာ"

"အဲဒါ . . . တစ်နေ့မှာတော့ မင်းကြီးရဲ့ ဥယျာဉ်အတွင်းမှာ တန်ခိုးနဲ့ ပြည့်စုံတဲ့ ဈာန်အဘိညာဉ်တွေရတဲ့ ရသေ့ကြီးတစ်ပါး ရောက်လာတယ်"

"အဲဒါ မြို့တွင်းဆွမ်းခံကြွတာကို မင်းကြီးမြင်တော့ ကြည်ညိုပြီးတောထဲကို ပြန်မကြွစေဘဲ၊ သူ့ဥယျာဉ်ထဲမှာပင် ကျောင်းဆောက်ကိုးကွယ်ထားတယ်"

"အဲဒါ မင်းကြီးက သူ့သား 'ဒုဋ္ဌကုမာရ' ကိုပါ အပ်နှံထားတယ်။ မင်းသားရဲ့ ဆိုးသွမ်းမှုအကြောင်းကိုလည်း ပြောပြတယ်။ ယဉ်ကျေးလိမ္မာအောင် ဆုံးမပေးဖို့လည်း လျှောက်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ တစ်နေ့မှာတော့ပေ့ . . . ရသေ့ကြီးနဲ့ 'ဒုဋ္ဌကုမာရ' တို့ ဥယျာဉ်အတွင်း လျှောက်ကြည့်နေရင်းက တမာပင်ပေါက်လေး အရွက်မှ နှစ်ရွက်ပဲ ထွက်ခါစရှိသေးတယ်။ အဲဒါကိုတွေ့တဲ့ ရသေ့ကြီးက . . ."

"အဲလိုတွေ့ရင်ပဲ မင်းသား အဲဒီအပင်က အရွက်လေး နှစ်ရွက်ကို ခူးပြီး ဝါးကြည့်စမ်းခိုင်းရော။ အဲဒါ မင်းသားက ခူးပြီး ဝါးကြည့်တော့ ခါးလွန်းလို့ ထွီ . . . ဆိုပြီး ထွေးထုတ်ပစ်လိုက်တယ်။ ဒီတော့ ရသေ့ကြီးက "မင်းသား . . . ဘာလို့ ထွေးရတာလဲ" လို့မေးတော့ "အရှင်ဘုရား၊ ဒီအပင်ဟာ အခုမှ ဖြစ်ခါစရှိသေးတယ်၊ သူ့အရသာက လတ်တလော သေစေနိုင်တဲ့ အဆိပ်ပါပဲ။ အဲဒါ ဒီအပင် ကြီးများကြီးလာရင်တော့ လူအားလုံးကို ဒုက္ခပေးမှာဘုရား" လို့ဆိုပြီး အပင်ကို နုတ်ချေပြီး လွှင့်ပစ်လိုက်သတဲ့"

"ဒီတော့မှ ရသေ့ကြီးက အဲဒီအပင်လိုပဲ မင်းသား . . . မင်းသားဟာ အခုလို ငယ်ငယ်ကတည်းက ဆိုးသွမ်းနေရင် တစ်နေ့ကြီးပြင်းတဲ့အခါကျရင် လူတွေကို ဒုက္ခပေးတော့မှာပေါ့။ ဒါကြောင့် လိမ္မာစမ်းပါလို့ တမာပင်ကို ဥပမာပြပြီး ဆုံးမလိုက်တာ၊ တစ်ခါတည်းကို လိမ္မာသွားရောတဲ့"





"ဒါကြောင့် မင်းတို့အားလုံးလည်း အခုလို ငယ်ရွယ်စဉ် အခါကတည်းက စပြီး လိမ္မာကြပါလို့နော် . . ."

"ဟုတ်ကဲ့ပါ . . . ဘဘ . . . ၊ သားတို့၊ သမီးတို့ လိမ္မာကြပါ့မယ် . . ."

အမှတ် (၉)၊ အောက်တိုဘာလ၊ ၂၀၀၉ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေချင်းချင်း မေတ္တာသွင်း



# မိတ်ဆွေချင်းချင်း မေတ္တာသွင်း

"မောင်ညိုကြီး . . ."

"ခင်ဗျာ ဘဘ . . ."

"အရင် မင်းထိုင်နေကျက အောင်ဘုနဲ့ အတူတူမဟုတ်လား။ နှစ်ယောက်သား တပူးတွဲတွဲနဲ့ဟာ၊ ဟော . . . အခုကျတော့ ဘာလို့ နောက်တန်းမှာ သွားထိုင်နေတာလဲ"

"သူနဲ့ အောင်ဘုက အခုမခေါ်တော့ဘူး . . . ဘဘ . . ."

ပူတူတူးလေး စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

"ဟေ . . . ဘယ်လိုဖြစ်လို့လဲ မခင်စိန်။ အလွန်ရင်းတဲ့ သူငယ်ချင်းနှစ်ယောက်ပဲဟာ"

"ဟုတ်တယ် . . . ဘဘ၊ အခု သူတို့ မခေါ်ကြဘူး။ ဟိုတစ်နေ့က အရှေ့ပိုင်းက ဘုရားပွဲရှိတယ် မဟုတ်လား။ အဲဒါကို သွားကြတော့ ညိုကြီးက အောင်ဘုကို မစောင့်ဘဲ သွားလို့တဲ့"

"ဟုတ်လား . . . ညိုကြီး"

"ဟုတ်ပါတယ် . . . ဘဘ၊ အောင်ဘုက ဘာလုပ်လုပ် သိပ်နောက်ကျတာ၊ ဒါနဲ့ ကျွန်တော်လည်း သိမ်းမောင်တို့ မောင်ရွှေတို့နဲ့ လိုက်သွားရော . . ."

"အဲလို မလုပ်ရဘူး။ မိတ်ဆွေသူငယ်ချင်းဆိုတာ သည်းခံမှပေါ့။ အချင်းချင်း မေတ္တာမပျက်ရဘူး။ မေတ္တာရဲ့ နောက်ကွယ်မှာ သည်းခံရခြင်း ဆိုတာရှိတယ်။ သည်းခံနိုင်မှုလဲ မေတ္တာဆိုတာ ခိုင်မြဲတာ၊ မေတ္တာရှိပါတယ် ပြောပြီး၊ သည်းခံနိုင်မှုမရှိရင် အဲဒီမေတ္တာဟာ အလကား မေတ္တာပဲ။ အပြော မေတ္တာပဲ . . ."

"တစ်ခါရှိသေးတယ်။ အများနဲ့တွဲပြီး လုပ်တာကိုင်တာ သွားတာလာတာတို့ဆိုတာ အလွန်မှုကို သတိဝီရိယနဲ့ နိုးနိုးကြားကြား၊ ထထကြွကြွ ရှိရတာမျိုး . . ."

"ဟို . . . မောင်အောင်ဘုလို နွေးကွေးနေရင်တော့ ဒါ





အများမှာ ကသိကအောက် ဖြစ်ရတာပဲ။ ဒီတော့ ကိုယ့်ဟာကိုယ် တစ်ဦးတည်းဆို နေ့ချင်သလောက်နေ့၊ ဘယ်သူ့ကိုမှ မထိခိုက်ဘူး . . ."

"အဲ . . . အများနဲ့ စပ်လာရင် ကိုယ့်အတွက် အများကို စိတ်မဆင်းရဲစေနဲ့ ကြားလား။ အောင်ဘု . . ."

"ဟုတ်ကဲ့ပါ ဘဘ . . ."

"အေး . . . အေး ကြပ်ကြပ်သတိထား။ မိတ်ဆွေအပေါင်းအသင်းဆိုတာ သူ့အကျိုး ကိုယ့်အကျိုး မထိခိုက်စေရဘူး။ တစ်ဦးအကျိုးကိုလည်း တစ်ဦးက လိုလားရတယ်။ ကူညီရတယ်လေ . ."

"ဟို . . . တို့ ဘုရားလောင်းတို့ မိတ်ဆွေသုံးဦးဆိုရင် အလွန်ချစ်ကြတာ။ ဒီတုန်းက ဘုရားလောင်းက သမင်မျိုးမှာပေါ့။ အမည်က ကုရုင်္ဂမိဂသမင်တဲ့လေ။ အဲဒါ ရေအိုင်တစ်အိုင်အနီးက ချုံပုတ်ထဲမှာ နေတယ် . . ."

"သူ့ရဲ့ မိတ်ဆွေလိပ်ကတော့ ရေအိုင်ထဲမှာနေသတဲ့။ တစ်ခါ အခြား မိတ်ဆွေတစ်ဦးဖြစ်တဲ့ ခေါက်ရှာငှက်ကတော့ အဲဒီချုံပုတ်အနီးက သစ်ပင်ပေါ်မှာ နေတယ်တဲ့ . . ."

"ဒါဆို . . . သူတို့က ကုန်းရေလေ မိတ်ဆွေတွေပဲပေါ့ . ."

"ဒီအောင်ဘု ပေါက်ပေါက်ရှာရှာ ပြောရောမယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ ဘဘရဲ့။ လိပ်က ရေအိုင်ထဲနေတဲ့ ရေမိတ်ဆွေ၊ သမင်က ကုန်းမှာနေတဲ့ ကုန်းမိတ်ဆွေ၊ ဟော . . . ခေါက်ရှာငှက်က သစ်ပင်ပေါ်နေပြီး ကောင်းကင်မှာ ပျံသွားတဲ့ မိတ်ဆွေမို့ လေမိတ်ဆွေပေါ့ . . ."

"ဟုတ်ပါတယ် . . . မောင်အောင်ဘုရယ်၊ အဲ သူတို့သုံးဦးဟာ အချင်းချင်း မေတ္တာထားကြသတဲ့ . . ."

"အဲဒါ . . . တစ်နေ့မှာတော့ မုဆိုးတစ်ယောက်က အဲဒီနားရောက်လာပြီး သမင်ခြေရာကို တွေ့တာနဲ့ ကျော့ကွင်း ထောင်ထားခဲ့သတဲ့။ ကျော့ကွင်းကလည်း သားရေကို လွန်းတင်ထားတဲ့ ကျော့ကွင်းကြီး၊ အလွန်ခိုင်ဆိုပဲ . . ."

"အဲဒါ . . . ကုရုင်္ဂမိဂသမင်က ကျက်စားရာမှ ပြန်လာပြီး ရေဆင်းအသောက်မှာ ကျော့ကွင်းမှာ မိသွားတယ်။ ရုန်းလို့လည်း မရဘူးတဲ့။ ဒီတွင် အားငယ်သွားပြီး သူ့မိတ်ဆွေတွေသိအောင် အသံပေးအော်လိုက်သတဲ့ . . ."

"သနားစရာပဲ ဘဘ၊ သူ့မိတ်ဆွေနှစ်ယောက်ကလည်း အားအင်ရှိကြတာမှ မဟုတ်တာ။ ဘယ်လိုလုပ် ကူညီနိုင်မှာလဲ . ."

"ဟုတ်တယ် . . . မယဉ်မေ၊ သူတို့မှာ အင်အားတော့ မရှိဘူး။ နို့ပေမယ့် မိတ်ဆွေတစ်ယောက် ဒုက္ခရောက်နေမှန်းသိရက်နဲ့





အားအင်ရှိကြတာမှ မဟုတ်တာ။ ဘယ်လိုလုပ် ကူညီနိုင်မှာလဲ . ."

"ဟုတ်တယ် . . . မယဉ်မေ၊ သူတို့မှာ အင်အားတော့ မရှိဘူး။ နို့ပေမယ့် မိတ်ဆွေတစ်ယောက် ဒုက္ခရောက်နေမှန်းသိရက်နဲ့
သူတို့ စွန့်မသွားကြဘူး . . ."

"အဲ . . . ဆိုပါတော့ ဘယ်လိုလုပ်ရမယ် ဆိုတာကို စဉ်းစားကြပြီး ခေါက်ရှာငှက်က ပြောတယ် . . ."

"အဆွေလိပ် . . . သင့်မှာက သွားတွေရှိတယ်။ ကျော့ကွင်းကို ကိုက်ဖြတ်ပါ။ ကျုပ်ကတော့ မုဆိုးအိမ်သွားပြီး စောင့်နေမယ်။ မုဆိုး ဒီကိုလာမလို့လုပ်တာနဲ့ ခရီးကြန့်ကြာသွားအောင် ကျုပ်က ကိုယ့်နည်းနဲ့ကိုယ် ကူညီပေးမယ်လို့ ပြောတယ်။

"အဲလို သဘောချင်းညှိပြီး လိပ်က ကျော့ကွင်းကို ကိုက်ဖြတ်တယ်။ ခေါက်ရှာငှက်က မုဆိုးအိမ်ခြံထဲက သစ်ပင်ကနေ မုဆိုးအထွက်ကို စောင့်နေတယ် . . . ."

"အဲဒါ . . . မုဆိုးလည်း မိုးသောက်ထ ကာလ၌ အိပ်ရာမှ ကုန်းထပြီး လှံကိုကိုင်ဆွဲ အိမ်ရှေ့အပေါက်မှ ထွက်ရော၊ ချောင်းနေတဲ့ ငှက်ကလည်း တစ်ဟုန်ထိုးဆင်းလာပြီး မုဆိုးရဲ့ မျက်နှာကို အတောင်နဲ့ ခတ်သတဲ့ . . ."

"ဒီမှာတင် မုဆိုးက ဒီငှက်ယုတ် ငါ့ကို ပုတ်ခတ်တယ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲ ပြန်ဝင်ကာ အတန်ငယ် အိပ်လိုက်တယ်။ နောက် အိပ်ရာ ကနိုးတာနဲ့ လှံကိုကိုင်ပြီး အနောက်အပေါက်တံခါးက ထွက်ပြန် ရော၊ ငှက်ကလည်း သူ့မျက်နှာကို အတောင်နဲ့ ခတ်လိုက်ပြန်ရော"

"မုဆိုးကလည်း ဒီငှက်ယုတ် ငါ့ကို သွားခွင့်မပေးပါလား ဆိုပြီး ပြန်အိပ်ကာ မိုးစင်စင်လင်းတာနဲ့ လှံကိုင်ပြီး တစ်ဟုန်ထိုး ထွက်လာရော။

"ဟင် . . . ဒါဆို ငှက်က အတောင်နဲ့မရိုက်ခတ်တော့ ဘူးလား . . ."

"မခတ်တော့ဘူး မခင်စိန်၊ တားမရတော့မှန်းသိတော့ ဘုရားလောင်းတို့ဆီကိုသာ တစ်ဟုန်ထိုး ပြန်လာတာပေါ့။ ဟို ရောက်တာနဲ့ မုဆိုးလာနေပြီ မြန်မြန်လုပ်ကြလို့ ပြောသတဲ့ . . ."

"ဒီအခါမှ လိပ်က ကိုက်ဖြတ်ထားလို့ တစ်လွန်းသာ ကျန် တော့သတဲ့။ လိပ်ရဲ့ သွားတွေလည်း ကြွေတော့မတတ်ပဲ။ ပါးစပ် တစ်ခုလုံးလည်း သွေးတွေက ခြင်းခြင်းနီနေသတဲ့။ အဲဒါ မုဆိုး လည်း သမင်မိနေမှန်းသိတော့ လှံကြီးနဲ့ ချိန်ပြီး တအားကုန်ပြေး လာတယ်။ သမင်ကလည်း ကျန်တဲ့ လွန်းကြိုးတစ်ကြိုးကို အားကုန် ဖြတ်ပြီး တောထဲဝင်ပြေးရောတဲ့ . . ."

"အံမယ်လေး . . . တော်ပါသေးရဲ့ ဘာဘာရယ်၊ ကျွန်တော်က





မိများမိသွားမလားလို့ ပူနေတာ . . ."

"မမိဘူး . . မောင်သီလလွတ်သွားတယ်။ငှက်က သစ်ပင် ပေါ် ပျံနားတော့ တစ်ညလုံး အလုပ်လုပ်နေရတဲ့ လိပ်ခမျာမှာတော့ မုဆိုးဖမ်းမိသွားတယ်လေ . . ."

"ဟောဗျာ . . ."

"မဟောဗျာနဲ့ ကိုညိုကြီးရေ ပန်းကလည်းပန်း၊ ဖြည်းနှေး တဲ့ သတ္တဝါဆိုတော့လည်း မိသွားတာပေါ့။ ဒါနဲ့ လိပ်ကိုကောက်ပြီး အိတ်မှာထည့်ကာအနားက ငုတ်တစ်ခုမှာ မုဆိုးကချိတ်ထား လိုက်တယ် . . ."

"အဲဒီလို လုပ်တာကို သမင်ကမြင်တော့၊ ဒီနေ့ ငါ့အသက် ကိုပေးပြီး ငါ့မိတ်ဆွေကိုကယ်မယ်လို့ စဉ်းစားဆုံးဖြတ်ကာ မုဆိုး မြင်အောင် သူ့ကိုယ်ကို ပြလိုက်တယ် . . ."

"မုဆိုးကလည်း ဒီသမင်အားနည်းနေပြီ အသေသတ်မှပဲဆို ပြီးလှံကိုင်ပြီးလိုက်ရော၊ ဒီအခါ သမင်က ပြေးလိုက်၊ မိလုမိခင်လေး လုပ်ပေးလိုက်နဲ့ ခရီးလည်းအတော်လေးဝေးမှန်းလဲသိရော မုဆိုးကို မျက်ခြည်ဖြတ် လိပ်ရှိရာပြန်လာ။အိတ်ကို ချိုနဲ့ ကော်ချ၊ အိတ်ထဲက လိပ်ကို ဖောက်ထုတ်ပေးပြီး . . ."

"ကဲ . . . မိတ်ဆွေတို့ လိပ်ကလည်း ရေအိုင်ထဲ ပြန်ဝင်



www.burmeseclassic.com

www.burmeseclassic.com



"အဲ . . . ဒါဟာ မိတ်ဆွေစစ်တွေပါပဲ။ တစ်ဦးဒုက္ခကို တစ်ဦးက ပစ်မထားဘဲ ကူညီနိုင်တဲ့နည်းနဲ့ ကူညီသွားကြတဲ့ ထုံးသာဓကပဲ . . ."

"တို့လည်း မတတ်နိုင်ဘူး၊ တို့မှာ အားအင်လည်း မရှိဘူး။ သင့်ဒုက္ခနဲ့ သင်ရှိစေတော့လို့ သူတို့ မပြောဘူး။ အဖြစ်နိုင်ဆုံးကို စဉ်းစားပြီး၊ မိတ်ဆွေရဲ့ ဒုက္ခကို ဖြေရှင်းကူညီသွားကြတယ် . . ."

"ဒါကြောင့်မို့ ဒီနေ့ကစပြီး သည်းခံခြင်းဆိုတဲ့ ခန္တီစတရား ပေါ်မှာ စိုက်ထားတဲ့ မေတ္တာစိတ်နဲ့ အချင်းချင်း ချစ်ခင်ကြပါလို့ ဘဘ မှာချင်တယ် . . ."

"ဟုတ်ကဲ့ပါ . . . ဘဘ . . ."

အမှတ် (၁၀)၊ နိုဝင်ဘာလ၊ ၂၀၀၉ ခုနှစ်

❑



# မိုက်သောသူအား မပေါင်းသင်းရာ

"မောင်ညိုကြီး"

"ရှိပါတယ် ဘဘ၊ အမိန့်ရှိပါ"

"မင်း . . . လူမိုက်ဆိုတာ မြင်ဖူးလား"

"မြင်ဖူးပါတယ် ဘဘ"

"ဘယ်သူလဲကွ . . ."

"ကျွန်တော့် ဦးလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . မင်းဟာက ဟုတ်ကော ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် . . . ဘဘ၊ ဦးလေးမှူးလာရင် အဒေါ်ကို ဆဲဆိုကြိမ်းမောင်းပြီး ရိုက်လားရိုက်ရဲ့၊ ပန်းကန်အိုးခွက်တွေကို ရိုက်ခွဲလား ရိုက်ခွဲရဲ့နဲ့ အားကြီး စိတ်ညစ်စရာကောင်းတယ်။

"သူ့ သားတွေဆို သူမတွေ့အောင် ပုန်းအောင်းနေကြရတာ။ အဲဒါ လူမိုက်မဟုတ်ဘူးလား ဘဘ"

"မဟုတ်ပါဘူး . . . ညီကြီးရာ။ မင်း . . . ဦးလေးက မူးလို့ပါ။ မတွေ့ဘူးလား။ အလှူတို့ ဘာတို့ဆို သူကချည်း ခေါင်းဆောင်တာလေ"

"အဲ . . . အဲ . . . တော်သေးရဲ့။ နို့ . . . မဟုတ်ရင် ငါတပည့် ညီကြီး ဦးလေးမောင်နက်ကျော် လူမိုက်စာရင်း ဝင်သွားမှာ။ နို့ . . . မောင်အောင်ဘုကော မြင်ဖူးလား"

"မြင်ဖူးတာပေါ့။ တစ်ခါက ရွာအနောက်ခြမ်းက ကိုမင်းအောင်ကြီး လာတာတွေ့တော့ အမေကပြောတယ်။ အဲဒီကောင် ထောင်ကထွက်လာပြီတဲ့။ ဘာတွေ ဆက်မိုက်ဦးမလဲ မသိဘူးတဲ့"

"ထောင်က ထွက်လာတာ လူမိုက် မဟုတ်လား . . . ဘဘ"

"ဟဲ့ . . . ဒီကောင် မှအောင်ဘု ထောင်ကထွက်လာတိုင်း လူမိုက်လို့ မှတ်ရမှာလား။ အကြောင်းကိစ္စ အမျိုးမျိုးနဲ့ ထောင်





"ထောင်က ထွက်လာတာ လူမိုက် မဟုတ်လား . . . ဘဘ"

"ဟဲ့ . . . ဒီကောင် အောင်ဘု ထောင်ကထွက်လာတိုင်း လူမိုက်လို့ မှတ်ရမှာလား။ အကြောင်းကိစ္စ အမျိုးမျိုးနဲ့ ထောင်တန်းကျရတဲ့ဟာ"

"အေး . . . မခင်စိန် ဝင်ဟန့်မှ ဟိုကောင်မင်းအောင် သက်သာသွားတာ။ မခင်စိန်ကော လူမိုက်တွေ့ဖူးလား"

"တွေ့ဖူးတယ် . . . ဘဘ၊ အခုတော့ မရှိတော့ပါဘူး။ သေသွားရှာပြီ။ ဒီလူကြီးက ကိုအောင်မောင်းတဲ့။ လူတစ်ယောက်ရဲ့ အသက်ဆိုရင် ပုရွက်ဆိတ် အသက်လောက်မှတ်တာ။ နောက်ပြီး ထောင်ဆိုတာလဲ သူ့အဖို့ အိမ်ဦးနဲ့ ကြမ်းပြင်ပဲ"

"အဲဒါ အဘိုးကပြောတယ်။ ဒီကောင်က လူမိုက် သက်သက် လုပ်စားတာတဲ့။ ပိုက်ဆံသာ ပေးခိုင်း ဘာမဆိုလုပ်တဲ့အကောင်တဲ့။ အဲဒါ လူမိုက်နော် . . . ဘဘ"

"အေး . . . အေး . . . ဟုတ်တယ်။ နို့ သေတော့ကော"

"သေတော့ သူ့တပည့်ကဆိုလား စကားများ ရန်ဖြစ်ပြီး သတ်လို့သေတာတဲ့"

"အေးကွ။ လူမိုက်ဆိုတာကလည်း သူ့မှာ ဆိုင်းဘုတ်တင်ထားတာမှ မဟုတ်တာ။ ဘယ်လို ရုတ်တရက် ခွဲခြားလို့ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲ . . . တစ်ခုတော့ ရှိတယ်။ လူမိုက်ဆိုတာကို ခွဲခြားသိဖို့ ပေတံတော့ရှိတယ်"

"အဲဒီပေတံက မကောင်းတာကြံ၊ မကောင်းတာချည်း ပြော၊ မကောင်းချည်း လုပ်နေရင် ဒါဟာ လူမိုက်လက္ခဏာပဲ"

"ဒီထက်ရှင်းရှင်းလေး မှတ်ထားချင်ရင် သူ့အကျိုးစီးပွားရော၊ သူများ အကျိုးစီးပွားရေးကိုရော ဖျက်ဆီးပစ်တဲ့သူဟာ လူမိုက်ပဲပေါ့"

"အချုပ်ကတော့ကွာ။ ပတ်ဝန်းကျင်ကို ဒုက္ခဆင်းရဲ ဖြစ်အောင် လုပ်တာဟာ လူမိုက်ပဲပေါ့"

"အောင်ဘု ပြောစမ်း။ လူမိုက်ဆိုတာကို ပေါင်းရမှာလား၊ မပေါင်းရအှူးလား။ မင်း ကျောင်းမှာ ၃၈ ဖြာ မင်္ဂလာ သင်ဖူးတယ် မဟုတ်လား"

"သင်ဖူးပါတယ် ဘဘ။ လူမိုက်ကို မပေါင်းရပါဘူး"

"အဲလို မပေါင်းရတဲ့ ပါဠိကော ရသလား"

"ဟုတ်ကဲ့ . . . "

'**အသေဝနာစ ဗာလာနံ**' ပါတဲ့။ လူမိုက်ကို မပေါင်းရဘူးတဲ့"

"ဟုတ်ပြီ၊ ဆရာ ဒဂုံဦးထွန်းမြင့်ရေးတဲ့ လင်္ကာကော ရလားမယဉ်မေ"





"ရပါတယ် . . . ဘဘ"

"**လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနှင့် တင်းအောင်နေ**"တဲ့ပါ။

"ဟုတ်ပါ့။ အခုနပြောတဲ့ လူမိုက်အမှတ်အသားအတိုင်း ကိုယ်ကိုယ်တိုင်က မကောင်းတာကြံ၊ မကောင်းတာပြော၊ မကောင်းတာတွေ လုပ်နေရင်ကော ကိုယ့်ဟာကိုယ် ဘယ်လို သတ်မှတ်မလဲ"

"လူမိုက်လို့ သတ်မှတ်ရပါ့မယ် . . . ဘဘ"

"တကယ်လို့ မောင်အောင်ဘုက လူမိုက်ဖြစ်နေရင်ကော၊ မောင်အောင်ဘု ဘယ်လိုလုပ်မလဲ။ ပေါင်းမှာလား။ မပေါင်းဘူးလား"

"အဲ . . . ကျွန်တော် . . . ကျွန်တော် မပေါင်းရဘူး ဆိုတော့ . . . "

"လွယ်ပါတယ် အောင်ဘုရာ၊ မင်းကိုယ်တိုင်ကလူမိုက် ဖြစ်နေပြီဥစ္စာ၊ မမိုက်တဲ့လူတွေက မင်းကို မပေါင်းဘဲ အလိုလို ရှောင်ကြမှာပေါ့"

"ဒါဆို ငါက ဘယ်သူနဲ့ ပေါင်းရမှာလဲ"

"ဒါလည်း အလွယ်ပဲဟာ၊ နင်တို့ လူမိုက်ချင်း ပေါင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲ . . . မင်းတို့ အဇာတသတ်မင်း အကြောင်းကို ကြားဖူး
တယ်နော် . . . မောင်ညိုကြီး"

"ကြားဖူးပါတယ် . . . ဘဘ။ သူ့အဖေကို သတ်တဲ့ မင်းပါ"

"ဟုတ်တယ်၊ အဖေကိုသတ်တော့ ပိတုဃာတက ကံကြီး
ထိုက်သွားတယ်။ အဖေသတ်တဲ့ ကံကြီးပေါ့။ ဒီကံကြီးကြောင့် သော
တာပန်အရိယာ ဖြစ်မယ့်ကံကောင်း သူ့မှာ ပျောက်သွားရရှာတယ်။
ဒါထားကော့"

"အဲလို အဖေသတ်မိတာဟာ ဘယ်သူနဲ့ ပေါင်းမိလို့လဲ။
ဆက်ပြောပါဦး . . . မောင်ညိုကြီး"

"ဆရာ ဒေဝဒတ်နဲ့ ပေါင်းမိလို့ပါ"

"ဟုတ်ပါ့ . . . ဒေဝဒတ်ဆိုတာ လူမိုက်စစ်စစ်ပဲ။ အမြဲ
မကောင်းတာတွေကြံ၊ မကောင်းတာပဲပြော၊ သူလုပ်သမျှကတော့
မကောင်းတာတွေချည်းဘဲ။ ဒါကြောင့်လည်း နောက်ဆုံးတော့ မြေ
မျိုခံရပြီး အခု အဝီစိငရဲကြီးမှာ ကျနေတယ်လေ"

"အဇာတသတ်မင်းကျတော့ကော ဘဘ . . ."

"မခင်စိန်ရေ . . . အဇာတသတ်မင်းကတော့ အခုဆိုရင်
လောဟကုမ္ဘီငရဲမှာ ရှိနေပါတယ်။ ဒါဟာ ဒီမင်းအဖို့ လူမိုက်နဲ့
ပေါင်းလို့ ဆင်းရဲဒုက္ခတွေ သံသရာတစ်လျှောက်မယ် ခံစားနေရတာ





ပဲမဟုတ်လား"

"ဟုတ်ကဲ့ပါ ဘဘ. . ."

"ဒါဆို ကိုယ်နဲ့ပေါင်းတဲ့ ကိုယ့်သူငယ်ချင်းတွေထဲမှာ သတိ
နဲ့ကြည့်ပေါင်းရမှာ။ သူတို့ အပြောအဆိုအလုပ်အကိုင်တွေဟာ
ကောင်းတာ ဟုတ်မဟုတ်။ သူတို့နဲ့ပေါင်းလို့ ကိုယ့်မှာ ဆင်းရဲဒုက္ခ
တွေနိုင် မတွေ့နိုင်၊ တွေ့နိုင်မယ်ဆိုရင် စိတ်ပေါင်းကိုယ်ခွာနဲ့ ပေါင်း
ပေါ့။

"ဟုတ်ကဲ့ပါ ဘဘ"

အမှတ် (၁၁)၊ ဒီဇင်ဘာလ၊ ၂၀၀၉ ခုနှစ်

❑



www.burmeseclassic.com

www.burmeseclassic.com



အချင်းချင်းလေးစား အချင်းချင်းနားလည်



# အချင်းချင်းလေးစား အချင်းချင်းနားလည်

"မောင်အောင်ဘု ရေ"

"ဟုတ်ကဲ့ . . . ဘဘ၊ နေကောင်းတယ်နော်"

"အေး . . . နေကောင်းပါတယ်။ နို့ . . . မင့်သူငယ်ချင်း ညိုကြီးကော"

"လာပါလိမ့်မယ် . . . ဘဘ၊ သူ့အိမ်က ခိုင်းလိုက်တဲ့ ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



လေး ပြေးလုပ်နေလို့ပါ။ ပြီးရင်လာခဲ့မယ်လို့ မှာလိုက်ပါတယ်"

"အေးအေး . . . အခုလောက်ဆို မင်းတို့လဲ အတော်လေး လိမ္မာယဉ်ကျေးကြပြီနော်"

"ဟုတ်ကဲ့ပါ . . . ဘဘ"

"ဟော . . . မမခင်စိန်တို့ ရောက်နေမှကိုး။ ကျွန်တော် နည်းနည်းနောက်ကျသွားတယ်"

"မောင်လေး ညီကြီးရယ် မင်းလာမှလာပါ့မလားလို့ မျှော်နေကြတာ"

"ဟော့ . . . ညီကြီး မင်းအမူအရာတွေက သိမ်သိမ်မွေ့မွေ့ ရှိလှပါကောကွ"

"ဟုတ်ကဲ့ပါ . . . ဘဘ၊ နည်းနည်းရိုင်းနေတာက မမခင်စိန်မရယ်"

"အံမယ် ကိုလိမ္မာကြီးက . . ."

"ဟော မင်းတို့ ဖောက်ချည်ဝင်လာတာလား"

"အလကားစတာပါ . . . ဘဘရာ"

"အေးအေး . . . လူယဉ်ကျေးတွေဖြစ်အောင်သာ သတိရှိယနဲ့ ကြိုးစားကြ"

ဒီမယ် ဘဘပြောမယ်။ အိမ်တစ်အိမ်မှာ မိသားစုအချင်းချင်း တစ်ဦးနဲ့တစ်ဦး ရိုသေကိုင်းရှိုင်းစွာ နေကြရင် အဲဒီအိမ်ဟာ အစဉ်ထာဝရ ငြိမ်းချမ်းတာပဲ။





အဲ . . . အငယ်တွေကလည်း အကြီးတွေအပေါ်မှာ ရိုသေလေးစားမယ်။ အကြီးတွေကလည်း ကိုယ့်အောက်အငယ်တွေပေါ်မှာ သနားကြင်နာမှု၊ စောင့်ရှောက်ထိန်းသိမ်းမှု စတာတွေကို အခြေခံပြီး လေးစားရှိသေကြမယ်။ ဒီလိုပဲ မိဘကလည်းသားသမီးတွေပေါ်မှာ သားသမီးတွေကလည်း မိဘအပေါ်မှာအချင်းချင်း နားလည်မှု၊ ညှာတာမှုတွေ အခြေခံပြီး ခွင့်လွှတ်တတ်မယ်ဆိုရင် အဲဒါ အေးချမ်းသာယာတဲ့ အိမ်ဖြစ်ကရော။

ဒီနေရာမှာ ရိုသေရမယ်ဆိုတာက အပြောအဆို၊ ကိုယ်အမူအရာ စတာတွေဟာ ချေချေငံငံဆက်ဆံဖို့၊ ယဉ်ယဉ်ကျေးကျေး လုပ်ဖို့ကို ပြောတာ။

ဒီလိုမှ မဟုတ်ဘဲ ဘုန့်ဘောက်ပြောမယ်ဆိုမယ်၊ ဆက်ဆံမယ်ဆိုရင် တစ်ဦးနဲ့တစ်ဦး စိတ်တွေခုပြီး ငြိမ်းချမ်းမှု၊ စည်းလုံးမှု စတာတွေ ပြိုကွဲတတ်တယ်လေ။

ဒါနဲ့ ဆက်ပြောရဦးမယ်။ ခါတို့၊ မျောက်တို့၊ ဆင်တို့ အကြောင်းလေ မင်းတို့လည်း အသိပဲဥစ္စာ။

သူတို့အချင်းချင်း အလွန်ခင်မင်ကြတာ။ ချစ်ကြတာပဲ နို့



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ဒီအတိုင်းမနေဘူး။ ရထားတဲ့ စည်းလုံးမှု၊ ငြိမ်းချမ်းမှုကို အမြဲတည်အောင် ဘာလုပ်ကြလဲ။ ညီကြီးပြောစမ်း"

"ညောင်ပင်ကြီးကို သက်သေထားပြီး ရှိသေရမယ့် ပုဂ္ဂိုလ်ကို ရှာကြပါတယ်"

"အေး . . . အဲဒီမှာ ဘယ်သူက အသက်အကြီးဆုံးလဲ"

"ခါငှက်ပါ . . . ဘဘ။ သူက အခြားအရပ်၊ အခြားညောင်ပင်က ညောင်စေ့ကိုစားပြီး ဒီမှာ မစင်စွန့်လို့ အဲဒီ ညောင်ပင်ကြီး ပေါက်လာတာတဲ့"

"ဟုတ်တယ် . . . မခင်စိန်၊ ဒါနဲ့ပဲ ခါငှက်က အသက်အကြီးဆုံးဖြစ်သွားတယ်။ အဲဒါကို အင်အားကြီးတဲ့ ဆင်တို့၊ မျောက်တို့က မငြင်းပါဘူး။ ယုတ္တိယုတ္တာရှိလို့ လက်ခံကြပါတယ်"

အဲဒီနေ့ကစပြီး အချင်းချင်းရိုသေကိုင်းရှိုင်းစွာ နေထိုင်သွားကြတာ အသက်ထက်ဆုံးပဲတဲ့။ တကယ်လို့များ တစ်ဦးနဲ့တစ်ဦးက အသွင်အပြင်ရော၊ စရိုက်လက္ခဏာရော တူကြတာမှ မဟုတ်တာ။ မဟုတ်တော့ တစ်နေ့သူတို့ရဲ့ စည်းလုံးမှုဆိုတာ ပြိုကွဲချင်ရင် ပြိုကွဲသွားနိုင်တယ်။

ဒါကို ကြိုတွက်ပြီး တစ်ဦးအပေါ် တစ်ဦးက ရိုသေကိုင်းရှိုင်းမှု သံမဏိကြိုးနဲ့ ချည်နှောင်လိုက်တော့ ဝါးအစည်းပြေသလို





အစည်းပြေမှုမျိုး မပေါ်တော့ဘူးပေါ့။

ဒါကြောင့် မောင်တို့မယ်တို့လည်း ကိုယ့်အချင်းချင်း တစ်ဦးအခွင့်အရေးကိုတစ်ဦးက နားလည်မှုအပေါ် အခြေခံပြီး ရိုသေလေးစား သွားကြဖို့ပဲပေါ့"

"ဟုတ်ကဲ့ပါ . . . ဘဘ"

အမှတ် (၂)၊ ဖေဖော်ဝါရီလ၊ ၂၀၁၀ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com



## ကိုးကွယ်ဆည်းကပ်သင့်သော ပညာရှိဟူသည်



## ကိုးကွယ်ဆည်းကပ်သင့်သော ပညာရှိဟူသည်

"မောင်ညိုကြီးတို မေးရဦးမယ် ... မင်းတို့အမျိုးထဲမှာ ပညာရှိဘယ်နှစ်ယောက်ပါသလဲ"

"နေဦးဘဘ ...၊ မောင်ညိုကြီးတို့ အမျိုးဆိုလို့ ကျွန်တော် ရှာကြည့်လိုက်ဦးမယ်"

"အံမာ ... ရွှေအောင်ဘုက ကြီးကျယ်လိုက်တာ"

"မကြီးကျယ်နဲ့လေ ... အဲလိုရှာကြည့်လို့တွေ့မှ တို့က မိုး



www.burmeseclassic.com

www.burmeseclassic.com



ဆည်းကပ်ရမှာ မဟုတ်လား"

"ဟဲ့ . . . ဟဲ့ . . . အောင်ဘုကဖြင့် ပြောတတ်လိုက်တာ။ နို့ . . . တွေ့ကောတွေ့ပြီလား"

"တစ်ယောက်မှ မတွေ့ဘူး . . . တစ်မျိုးလုံးပေါင်းမှ သူတို့ ဦးလေးဘုန်းကြီးမှတစ်ပါး ကျန်တာတွေက အားလုံးပေါင်းတာ တောင် (၇)တန်း မပြည့်ဘူး"

"ဟုတ်ကဲ့လား ညီကြီး"

"ဟုတ်ပါတယ် ဘဘ . . . ၊ ၃ တန်း၊ ၄ တန်းနဲ့ပဲ ထွက်ကြတာ . . . ။ ဒီထဲ ရွာဦးကျောင်းထွက်တွေက ပိုများတယ်"

"အေး . . . သူတို့ ခေတ်ကတော့ အများအားဖြင့် ဒီလိုချည်းပါပဲ . . . ။ စာလေးဘာလေး ဖတ်တတ်၊ ရေးတတ်ရင် ကျောင်းထွက် လယ်ယာကိုင်းကျွန်းလုပ်နဲ့ဟာ . . ."

"အခု မောင်အောင်ဘု ပြောတာက ပညာရှိဆိုတာကို ဘွဲ့ရပညာတတ်နဲ့ တိုင်းတာတဲ့သဘောပါပဲ"

"အေး . . . ပညာတတ်ဘွဲ့နဲ့တိုင်းလို့ ပညာရှိဆိုတာ မှန်သင့်သလောက်တော့ မှန်ချင်မှန်မယ်လေ"

"နို့ပေမယ့် လူတစ်ယောက်မှာ ကိုယ်ကျင့်တရားလည်း ရှိမယ် . . . ပင်ကိုယ်ထိုးထွင်းဉာဏ်လည်း ရှိနေမယ်ဆိုရင် ဒါကို





လည်း ပညာရှိလို့ပဲ မှတ်ရမှာပဲ"

"ဒီနေရာမယ် ပညာရှိတော့ ဖြစ်ချင်ဖြစ်မယ် . . . နို့ပေမယ့် ကိုယ်ကျင့်တရားက တစ်ချေးသားမှ မရှိဘူးဆိုရင် သူ့ကိုဘယ်လိုလုပ် ဆည်းကပ်လို့သင့်မှာလဲ . . . ။ သူ့ဆည်းကပ်ပါမှ ကိုယ့်ဘဝတစ်ခုလုံး နစ်မွန်းသွားရမယ့်ဥစ္စာ . . ."

"ဒီတော့ အကျင့်စာရိတ္တလည်း ကောင်းမယ် . . . ၊ သူ့အကျိုးစီးပွား၊ ကိုယ့်အကျိုးစီးပွားကိုလည်း ကြံလာရင်ကြံသလို ဆောင်ရွက်နိုင်တဲ့သူဆိုရင် ဒါ ပညာရှိလို့ပဲ တို့က မှတ်ရမှာပဲ"

"ဟုတ်ကဲ့ပါ . . . ဘဘ"

"အဲလို အရည်အချင်းရှိသူမျိုးကို ကြည့်တတ်ရမယ်ကွ . . ။ အချို့များ ကိုယ်ကသာ ပညာရှိ ကဝိတစ်ဆူလို့ အထင်ကြီးနေတာ၊ ဟော . . . အရေးရယ်အကြောင်းရယ် ရှိလာတော့ ဘာမှ အားမကိုးရတာတွေလည်း ရှိသေးတယ်။

"ဒါကြောင့်မို့ ဗုဒ္ဓဘုရားရှင်ကလည်း ဒိဋ္ဌေ ဓမ္မေ စယော အတ္တော စသည်ဖြင့် ဟောခဲ့တာ . . . ။ အဓိပ္ပာယ်က အခု မျက်မှောက် အကျိုး၊ နောင်တမလွန်အကျိုးဆိုတဲ့ အကျိုးနှစ်မျိုးကို ဆောင်ရွက်နိုင်မှ ပညာရှိတဲ့လေ"

"ဒါနဲ့ . . . ပြောရဦးမယ်၊ ပြောရဦးမယ်ဆိုပေမယ့် မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



မျက်မှောက် အကျိုး၊ နောင်တမလွန်အကျိုးဆိုတဲ့ အကျိုးနှစ်မျိုးကို ဆောင်ရွက်နိုင်မှ ပညာရှိတဲ့လေ"

"ဒါနဲ့ . . . ပြောရဦးမယ်၊ ပြောရဦးမယ်ဆိုပေမယ့် မင်းတို့ သိပြီးသားပါ . . .၊ သိန်းငှက်ကြီးနဲ့ ဘီလုံးငှက်အကြောင်းလေ"

"သိပါတယ် . . . ဘဘ"

"အဲဒီမှာကြည့်၊ ဘီလုံးငှက်ကလေးက လက်တစ်ဆုပ်စာ တောင် ရှိတာမဟုတ်ဘူး၊ နေတော့ ကျစ်စာခဲတွေအကြားမှာပဲ။ ပိုးမွှား စတာလေးတွေကို ရှာစားတာ"

"အဲ . . . တစ်နေ့ကျတော့ ကဲပြီး တောဘက်ပြောင်းပြီး အစာရှာထွက်တယ် . . .၊ ဒီအခါ သိန်းငှက်ကြီးက ထိုးသုတ်ဖမ်းဆီး လိုက်ရော . . .။ ဒီတော့ သူက အပြောလေးနဲ့ ငိုတယ်လေ။ ဒါဟာ ငါ့နေရာမဟုတ်လို့တဲ့ . .၊ ငါ့နေရာမှာသာဆိုရင် အခုလို အဖမ်း ခံရမှာ မဟုတ်ဘူးတဲ့"

သူက အဲဒီလိုငိုတော့ သိန်းငှက်ကြီးက နားကြားပြင်းကပ် ပြီး "အံမာ . . . နင့်နေရာဖြစ်ရော နင် ငါ့လက်က လွတ်နိုင်မှာ လား . . . ဒါဆို နင့်နေရာသွားတော့ဆိုပြီး လွှတ်ပေးလိုက်တယ် မဟုတ်လား"

"ဟုတ်ကဲ့ . . . လွှတ်လိုက်ပါတယ်။ သူက အင်အား အားက





နဲ့ပါ ဘဘ"

"နို့ပေမယ့် ဘီလုံးငှက်က ထွက်ပြေးပုန်းနေလား"

"မပုန်းနေဘူး . . . ဘဘ"

"အေး . . . သူ့မှာ အရေးကြုံလာရင် သူ့အကျိုးကိုသူ ကာကွယ်နိုင်တဲ့ ပညာရှိတယ်လေ။ ဘယ်လိုလုပ်ရင် ဘယ်လိုဖြစ် နိုင်တယ်ဆိုတာကို သူ့အသိပညာက သိတယ်"

ဒါနဲ့ပဲ ထယ်ဆိုင်ခဲ ခပ်ကြီးကြီးတစ်လုံးလဲရရော ထယ်ဆိုင် ခဲ အပေါ်တက်ပြီး . . .

"ဟေ့ . . . သိန်းငှက် . . . လာလော့"လို့တောင် စိန်ခေါ် လိုက်သေးတယ်။

ဟိုက သိန်းငှက်က အင်အားကြီးဆိုတော့ တစ်ဟုန်ထိုးဆင်း လာမှာကို သူသိတယ်။ အဲလိုဆင်းလာရင် သိန်းငှက်ရင်အုပ်နဲ့ ထယ်ဆိုင်ခဲ အရှိန်ပြင်းပြင်းနဲ့ တိုက်ပြီး ရင်ကွဲမယ်ဆိုတာလည်း သူသိတယ်။ ဒါတွင်မက ဒီအခါမယ် သူက ထယ်ဆိုင်ခဲအကြား ဝင်ခိုရင် လွတ်နိုင်မယ်ဆိုတာကိုလည်း သူသိတယ်လေ။ ဒီတော့ ရဲရဲရင်ဆိုင်တာပေါ့။ နောက် ဘာဖြစ်သွားလဲ မခင်စိန် . . ."

"သိန်းငှက်ကြီး ရင်အုပ်နဲ့ မြေစိုင်ခဲတိုက်မိပြီး ရင်ကွဲလို့ သေ သွားတယ် . . . ဘဘ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ဘီလုံးငှက်ကလေးကကော . . . မောင်အောင်ဘု"

"မသေဘူး ဘဘ . . . အနိုင်ရသွားတယ်"

"ဒါ ဘာနဲ့ရင်ဆိုင်လိုက်တာလဲကွ . . . ညိုကြီး"

"မွေးရာပါ အသိဉာဏ်နဲ့ပါ ဘဘ"

"သူ့အကျိုး သူကာကွယ်သွားတာနော် . . ."

"ဟုတ်ကဲ့ပါ . . ."

"သူ့အကျိုးသူ ကာကွယ်နိုင်တဲ့ ပုဂ္ဂိုလ်မျိုးဆိုတာ အများအကျိုးလည်း ကာကွယ်နိုင်၊ သယ်ပိုးနိုင်တယ်တဲ့"

"အေး . . . ဒါဆိုတော်စို့။ ကိုယ်ပေါင်းသင့်တဲ့ ပညာရှိဆိုတာ ဘယ်လိုပုဂ္ဂိုလ်ဆိုတာ အကဲဖြတ်တတ်ရောပေါ့"

"ဟုတ်ကဲ့ပါ . . ."

အမှတ် (၃)၊ မတ်လ၊ ၂၀၁၀ ခုနှစ်

□



# မေတ္တာနှင့် နှိုင်းယှဉ်သည့် အတာရေသဘင်ပွဲ

"မောင်အောင်ဘု"

"အမိန့်ရှိပါ . . . ဘဘ"

"ဘာလိုလိုနဲ့ အတာသင်္ကြန်တောင် နီးလာပြီနော် . . ."

"ဟုတ်ကဲ့ . . . နီးဆို ညိုကြီးတို့များ ရေပက်ကိရိယာတောင် ဝယ်ထားပြီးပြီ"

"ဟော . . ဟုတ်လားကွ . . ညိုကြီးက ရေပက်မယ်ပေါ့ ငှော"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . သိပ်ပျော်တာ ဘဘ . .၊ ကျွန်တော်နဲ့ အောင်ဘုက ဟိုနှစ်ကများ ထမင်းမေ့ ဟင်းမေ့ကိုပက်တာ"

"ဒါဆို မင်းတို့က ဘယ်လိုရည်ရွယ်ချက်နဲ့ ပက်တာလဲ"

"ဟာ . . . ဘဘကလည်း သင်္ကြန်ကျရင် ဒီလိုပဲ ရေပက်ရတယ် မဟုတ်လား"

"ဟုတ်တော့ဟုတ်တယ် . . .၊ အမှန်ကတော့ ဒါဟာ တို့လူမျိုးရဲ့ ရိုးရာယဉ်ကျေးမှုကောင်းပါပဲ . . .၊ ရေပက်တယ်ဆိုတာ မေတ္တာသဘောပေါ့ကွာ။

ရေဆိုတာ အေးမြတယ်မဟုတ်လား . . .၊ မေတ္တာဓာတ်ဆိုတာလည်း အေးမြတာပဲ . .၊ ဒီတော့ မေတ္တာရဲ့မမြင်နိုင်တဲ့နာမ်သဘောကို မြင်နိုင်တွေ့နိုင်တဲ့ ရေဆိုတဲ့ ရုပ်ဓာတ်လေးနဲ့ ပက်ဖျန်းပြီး တစ်ဖက်သားကို အေးမြလန်းဆန်းသွားစေတဲ့ သဘောပေါ့ . .။

အခု . . . မင်းတို့ဟာက ဒီဓာတ်သဘာဝ ပျောက်နေပြီ၊ ရေပက်ရတယ်ဆိုပြီး ရေတွေနဲ့ နင်းကန်ပက် . . .၊ ဟိုက တစ်ဖက်သားမှာ ရေမွန်းပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်တော့ မင်းတို့က တဝါးဝါး တဟားဟားနဲ့ ပျော်ပေါ့ . . .၊ အဲဒါဟာ တို့ဘိုးဘွားဘီဘင်တွေရဲ့ အစဉ်အလာကောင်းတွေ ပျောက်ကွယ်သွားစေနိုင်တဲ့ လုပ်ရပ်ပါပဲ"





"နို့ . . . ဘဘ သင်္ကြန်ရေပက်တာဟာ နှစ်ဟောင်းက အညစ်အကြေးတွေကို နှစ်သစ်ထဲမပါအောင် ဆေးကြောတာဆို"

"နို့ . . . အဲလို မင့် ဘယ်သူပြောလဲ"

"အဲလိုပဲ သားတို့ကြားဖူးတာပဲ"

"ကြားဖူးပေမယ့် ဒါဟုတ်နိုင်ပ့ါမလား . . .၊ ဒါလဲ စဉ်းစားဦးလေ . . .။

တို့ ဘုရားရှိစဉ်ကပေါ့ . .၊ ပုဏ္ဏားကြီးတစ်ယောက် ဆောင်းတွင်းကြီးမှာ မနက်အစောကြီး ဂင်္ဂါမြစ်ထဲမှာ ရေချိုးနေသတဲ့ . . ."

"ဘာဖြစ်လို့လဲ . . . ဘဘ"

**"သူ့ကိုယ်မှာရှိတဲ့ သူလုပ်ခဲ့သမျှ အကုသိုလ် အညစ်အကြေးတွေ စင်ကြယ်သွားအောင်တဲ့လေ** . . . သူတို့ အယူဝါဒက အဲလို အယူဝါဒကိုး . .၊ မကောင်းမှုတွေလုပ် . . လုပ်ပြီးရင် အကုသိုလ်ကံတွေ ပပျောက်အောင် ဂင်္ဂါမြစ်ရေနဲ့ဆေးပေါ့ . . .၊ အဲ . . ဖြစ်ချင်တော့ ဒီအခါမှာပဲ ပုဏ္ဏာဆိုတဲ့ ကျွန်မလေးကလည်း ရေခပ်ဖို့လာတာနဲ့ဆုံရော . . ဆုံတော့ ပုဏ္ဏာက . . .

'အဘရယ် . . . ချမ်းချမ်းစီးစီးကြီးမယ် ရေချိုးနေရတယ် . . .' လို့ပြောရင်ပဲ ပုဏ္ဏားကြီးက သမီးရေ . . . အဘကိုယ်မှာတင်နေတဲ့ အကုသိုလ်အညစ်အကြေးတွေ စင်အောင် ချိုးရတာပါ . . .



www.burmeseclassic.com

www.burmeseclassic.com



ရစတမ်းဆိုရင် အဘကိုယ်မှာ ကုသိုလ်တွေလည်း ရှိတာပဲ . . .၊ အဲဒီ ကုသိုလ်တွေလည်း ရေထဲပါသွားရောပေါ့ . . ၊ အဘ စဉ်းစားလေ၊ ရေထဲက ငါး၊ လိပ် စတဲ့သတ္တဝါတွေဆို အဘ အယူအဆအတိုင်းဆိုရင် ဘာအကုသိုလ်မှမရှိလို့ နတ်ပြည်ရောက်တုန်မှာပေါ့' လို့ ပြောတယ်။

ဒီတော့မှ ပုဏ္ဏားကြီး သဘောပေါက်သွားတယ်။ တကယ်တမ်း ကိုယ်လုပ်ထားတဲ့ အကုသိုလ်အညစ်အကြေး စင်ကြယ်စေချင်ရင် အဲဒီအကုသိုလ် အလုပ်တွေကို ထပ်မလုပ်ရဘူး။ ရှောင်ရမယ်။ ကုသိုလ်ကိုလည်း များများကြီးလုပ်ရမယ်။ ဒါမှ ရေများရေနိုင်၊ မီးများ မီးနိုင် ဆိုသလို ကုသိုလ်ကံတွေများလာပြီး၊ အကုသိုလ်ကံတွေ မတိုးနိုင်၊ အကျိုးမပေးနိုင်တော့မှာကွ။

အခုန မင်းတို့ပြောသလို သင်္ကြန်ရေနဲ့ နှစ်သစ်ထဲ ကူးမပါသွားအောင် ဆေးကြောနိုင်တယ်ဆိုရင် တစ်နှစ်လုံး မိုက်ချင်တိုင်းမိုက်၊ ဆိုးချင်တိုင်းဆိုးပြီး ဟော . . . သင်္ကြန်လည်း ရောက်ရောရေနဲ့ ပက်ဖျန်းတာခံပြီး ဆေးကြောလိုက်ရုံပေါ့ . . . အဲဒါ ဖြစ်နိုင်ပါမလား"

"မဖြစ်နိုင်ပါဘူး . . . ဘဘ"

"အမှန်က သင်္ကြန်ဆိုတာ သင်္ကန္တဆိုတဲ့ ပါဠိက ဆင်းသက်





လာတာ။ ဗမာလိုက "ပြောင်းရွှေ့ခြင်း" တဲ့။ နှစ်ဟောင်းတနေနှစ်သစ်ကို ပြောင်းတဲ့သဘောပေါ့။

ဒီတော့ ဒီနှစ်သင်္ကြန်မှာ စိတ်ဓာတ်မေတ္တာနဲ့ရော ရေဓာတ်မေတ္တာနဲ့ပါ နှာမ်ရော ရုပ်ရောပေါင်းစပ်ပြီး ယဉ်ယဉ်ကျေးကျေးနဲ့ သင်္ကြန်ရဲ့အရသာကို ခံစားဖို့ မကောင်းဘူးလားကွ"

"ကောင်းပါတယ် ဘဘ"

အမှတ် (၄)၊ ဧပြီလ၊ ၂၀၁၀ ခုနှစ်

❑



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်အလုပ်ဖြင့် မွေ့လျော်ပါစေ



# ကုသိုလ်အလုပ်ဖြင့် မွေ့လျော်ပါစေ

"ဒီနေ့ လူတွေစုံလှချေလား . . .

မောင်အောင်ဘု"

"စုံပါတယ် . . . ဘဘ"

"အဲ . . . ဟုတ်ပဲ့၊ မောင်သီလတို့ မယဉ်မေတို့လည်း ပါ တယ်။ နောက်ပြီး ပျောက်ချက်သားကောင်းနေတဲ့ မခင်စိန်တို့၊ မဝွက်ထော်တို့လည်း ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ညီကြီးလည်း ပါပါတယ် ဘဘ"

"အဲ . . . ဟုတ်ပါ့ဗျာ။ နို့ . . . မင်းက ဘာလို့နောက်ရောက်နေတာလဲ"

"မမခင်စိန်ကြောက်လို့၊ သူက အခါတွင်းတုန်းက ကျွန်တော့်ကို ဂွက်ထော်နဲ့အတူ ဝိုင်းဖမ်းပြီး အိုးမည်းသုတ်လွှတ်လို့"

"ဟုတ်လား . . . မခင်စိန်"

"ဟုတ်ကဲ့ပါ . . . ဘဘ"

"အေး . . . သင်္ကြန်တစ်နှစ် ပြီးပြန်ပြီ။ သင်္ကြန်တွင်းမှာ အတော်လေးကော ပျော်ခဲ့ကြရဲ့လား"

"ပျော်ပါတယ် . . . ဘဘ"

"ဘာနဲ့ပျော်တာလဲ။ ကုသိုလ်နဲ့လား၊ ရေပက်၊ နပန်းလုံး၊ အိုးမည်းသုတ် စတာတွေနဲ့လား"

"နှစ်မျိုးစလုံးပဲ . . . ဘဘ"

"ဒါဆိုရင် ကုသိုလ်နဲ့ပျော်ခဲ့ပုံလေး မေးရဦးမယ် . . .။ မောင်အောင်ဘုက ပြောပါဦး"

"ကျွန်တော်က ဖေဖေတို့နဲ့အတူ ဘုန်းကြီးကျောင်းမှ ကျောက်ဆင်းတု၊ ကြေးဆင်းတုတွေကို ပင့်ထုတ်ပြီး ရေသပ္ပာယ်၊ နောက် ပန်း၊ ဆီမီး၊ ရေချမ်းတို့ ကပ်လှူခဲ့ပါတယ်"





"ကောင်းပါ့ မောင်အောင်ဘုရယ်။ တို့ ၃၈ ဖြာ မင်္ဂလာမှာ ဘုရားဘာပြောခဲ့လဲ။ ပူဇာစ ပူဇနေယျာနံတဲ့လေ။ ပူဇော်သင့် ပူဇော်ထိုက်သူတွေကို ပူဇော်ရင် ကိုယ့်မှာ မင်္ဂလာဖြစ်ရတယ်တဲ့။

နို့ . . . အဲဒီ ပူဇော်ထိုက်သူဆိုတာကော မင်းတို့သိကြသလား"

"သိပါတယ် . . . ဘဘ။ ဘုရား၊ ပစ္စေကဗုဒ္ဓါတဲ့၊ သံဃာတဲ့၊ မိဘဆရာသမားတဲ့၊ ကိုယ့်ထက်အသက်ကြီးသူတဲ့၊ အစ်ကိုကြီး အစ်မကြီးတဲ့"

"အေး . . . ဟုတ်တယ်၊ အိမ်ထောင်ရက်သားကျသူတွေဆိုရင် ယောက္ခမတွေပေါ့"

"တစ်ခါ ပူဇော်တာကလည်း အဝတ်ပုဆိုး၊ စားဖွယ်၊ သောက်ဖွယ်စတဲ့ လှူစရာတန်းစရာလေးနဲ့ ပူဇော်တာက အာမိသပူဇာတဲ့။ အဆုံးအမအတိုင်း လိုက်နာပြုကျင့်တာကိုတော့ ဓမ္မပူဇာလို့ ခေါ်တာ။

ခုနက မောင်အောင်ဘု ပူဇော်တာက ဘုရားရှင်ကို နှစ်မျိုးစလုံးနဲ့ ပူဇော်တာပဲ။ နို့ပေမယ့် ဆင်းတုလောက်တွင် အာရုံကမရပ်ရဘူး။ ဆင်းတုမှတစ်ဆင့် သက်ရှိဘုရားအထိ ဂုဏ်ကို အာရုံပြုပြီး ပူဇော်ရမှာ၊ ဒါမှ ပူဇော်တာအစစ်ဖြစ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အရှင် ပဒုမုတ္တရ ဘုရားလက်ထက်ကပေါ့။ အမျိုးသမီးလေးတစ်ယောက်ဟာ ဖောဓိပင်အား ဆီမီး ငါး ခွက်နဲ့ အရက်တက်တဲ့အထိ ပူဇော်ခဲ့တယ်။ သူ့စိတ်က သက်ရှိဘုရားကို ပူဇော်တာလို့ ထင်နေတာ။

အဲဒီဘဝကနေ ကမ္ဘာတစ်သိန်းတိုင် အပါယ်မလားဘူး။ နောက်ဆုံး တို့ဘုရားလည်း ပွင့်ရော ပဋ္ဌိဗိပိကာ ထေရီမရယ်လို့ ရဟန္တာမကြီးဖြစ်ကာ ကျွတ်တမ်းဝင်သွားတယ်လေ။ ဆီမီးငါးခွက် လှူတဲ့ ထေရီမလို့ အမိပ္ပာယ်ရတယ်။

ကဲ . . . ဟိုမောင်ညိုကြီးကတော့"

"အမေတို့နဲ့အတူ ဦးလေးဘုန်းကြီးကို သွားရောက်လှူဒါန်းပူဇော်ခဲ့ပါတယ်"

"ဘာတွေနဲ့လဲကွ"

"သင်္ကန်းလည်းပါတယ်။ ဆပ်ပြာမှုန့်ထုပ်ရော၊ မုန့်ထုပ်ရော ပါတယ် . . . ဘဘ"

"အဲဒါက သံဃာကို ပူဇော်တာလို့ ခေါ်ရမယ်။

နို့ပေမယ့် . . . ဦးလေးဘုန်းကြီးလောက်တွင် စိတ်ကရပ်မထားရဘူး။ ဗုဒ္ဓလက်ထက်က ရှင်သာရိပုတ္တရာစတဲ့ သံဃာတွေရော၊ အခုခေတ် သမုတိသံဃာတွေရော လှူတာတ်ရင် စိတ်ညွှတ်ရ





မှာ၊ ဒါမှသံဃာကို လှူရာကျတာ။

ဟို . . . မောင်သီလတို့ကကော . . ."

"မေမေတို့နဲ့အတူ နေ့တိုင်း ဥပုသ်လိုက်စောင့်ပါတယ်"

"ဒါကတော့ ဘုရားစကား နားထောင်တာမို့ မွှေ့စရာပါပဲ။ ၅ ပါး သီလ၊ ၈ ပါးသီလ ခံယူဆောက်တည်တာတို့ ဆိုတာတွေဟာ ဘုရားရှင် အလိုကျတွေကိုး။

မမြင်ဘူးလား။ ဝိပဿီဘုရားလက်ထက်က ကျွန်မလေးတစ်ယောက် ဥပုသ်တစ်ရက်စောင့်တာနဲ့ အပါယ်မလားဘူး တို့ဘုရား လက်ထက်ကျတော့ ရဟန္တာမဖြစ်သွားတယ်။ ကေ့ပေါ်သထဘိက္ခုနီမပေါ့။

အဲ . . . ကျန်တဲ့လူတွေကကော ပြောပါဦး။ မခင်စိန်၊ မဝွက်ထော်တို့ကော . . ."

"မေးမနေပါနဲ့ ဘဘရာ၊ ဘာမှန်းညာမှန်း သိတာတွေမှ မဟုတ်တာ"

"ဟဲ့ . . . ငအောင်ဘု၊ နင့်စကားက ရင့်လှချည်လား။ တို့က အဘွားအုန်းခင်၊ အဘွားဒေါ်ကြော့မှစပြီး အဘွားငါးယောက်ကို ရေချိုး၊ ခေါင်းလျှော်လုပ်ပေးရုံမက၊ ထမင်းလဲ ကျွေးသေးတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဘဘ၊ ဒီကောင်အောင်ဘု ရမ်းရမ်းအုပ်တာ"

"အံမာ . . . ညီကြီးရာ၊ ငါ့အစ်မအကြောင်း ငါသိတယ်။ ငါရေပက်မလို့ ရေပုန်းနဲ့လိုက်တော့ ပြေးလိုက်တာ အမြီးကို တန်းနေရော"

"ဟဲ့ . . . ဒါ ငါ့ကို တိရစ္ဆာန်နဲ့ နှိုင်းတာလား"

"မဟုတ်ပါဘူး။ မြန်မာစကားရှိပါတယ်။ တစ်ချိုးတည်းပြေးတာကို ပြောတာ"

"မင်းတို့ မောင်နှမကဖြင့် စံပဲဟေ့။ တော်လည်းတော် ကြပါတယ်။ မခင်စိန်တို့က သက်ကြီးရွယ်ကြီးတွေကို ပူဇော်တာပဲ"

"အခုလို မင်္ဂလာဖြစ်ထွန်းစေနိုင်တဲ့ ကုသိုလ်ရနိုင်စေတဲ့ အလုပ်မျိုးတွေကို သတိထားပြီး ဉာဏ်နဲ့ဆင်ခြင်ပြီး အသက်ထက်ဆုံး လုပ်သွားရမှာ နော် . . ."

"ဟုတ်ကဲ့ပါ . . . ဘဘ"

အမှတ် (၅)၊ မေလ၊ ၂၀၁၀ ခုနှစ်

❑



www.burmeseclassic.com